# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း (၃)ရက် ၊ သောကြာနေ့ ၊ (20-3-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်

စာမျက်နှာ - ၁၆

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၅၀၆ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံ



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်များအတွက် ဆုကြေးငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ PDF အမည်ခံ အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံ အဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၆ ခုနှစ် မတ် ၂၀ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်အတွက်အား နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ခြင်းသည် အလွန်မွန်မြတ်သည့်အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ အဆိုပါဂုဏ်ယူဖွယ်ကောင်းသည့် အမျိုးသားရေးတာဝန်ကို အသက်အရွယ်အရ အကျုံးဝင်သူများ တာဝန်သိစိတ်ဖြင့် ထမ်းဆောင်ခွင့်ရရှိစေရန်အတွက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အသက်သွင်းခဲ့သည်။ ထို့နောက် ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။

ယခုအခါ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် အဆိုပါပထမဆုံးအသုတ်မှ ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်ကာလပြည့်မြောက်တော့မည်ဖြစ်သဖြင့် မကြာမီအချိန်အတွင်းတွင် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ အိမ်ပြန်ခရီးကို စတင်ကြတော့မည်ဖြစ်သည်။ အိမ်ပြန်ခရီးကို စတင်တော့မည့် တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ၏ စွမ်းဆောင်ချက်များသည် နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါသည့် အလှည့်အပြောင်းတစ်ခုအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သကဲ့သို့ ၎င်းတို့၏ စွန့်လွှတ်ပေးဆပ်မှုနှင့် ရဲရင့်မှုများက "နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ အမြဲတမ်းစစ်မှုထမ်း တပ်မတော်သားတွေသာမက နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တယ်"ဆိုသည့် အနှစ်သာရကို ပီပြင်စွာဖော်ညွှန်းပြသနိုင်ခဲ့ပေသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရေရှည်အတွက်ဆောင်ရွက်ရမည့် ပြည်သူ့စစ်မှုထမ်းဥပဒေကိုကျင့်သုံးခြင်းသည် အလွန်ကောင်းမွန်သည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး သတ်မှတ်အသက်အရွယ်အကျုံးဝင်သူတိုင်းကို တစ်ပြိုင်နက်စစ်မှုထမ်းဆောင်စေခြင်းမျိုးမဟုတ်ဘဲ သတ်မှတ်အရည်အချင်းကိုက်ညီသူများအနက် ကျန်းမာရေးဆေးအဆင့်အောင်မြင်ပြီးသူများကိုသာ ပြည်သူ့စစ်မှုထမ်းအဖြစ် အလှည့်ကျ လစဉ်အင်အားအနည်းငယ်မျှ ခေါ်ယူခြင်းသာဖြစ်သည်။ စနစ်တကျ ရွေးချယ်ထားသည့် နိုင်ငံ့သားကောင်းလူငယ်များကို စစ်မှုထမ်းဆောင်ချိန်တွင် စစ်ရေးအတတ်ပညာများ ကျွမ်းကျင်စေရန်၊ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းရန်နှင့် စိတ်ဓာတ်မှန်ကန်ကောင်းမွန်စေရန်အတွက် တပ်မတော်သင်တန်းကျောင်းအသီးသီးတွင် စနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် ဧပြီလမှစတင်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)ထိပင် ရောက်ရှိခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)ထိ သင်တန်းဆင်းပေးနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါသင်တန်းများမှ မွေးထုတ်ပေးခဲ့သည့် ပြည်သူ့စစ်မှုထမ်းများသည် လူထုလူတန်းစားအသီးသီးနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ကြကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျရာအခန်းကဏ္ဍကနေပြီး တာဝန်သိနိုင်ငံ့သားကောင်းများအဖြစ် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များသင်ကြားခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှု၊ မိမိနိုင်ငံအပေါ်ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်၏စွမ်းအားတောင့်တင်းစေရန်အတွက် နိုင်ငံသားကောင်းပီသစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးတွင် တက်ကြွစွာပါဝင်လျက်ရှိသော နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို ချီးကျူးဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၂၄၁၄ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ကန့်ဘလူ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၂၄၁၄ ဧကထိ နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၇၉၇၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၈၂၄၁၄ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၂ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲ ၉၇၉၇၇ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၈၂၄၁၄ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်း ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဒေးဒရဲ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးကွမ်းရှပ်ခြောက်တွေကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒေးဒရဲမြို့နယ်ကနေ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၆၅၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ကုန် ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့အားတက်နေပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေက ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်"ဟု ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက်ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ စနစ်တကျထုပ်ပိုးသန့်စင်ကာ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စဉ့်ကိုင်မြို့နယ် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထန်းတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၄ ဦးကို ငွေကျပ် ၂၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၂၆ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်ထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လပွတ္တာမြို့နယ် ကမ္ဘာကွင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လပွတ္တာ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကမ္ဘာကွင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ကမ္ဘာကွင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ၁၃၀၉ ပေ၊ အကျယ် လေးပေ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၉ ဒသမ ၈၁ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

**အိုးပိုးပိုး**

# မင်းလှမြို့နယ် အလယ်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မတ် ၁၉**

မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ( VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက အလယ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၃၅ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူသုံးဦးကို သုည ဒသမ ၄၅ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ်ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၂၀၂၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲပုပ် ၂၀၂၁ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲပုပ်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ ပညာပေးတာတွေ၊ လိုအပ်တဲ့ မျိုးစေ့ရရှိဖို့နဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲပုပ်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မလှိုင် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဆည်ကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၂ ဒသမ ၁ သန်းထုတ်ချေးပေးထားပြီး လုပ်ငန်းများလည်း ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ရေမင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ရေမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စိုးစိုးဝေက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလက ရေမင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ရေမင်းဆန်၂၄ပြည်ဝင်အိတ်ရေ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"အိမ်မဲမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လတွင်းမှာ ရေမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိ ရန်ကုန်ဆန်ဈေးကွက်မှာ ရေမင်းဆန်တွေ အဝယ်လိုက်နေပါတယ်။ ရေမင်းစပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် တင်ပို့ရောင်းချနေပါတယ်။ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ရေမင်းဆန်တွေ အရောင်းအဝယ်ကောင်းလာတဲ့အတွက် တောင်သူတွေ၊ ကုန်သည်တွေ၊ ကုန်တင် ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ် အငှားလိုက်သူတွေ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စိုးစိုးဝေက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရေမင်းဆန် တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀ မှ ၈၅၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း၊ အိမ်မဲမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဆန်များ တင်ပို့ရောင်းချလာရသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သမိုင်းနောက်ခံနဲ့ ဇာတိမာန်ထက်သန်စေခဲ့တဲ့ ဂန္ထဝင်စာပေ

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ စာဆိုဗိမာန်အဆောက် အအုံဖွင့်ပွဲအခမ်းအနားကို ၂၀၁၆ ခုနှစ် မတ် ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ စာပေကျေးဇူးအထူးထူးကို ချီးကျူးဂုဏ်ပြု အမွှမ်းတင်သွားခဲ့ကြသည်။ ထိုဗိမာန်တွင် သမိုင်းဝင်မော်ကွန်းတင် စာပေပညာ ရှင်ကြီးများ၏ စာပေများနှင့် ဓာတ်ပုံမှတ်တမ်း များလည်းထားရှိရာ မျိုးဆက်သစ်များအတွက် တန်ဖိုးရှိလှပါပေသည်။

ဤနေရာတွင် စာရေးသူအနေဖြင့် နိုင်ငံနှင့် လူမျိုးအတွက် သမိုင်းနောက်ခံနှင့် ဇာတိမာန် ထက်သန်စေသော စာပေပညာရှင်ကြီးများကို သတိရသွားသည်။

**"သမိုင်းမရှိသော လူ့ဘောင်နှင့် လူ့ဘောင်မရှိ သောသမိုင်းဟူသည် မရှိကြောင်းကို အနုပညာ ပုံသဏ္ဌာန်တစ်ခုအဖြစ် ဝတ္ထုရှည်ပေါ်ထွက်လာပုံက အတည်ပြုသည်။ ဝတ္ထုရှည်သည် လူဆိုသည်ကို သမိုင်းနည်း၊ လူမှုရေးနည်းဖြင့် အနက်ဖွင့်ဆို၍ တင်ပြသည့် ပထမဆုံးအနုပညာဖြစ်သည်"** ဟု **"မိုက်ကယ်ဇီးရပ်ဖ"** (Michel Zenith)က ဖွင့်ဆိုထား ကြောင်း၊ **"ဆရာတက္ကသိုလ်ဘုန်းနိုင်"** က **"ဝတ္ထုရှည် ဟူသောစာတမ်း"** မှာ အတိအလင်းဖော်ပြခဲ့သည်။

ဝတ္ထုရှည်ဇာတ်ကြောင်းသည် သမိုင်းနည်း၊ လူမှုရေးနည်းနှင့်အနက်ဖွင့်ဆိုထားသော လူများ၏ ဇာတ်ကြောင်းများဖြစ်ခဲ့ကြသည်ကို မည်သူမျှ မငြင်း ဆန်နိုင်ခဲ့ကြပေ။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သမိုင်း နောက်ခံဝတ္ထုစာပေများရှိခဲ့ကြသကဲ့သို့ မြန်မာနိုင်ငံ တွင်လည်း သမိုင်းနောက်ခံဝတ္ထုစာပေများ များစွာ ထွန်းကားတိုးပွားလာခဲ့ကြသည်။

"ရတနာကြေးမုံ" "ဣန္ဒာဝုဓ" "ဣန္ဒာဝံသ" "ဝိဇယကာရီ" "မဟာဝင်" စသည့်ဝတ္ထုများ သည် သမိုင်းနောက်ခံ မြန်မာဝတ္ထုရှည်များ၏ မူလ အစဟု သတ်မှတ်ခဲ့ကြသည်။ အင်္ဂလိပ်စာပေ ၌လည်း သမိုင်းနောက်ခံဝတ္ထုရှည် အမှန်တကယ် အစပြုသောကာလမှာ ၁၉ ရာစုအစလောက်က သတ်မှတ်ထားသည်။

သမိုင်းနောက်ခံ မြန်မာဝတ္ထုရှည် ပုံသဏ္ဌာန် ပီပီသသ အစပြုသောကာလမှာ ၂၀ ရာစုအစော ပိုင်းတွင်ဖြစ်သည်ဟု သုတေသီများက ဆိုကြသည်။ ၁၉၁၉ ခုနှစ်တွင် **"လယ်တီပဏ္ဍိတ ဦးမောင်ကြီး"** ရေးသားခဲ့သော **"နတ်ရှင်နောင်"** ဝတ္ထုသည် သမိုင်းနောက်ခံဝတ္ထုဖြစ်ကြောင်း နိဒါန်းတွင် ရေးသားထားသည်။

"တိုင်းသူပြည်သား လူအများတို့အား ရာဇဝင်ကို ဖတ်ချင်စိတ်ပေါ်လာအောင် သွေးဆောင်ဘိသကဲ့သို့ ယခုအခါမှာလည်း မြန်မာရာဇဝင်ကို ဖတ်ချင်စိတ်ပေါ် လာအောင် ဤ **"နတ်ရှင်နောင်"**ဝတ္ထုကို ရေးသားရ ခြင်းဖြစ်လေသတည်း"ဟု ဆရာလယ်တီပဏ္ဍိတ ဦးမောင်ကြီးက ရေးသားထားရာ သိသာမြင်သာ နိုင်ကြသည်။ ဆရာလယ်တီပဏ္ဍိတဦးမောင်ကြီးက **"မြန်မာအမျိုးသား၊ အမျိုးသမီးတို့၏ဇာတိ မာန်နှင့် ပုရာဏ်ကျွမ်းကျင် ရာဇဝင်ပညာများစွာ ပွင့်လန်းရန်အတွက် ရည်ရွယ်ချက်ဖြင့်** ၁၉၂၄- ၁၉၂၈ ခုနှစ်တွင် **"တပင်ရွှေထီး"** ဝတ္ထုကို ထပ်မံ ရေးသားခဲ့သည်။

သမိုင်းနောက်ခံဝတ္ထုများထဲတွင် "တပင်ရွှေထီး" ဝတ္ထုသည် သမိုင်းဝင်စံတင် ဂန္ထဝင်စာပေဖြစ်သည်။ ဟံသာဝတီတွင် စည်းလုံးညီညွတ်မှုပြိုကွဲနေသဖြင့် တပင်ရွှေထီးက အလွယ်တကူ တိုက်ယူနိုင်ခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်မှုမရှိလျှင် ပြင်ပကျူးကျော် မှုကို တွန်းလှန်နိုင်စွမ်းမရှိဟူသော သင်ခန်းစာကိုပေးခဲ့ သည်။ တပင်ရွှေထီးသည် နိုင်ငံခြားသားများနှင့် ဆက်ဆံရာမှစ၍ သေရည်သေရက်သောက်စားလာခဲ့ သည်။ မြန်မာ့အလေ့အထ အယူဝါဒများနှင့်မတူသော ဥရောပတိုက်သားများနှင့် ပေါင်းသင်းခဲ့ရာမှ မိရိုး ဖလာထုံးတမ်းစဉ်လာကို ပစ်ပယ်လာခဲ့ရာ လုပ်ကြံ သတ်ဖြတ်ခြင်းကိုခံခဲ့ရသည်။ တပင်ရွှေထီး၏ကျဆုံး ခန်းသည် အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီး ကြသူများကို သံဝေဂရစေခဲ့သည်။ တပင်ရွှေထီးဝတ္ထု တွင် သစ္စာရှိတာဝန်ကျေပွန်သူ စံအပြုထိုက်ဆုံး ဇာတ်ဆောင်အဖြစ် **"ဘုရင့်နောင်"**ကို အမွှမ်းတင်ထား ရာ အားကျအတုယူစေသည်။

**❖ "တိုင်းသူပြည်သား လူအများတို့အား ရာဇဝင်ကို ဖတ်ချင် စိတ်ပေါ်လာအောင် သွေးဆောင်ဘိသကဲ့သို့ ယခုအခါမှာလည်း မြန်မာရာဇဝင်ကို ဖတ်ချင်စိတ်ပေါ်လာအောင် ဤ"နတ်ရှင်နောင်" ဝတ္ထုကို ရေးသားရခြင်းဖြစ်လေသတည်း"ဟု ဆရာလယ်တီ ပဏ္ဍိတ ဦးမောင်ကြီးက ရေးသားထားရာ သိသာမြင်သာနိုင်ကြ သည်။ ဆရာလယ်တီပဏ္ဍိတဦးမောင်ကြီးက "မြန်မာအမျိုးသား၊ အမျိုးသမီးတို့၏ဇာတိမာန်နှင့် ပုရာဏ်ကျွမ်းကျင် ရာဇဝင်ပညာ များစွာပွင့်လန်းရန်အတွက် ရည်ရွယ်ချက်ဖြင့် ၁၉၂၄- ၁၉၂၈ ခုနှစ် တွင် "တပင်ရွှေထီး"ဝတ္ထုကို ထပ်မံရေးသားခဲ့သည်။ ❖**

သမိုင်းနောက်ခံ မြန်မာဝတ္ထုရှည်များထဲတွင် **"မစ္စတာမောင်မှိုင်း(သခင်ကိုယ်တော်မှိုင်း)၏ "ဓမ္မ စေတီ"**ဝတ္ထုလည်းပါသည်။ ဆရာကြီးသခင်ကိုယ်တော် မှိုင်းသည် ဝတ္ထုအပြင် လေးချိုးကြီးများ ရေးသားခဲ့ရာ တွင် ပထမကျောင်းသားသပိတ်အတွက် **"ထီမထင် ကျောင်းတော်သားတွေရဲ့ အမည်အစဉ် ခေါင်ပေါ် အဖျားတွင်မှမင်းတို့ဆရာကိုစာရင်းတို့ကာထားလိုက် ကြပေတော့**"ဟုလည်းကောင်း၊ ဆရာစံတောင်သူ လယ်သမားအရေးတော်ပုံကြီးအတွက် **"ရဂုံစံချစ်စရာ တပည့်တို့မှာဖြင့် ဉုံအရဟံသစ္စာကတိတွေနဲ့ ဂဠုန် သရဏံ ဂစ္ဆာမိကြပေတော့**"ဟုလည်းကောင်း၊ တို့ဗမာအစည်းအရုံးအတွက် **"တို့ဗမာတစ်ခွင်၊ သခင် အကျော်အမော်ဂိုဏ်းတွင်ဖြင့် ပျို့ရတနာသဘင် အကြင်ဖြပ်ဟွစ်ိုရ် ဇော်ကသိုဏ်းတွေနဲ့ ပလ္လင်ဗဟိုရ် သော် တန်ခိုးပေပ ဓမ္မ့သမိုင်းပျော်စရာ့အခြေ၊ သခင် ကိုယ်တော်မှိုင်းရယ်လို့ လူတိုင်းခေါ်ကြစေ**"ဟုလည်း ကောင်း အမျိုးသားရေး မျိုးချစ်စိတ်ပြန့်ပွားအောင် လှုံ့ဆော်ရေးသားခဲ့သည်။

**"ဆရာကြီးဇေယျ"**ကလည်း အမျိုးသားစိတ် အမျိုးသားမာန် ထက်သန်တက်ကြွစေရေး အတွက် ၁၉၂၁ ခုနှစ်တွင် **"မြတ်လေးရွှေဓားဗိုလ် "** ဝတ္ထုတိုများကို **"ဒဂုန်မဂ္ဂဇင်း"**၌ အခန်းဆက် ရေးသားခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် ပေါင်းချုပ်အဖြစ် ထုတ်ဝေခဲ့သည်။ **"သတင်းစာဆရာ ဦးသိမ်းမောင်"** ကလည်း မြန်မာလူမျိုးများ ဇာတိမာန်တက်ကြွစေ ရေးအတွက် ၁၉၃၁ ခုနှစ်တွင် **"ရဲမြန်မာ"**ဝတ္ထုကို ရေးသားခဲ့သည်။

သမိုင်းနောက်ခံ ဝတ္ထုအများဆုံးရေးသားသူမှာ **"ရွှေစကြာဦးစိုးမြင့်"**ဖြစ်သည်။ သူ၏ **"နာခံတော်"** ဝတ္ထု (၁၉၃၂) သည် နာမည်ကျော်ကြားခဲ့သည်။ ပဒေသရာဇ်တို့၏ စစ်ပွဲများကို ရှုတ်ချထားသည်။ တိုင်းပြည်နှင့်လူမျိုးကို သစ္စာဖောက်သည့် နတ်ရှင် နောင်၏သရုပ်ကို ဖော်ထုတ်ထားသည်။ ဆရာကြီး ရွှေစကြာက **"စစ်ကိုင်းမင်းသား"**(၁၉၃၉) **"အထောက် တော်" "သမားတော်" "လေညင်းဝတ်လုံတော်ရ" "စောဥမ္မာ" "မြဝတီဝန်ကြီးဦးစ" "ရာဇဓာတုကလျာ" "အင်္ဂလိပ်သူလျှို"**စသည့် သမိုင်းနောက်ခံဝတ္ထုများကို ရေးသားခဲ့သည်။

**"ဒဂုန်ခင်ခင်လေး"** ၏ **"ရွှေစွန်ညို"** ဝတ္ထု (၁၉၃၃) လည်း ထင်ရှားခဲ့ရာ **"သားရွှေစွန်ညို" "မြေး စောရန်နိုင်"**ဟူ၍ သားစဉ်မြေးဆက် ဇာတ်ကောင်မွေး ရေးသားခဲ့သည်။ ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ **"စာဆိုတော်"** ဝတ္ထုကလည်း ဂန္ထဝင်စာရင်းဝင်နေခဲ့ သည်။ **"ဆရာကြီးမဟာဆွေ"**၏ **"သူပုန်ကြီး"** (၁၉၃၆) **"စစ်ထွက်သူ"** (၁၉၃၉) ဝတ္ထုများလည်း သမိုင်းနောက်ခံဝတ္ထုများဖြစ်ကြသည်။

ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် သမိုင်းနောက်ခံဝတ္ထုများ ရေးသား နိုင်မှုအားကျဆင်းသွားခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး တွင် **"ဆရာနန္ဒ"**၏ **"သံနှင့်သွေး"** ဝတ္ထု (၁၉၅၁)ခုနှစ် တွင် ထွက်ပေါ်လာခဲ့ရာ သမိုင်းနောက်ခံဝတ္ထုအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ဆရာနန္ဒသည် **"မိုးယံသို့ချီ" "ဒေါင်းလံနီနီ သွေးနီနီ" "ငှါးခြား ငှါးသွေး ငှါ ရောဝတီ"**ဟူသော သမိုင်းနောက်ခံဝတ္ထုများကိုပါ ရေးသားခဲ့သည်။

သည်ဘက်ခေတ်မှာတော့ **"ဆရာတက္ကသိုလ် ဘုန်းနိုင်"**၏ **"သူ့ကျွန်မခံပြီ"** (၁၉၅၉) ဝတ္ထုသည် စံတင်ထိုက်သောဂန္ထဝင်ဝတ္ထုအဖြစ် အမူကွန်းတင်နေ လေပြီ။ **"ဆရာမင်းကျော်"** ၏ **"ပုဂံသားဝတ္ထု"** (၁၉၆၄) **"ဆရာငွေလင်း"**၏ **"ပင်းမြို့သူ"**ဝတ္ထု(၁၉၆၅) **"ဆရာနတ်နွယ်"** ၏ **"မြန်မာပြည်မြောက်ပိုင်း"**ဝတ္ထု **"ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း"**၏ **"နီရဲသော ဗိုလ်ဥတ္တမ"** ဝတ္ထု (၁၉၇၀) **ဆရာနိုင်ဝင်းဆွေ"** ၏ **"မဟူရာမေတ္တာ"** ဝတ္ထု (၁၉၇၀) **"ဆရာချစ်ဦးညို"**၏ **"သုဝဏ္ဏဘုမ္မိငရဲ သုဝဏ္ဏဘုမ္မိနိဗ္ဗာန်"** ဝတ္ထု (၁၉၇၈) များသည် ထင်ရှားသော သမိုင်းနောက်ခံဝတ္ထုများ ဖြစ်ကြသည်။

သမိုင်းနောက်ခံဝတ္ထုရေးသားကြသော စာရေး ဆရာ၊ ဆရာမများသည် (၁) လက်ရှိလူများကို အတိတ်၏ သင်ခန်းစာပေးလိုမှု၊ (၂)လက်ရှိအခြေ အနေကို တိုက်ရိုက်မပြောလိုသဖြင့် အတိတ်အခြေ အနေကို နေယျတ္ထသဘောဖြင့် ဖော်ပြလိုမှု၊ (၃)မျိုးချစ် စိတ်နှင့်ဇာတိမာန်တက်ကြွလိုမှု၊ (၄) သူရဲကောင်း ကိုးကွယ်မှု၊ (၅) မိမိယုံကြည်သည့် လူမှုရေး သို့မဟုတ် နိုင်ငံရေးအမြင်တစ်ရပ်ကို တင်ပြလိုမှု၊ (၆) သမိုင်း ခေတ်ကို စိတ်ပါဝင်စားလိုမှုများကြောင့် ရေးသားခဲ့ကြ ခြင်းဖြစ်သည်။

**"ဆရာဦးသိန်းဖေမြင့်"** ၏ **"သပိတ်မှောက် ကျောင်းသား"** (၁၉၃၈) သည် လွတ်လပ်ရေးစိတ်ဓာတ် တက်ကြွနေကြသော ကျောင်းသားလူငယ်များကို အားပေးလှုံ့ဆော်ထားခြင်းဖြစ်သည်။ ကျွန်ပညာရေး ကို **"ရွှေခွက်ထဲမှာ ထည့်ထားသောအဆိပ်ရည်"**ဟု ဥပမာပေးကာ လွတ်လပ်ရေးအတွက် အသက်ပေး၍ တိုက်ပွဲဝင်ကြရန် တွန်းအားပေးရေးသားထားရာ စံတင်ထိုက်ပါပေသည်။

**"ဆရာလင်းယုန်နီ"** ၏ **"မမြင့်"** (၁၉၅၀)သည် စိတ်ဓာတ်တက်ကြွသောလူငယ်တို့ တော်လှန်ရေး တိုက်ပွဲဝင်ပုံသရုပ်ကို ဖော်ထုတ်ရေးသားခဲ့သည်။ **"ဆရာဘုန်းကြွယ်"** ၏ **"ပြောက်ကျားတပ်သား"** (၁၉၄၅)သည် ပြောက်ကျားစနစ်ဖြင့် ဖက်ဆစ် ဆန့်ကျင်ရေးသရုပ်ကို ဖော်ထုတ်ရေးသားခဲ့သည်။ ကရင်ဗမာသွေးစည်း၍ တော်လှန်ရေးဆင်နွှဲခြင်းကို **"ဆရာ ဦးသိန်းဖေမြင့်** က **"အရှေ့က နေဝန်းထွက် သည့်ပမာ"**ဖြင့် ဖော်ထုတ်ရေးသားခဲ့သည်။ **"ဆရာ စည်သူငွေးမောင်"** ၏ **"တိုက်ပွဲခေါ်သံ"** (၁၉၆၅) **"ဆရာစောဦး"** ၏ **"တစ်မိုးသောက်သော်"** (၁၉၆၂) ဝတ္ထုများသည် အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော မျိုးချစ်လူငယ်များကို ဂုဏ်ပြု အမွှမ်းတင်ထားသော ဝတ္ထုများဖြစ်ကြသည်။

**"ဆရာသာခ"** ၏ **"တပ်ထဲက မြတ်ကိုကို"** (၁၉၅၁)နှင့် **"ဆရာထီလာစစ်သူ"**၏ **"စီးဆင်းရစ် လေဦး ရောဝတီ"**(၁၉၇၈) ဝတ္ထုများသည် တပ်မတော် နှင့်ပြည်သူဆက်ဆံရေးအဖြစ်သနစ် အကောင်းအဆိုး၊ ၁၉၄၉ ခုနှစ် ကျောင်းသားရဲခေါင်တိုက်ပွဲများ၊ ၁၉၅၄- ၁၉၅၅ ဘုရင့်နောင်နှင့်ရန်ကြီးအောင် စစ်ဆင်ရေးများ၊ တပ်မတော်သားတို့၏ လှုံ့လဝီရိယ၊ စွမ်းရည်သတ္တိ၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ကြစေရေး၊ စည်းလုံးညီညွတ်သော နိုင်ငံတော်တည်ဆောက်ကြ စေရေးအတွက် တွန်းအားပေးလှုံ့ဆော်ထားသော ဝတ္ထုများဖြစ်ကြသည်။

ဖက်ဆစ်တော်လှန်ရေး လက်နက်ကိုင် ပြည်သူ့စစ်ပွဲတွင် ပြည်ထောင်စုလူမျိုးများအားလုံး၏ ချစ်ကြည်ရေးအင်အားဖြင့် ပြည်သူလူထုက ရဲဝံ့ပြောင် မြောက်စွာ တိုက်ပွဲဝင်ခဲ့မှုကို **"ဆရာ ရဲဘော်မြ"** က **"ပြည်သူ့ရဲခေါင် ပြောက်ကျား"** (၁၉၇၁) ဝတ္ထုဖြင့် သရုပ်ဖော်ရေးသားခဲ့သည်။ **"ဆရာကျော်အောင်"**၏ **"အရေးကြီးပြီ သွေးစည်းကြစို့"** (၁၉၇၀) **"ဆရာ လင်းယုန်သစ်လွင်"**၏ **"ယိုးဒယားမြန်မာမီးရထား လမ်းကိုယ်တွေ့ ချွေးမှတ်တမ်း"** (၁၉၆၈) **"သေမင်း တမန် လမ်းပေါ်ဝယ်"** (၁၉၆၄) **"ဆရာရောင်နီ"**၏ **"ဆောင်း"** (၁၉၆၂) **"ဆရာမြဝတီ"**၏ **"သွေးချောင်း ကလျှံ"** (၁၉၆၄) **"ဆရာမောင်နေဝင်း"**၏ **"မြေကျွန် သား"** (၁၉၆၄) **"ရေရိုင်းမြေရိုင်း"** (၁၉၆၈) **"ဆရာမင်း ကျော်"**၏ **"အာဠဝက"** (၁၉၆၄) **"ဆရာဆင်ဖြူကျွန်း အောင်သိန်း"** ၏ **"ဂဠုန်ဆရာစံ"** (၁၉၆၅) **"ဆရာ မြသန်းတင့်"**၏ **"လိုက်ခဲ့တော့မြနန္ဒာ"** (၁၉၆၃) **"ဆရာမောင်မောင်ဖြူ"** ၏ **"မရဏမောင်းလော၊ အောင်စည်လော"** (၁၉၇၁) **"ဆရာရဲထွန်းလင်း"**၏ **"အရေးတော်ပုံတပ်သား" "ဆရာရွှေဒုံးဘီအောင်"**၏ **"ပြောက်ကျား" "ဆရာမြဒေါင်းညို"**၏ **"လွတ်လပ်မှ အမျှဝေပါ" "မင်းဆွေ"** ၏ **"ဓား"**၊ **"အချစ်နှင့် တိုင်းပြည်" "ဆရာမောင်ထင်"** ၏ **"ငဘ" "ဆရာ သုခ"** ၏ **"လေဒီဂျစ်" "ဆရာနတ်နွယ်"** ၏ **"အပြာ" "ဆရာနေသွေးနီ"** ၏ **"ထိပ်ထား"** (၁၉၅၅) **"ဆရာမ ကြီး ခင်ဆွေဦး"**၏ **"ဒို့တိုင်းဌာနီ"**(၁၉၆၁) စသည့် ဝတ္ထုများသည် **စာမျက်နှာ ၅ သို့ ➤**

# ၂၀၂၆ ခုနှစ်၊ ၈၁ နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့် လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည် ၃ ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ရေး။

# လေးစားပါသည်တပ်မတော်

- ပြည်အရေးကိုအလေးထား
ပြည့်သွေးသားတို့ ပေါင်းစုပျော်၊
မျိုးချစ်စိတ် မွန်မြတ်ဖြင့်
တို့တပ်မတော်၊
ခေတ်အဆက်ဆက်နော်
နိုင်ငံတော်နှင့် ပြည်သူအတွက်၊
အသက်သွေးချွေး
ပေးဆပ်ကာ ထမ်းရွက်အား
ပြငြြားမပျက်။

- တို့တိုင်းပြည်လွတ်လပ်ရေး
ရယူပေးရုံမကပါ၊
ကြုံဆုံလာပြည်ရန်များကို
ချေမှုန်းထားကာ၊
ပဋိပက္ခ ဆူပူတာ
ကြုံလာလေတိုင်းမှာလည်း၊
နိုင်ငံ့အချုပ်အခြာ
ထိပါးကာယိုင်နဲ့ကင်းအောင်
ဆောင်ကြဉ်းအမြဲ။

- တပ်မတော်စွမ်းဆောင်အား
တော်တည့်ငြား၍သာကွယ်၊
ပြည်ထောင်စုမပြိုကွဲ
ခိုင်မြဲကာရယ်၊
ကမ္ဘာ့အလယ်
တင့်တယ်စွာ ထာဝရ၊
ကိုယ့်လူမျိုး ကိုယ့်ဘာသာ
ကိုယ့်ရိုးရာယဉ်ကျေးမှုဖြင့်
ရပ်တည်ကာနေနိုင်အားကို
ပိုင်စားသည်ပ။

- ထို့ကြောင့်သာပ
ပြည်ရွာလှပသာယာ၊
ဘေးမသန်း အေးချမ်းရေး
ရှေးရှုတွေးကာ၊
လေးချက်သစ္စာ
ဦးထိပ်မှာပန်ဆင်သည့်၊
မွန်မြတ်အစဉ်အလာ
ဆယ့်နှစ်ဖြာဘယ်မယွင်းအောင်
ပြည်ကျိုးဆောင်သည့်တပ်မတော်အား
လေးစားပါ၏။ ။

မနေဒသစ်(ပခုက္ကူ)

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



မုံရွာ မတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နေကြာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၈၄၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၄ သဒမ ၆၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နေကြာ ၇၈၄၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်မည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မာရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ဝ စာမျက်နှာ ၄ မှအဆက်

ဖက်ဆစ်နှင့်နယ်ချဲ့ ဆန့်ကျင်ရေး၊ လွတ်လပ်ရေးကို ထိန်းသိမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံရေး၊ စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ရေး၊ ဖွဲလုံ့လဝီရိယသတ္တိစွမ်းရည်များ ရှိကြစေရေး၊ ဘာသာတရားကို ရိုသေလေးစား လိုက်နာကျင့်ကြံကြစေရေးတည်းဟူသော ဦးတည်ရည်ရွယ်ချက်များနှင့် စေတနာထားကာ ရေးသားခဲ့ကြခြင်းဖြစ်သည်။

တကယ်တော့ "သမိုင်းနောက်ခံနှင့် ဇာတိမာန် ထက်သန်စေခဲ့ကြသော ဂန္ထဝင်စာပေပညာရှင်ကြီးများ" သည် "နလုံးရည်တပ်သား၊ သူရဲကောင်းများ" ဖြစ်ကြသည်။


အဆိုပါနလုံးရည်တပ်သား သူရဲကောင်းကြီးများက သမိုင်းနောက်ခံဖြစ်စဉ်များနှင့် စည်းလုံးညီညွတ်ကြစေရေး၊ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ ထပ်မံမကျရောက်စေရေး၊ လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြစေရေး၊ နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာပေးရေးသားခဲ့ကြရာ တာဝန်ကျေပွန်ခဲ့ကြသည်။

သို့သော် လက်ရှိအခြေအနေမှာ လွတ်လပ်ရေးကို အန္တရာယ်ပေးနိုင်သော ပြည်တွင်းစစ်မီးက ရှိနေသေးရာ ရှက်ဖွယ်ကောင်းလှသည်။ စည်းလုံးညီညွတ်မှုမရှိကြပါက လွတ်လပ်ရေးကို ထိခိုက်မှာ စိုးရိမ်နေကြရသည်။ စာရေးဆရာ၊ ဆရာမကြီးတွေက နလုံးရည်တပ်သားကောင်းပီသစွာ တာဝန်ကျေပွန်ခဲ့ကြသော်လည်း လက်ရုံးရည်သမားတွေက လောဘ၊ ဒေါသ၊ မောဟ၊ မာနမာန၊ အတ္တအစွန်းများစွာဖြင့် အရှက်အကြောက်လောကပါလ တရားနှစ်ပါးမရှိကြတော့ဘဲ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားလှုပ်ရှားရန်ကားနေကြလေရာ နိုင်ငံနှင့်လူမျိုး ရေရှည်မျောမှာကို စိုးကြောက်လှပါသည်။

"ရှက်ကြကြောက်ကြစေချင်စမ်းပါဘိ"

# နိုင်ငံတကာ သတင်းများ

## ဘယ်လာရုစ်သမ္မတနှင့် အမေရိကန်အထူးသံတမန်တို့ တွေ့ဆုံဆွေးနွေး



မင့်စ် မတ် ၁၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးသံတမန် ဂျွန်ကိုးလ်သည် ယနေ့တွင် ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုနှင့် မင့်စ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန် အထူးသံတမန် ဂျွန်ကိုးလ်သည် ဘယ်လာရုစ်ပြည်တွင်း နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေးအတွက် ဘယ်လာရုစ်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းရန် မင့်စ်မြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

အမေရိကန် အထူးသံတမန် ဂျွန်ကိုးလ်ကို ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုက လှိုက်လှဲနွေးထွေးစွာကြိုဆိုခဲ့ကြောင်း ဘယ်လာရုစ်သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

အမေရိကန် အထူးသံတမန် ဂျွန်ကိုးလ်နှင့်တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုသည် ယူကရိန်းပြဿနာနှင့် အီရန်ပြဿနာများကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လူ့အခွင့်အရေးအုပ်စုများက နိုင်ငံရေးအကျဉ်းသားများအဖြစ် သတ်မှတ်ထားသည့် ဘယ်လာရုစ်အကျဉ်းသား ဦးရေ ၁၁၀၀ ကျော် ပြန်လည်လွတ်မြောက်ရေးအတွက် ဘယ်လာရုစ်အစိုးရနှင့်ဆွေးနွေးရန် ဂျွန်ကိုးလ်ကို တာဝန်ပေးထားသည်။

ယခင်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲရလဒ်များအရ ပြီးခဲ့သည့်နှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ဘယ်လာရုစ်နိုင်ငံ၌ နိုင်ငံရေးအကျဉ်းသား အများအပြား ပြန်လည်လွတ်မြောက်ခဲ့ရာ အမေရိကန်နိုင်ငံကလည်း အပြန်အလှန်အနေဖြင့် အရေးယူပိတ်ဆို့မှုများ ပြန်လည် ရုပ်သိမ်းပေးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဖုန်ဂျိုင်ထိုင်းပါတီခေါင်းဆောင် ချန်ဗီရာကူးလ်ကို ဝန်ကြီးချုပ်သစ်အဖြစ် ထိုင်းလွှတ်တော်ထပ်မံရွေးချယ်




ဗန်ကောက် မတ် ၁၉

ယနေ့တွင် ကျင်းပခဲ့သည့် ထိုင်းလွှတ်တော်သစ်အစည်းအဝေး၌ လွှတ်တော်အမတ်များက လက်ရှိဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်ကို ဝန်ကြီးချုပ်သစ်အဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

လက်ရှိဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်ကို ဝန်ကြီးချုပ်သစ်အဖြစ် ထပ်မံရွေးချယ်ခဲ့မှုကြောင့် နိုင်ငံရေး မတည်ငြိမ်မှုများနှင့် ကာလကြာရှည် ရင်ဆိုင်ခဲ့ရသည့် ထိုင်းနိုင်ငံ၌ နိုင်ငံရေးအရ တည်ငြိမ်သော ကာလတစ်ရပ်ပေါ်ထွက်လာနိုင်သည်။

အနူတင်ချန်ဗီရာကူးလ်သည် နှစ် ၂၀ အတွင်း ထိုင်းလွှတ်တော်က ဝန်ကြီးချုပ်အဖြစ် ပြန်လည်မဲပေးရွေးချယ်ခြင်းခံခဲ့ရသော ပထမဆုံး ထိုင်းဝန်ကြီးချုပ်ဖြစ်သည်။

ဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်၏ ဖုန်ဂျိုင်ထိုင်းပါတီသည် ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပခဲ့သည့်ထိုင်းလွှတ်တော်ရွေးကောက်ပွဲ၌ အမတ်နေရာအများဆုံးရရှိထားသည့် ပါတီဖြစ်သည်။

ဖုန်ဂျိုင်ထိုင်းပါတီသည် အမတ်နေရာ တတိယအများဆုံးရရှိထားသော ဖွေထိုင်းပါတီနှင့်ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရဖွဲ့ရန် စီစဉ်ထားသည်။

ဖုန်ဂျိုင်ထိုင်းပါတီနှင့် ဖွေထိုင်းပါတီတို့သည် အမတ်နေရာ ၄၉၉ နေရာရှိသော ထိုင်းလွှတ်တော်၌ အမတ်နေရာ ၂၉၂ နေရာထိရယူထားရာ ယနေ့ လွှတ်တော်မဲခွဲပွဲတွင် ဝန်ကြီးချုပ်ရာထူးရရှိရေးအတွက် လိုအပ်သည့် မဲအရေအတွက်ဖြစ်သည့် ၂၅၁ မဲကို အလွယ်တကူ ရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခများ အဆုံးသတ်ရေး ဆက်လက်ကြားဝင်ကြိုးပမ်းမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးပြောကြား

ပေကျင်း မတ် ၁၉

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် သံတမန်နည်းလမ်းအရ ဆက်လက်ကြားဝင် ကြိုးပမ်းမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီက မတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံဆိုင်ရာ ယူအေအီး အထူးသံတမန် ကယ်လ်ဒွန်အယ်လ်မူဘာရက်ခ်နှင့် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခမှာ မဖြစ်ပွားသင့်သည့် စစ်ရေးပဋိပက္ခဖြစ်သကဲ့သို့ ဆက်လက်ဖြစ်ပွားရန်လည်း အကြောင်းမရှိသည့် စစ်ရေးပဋိပက္ခဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ယူအေအီး အထူးသံတမန်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အီရန်၏ အဓိကမိတ်ဖက်နိုင်ငံဖြစ်ပြီး အမေရိကန်နှင့်အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံအား တိုက်ခိုက်နေမှုများကို ဝေဖန်ထားသည်။

အလားတူ အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့ကို တုံ့ပြန်သည့်အနေဖြင့် ပင်လယ်ကွေ့အာရပ်နိုင်ငံများအား တိုက်ခိုက်နေမှုအတွက်လည်း တရုတ်အစိုးရက အီရန်ကို ဝေဖန်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ပင်လယ်ကွေ့အာရပ်နိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အရှေ့အလယ်ပိုင်း သဘာဝဓာတ်ငွေ့နယ်မြေများကို အီရန်တပ်မတော် ဒုံးကျည်များဖြင့်တိုက်ခိုက်

ရီယာ့ဒ် မတ် ၁၉

အရှေ့အလယ်ပိုင်း ဒေသရှိ အဓိက စွမ်းအင်လုပ်ငန်းများကို အီရန်နိုင်ငံက ယနေ့တွင် ဘလစ်စတစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အီရန်နိုင်ငံ၏ ဆောက်သ်ပါးစ် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးနယ်မြေကို အစ္စရေးနိုင်ငံက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အီရန်က အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၏ စွမ်းအင်လုပ်ငန်းများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ၏ ဆောက်သ်ပါးစ် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုနယ်မြေသည် ကမ္ဘာ့အကြီးဆုံး သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုနယ်မြေဖြစ်သည်။

ဆောက်သ်ပါးစ်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးနယ်မြေ တိုက်ခိုက်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက ကာတာ၊ ဆော်ဒီအာရေဗျ၊ ယူအေအီးနိုင်ငံတို့မှ သဘာဝဓာတ်ငွေ့ နယ်မြေများကို ပြန်လည်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရန်၏ ယနေ့တိုက်ခိုက်မှုများကို ကာတာ၊ ဆော်ဒီအာရေဗျ၊ ယူအေအီးနိုင်ငံတို့က ဝေဖန်ရှုတ်ချထားသည်။

ထို့ပြင် ယနေ့တိုက်ခိုက်မှုများကြောင့် အီရန်နှင့် ဆော်ဒီအာရေဗျတို့ကြား ရှိထားသည့်အပြန်အလှန်ယုံကြည်မှုပြိုကွဲသွားပြီဖြစ်ကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး မင်းသား ဖိုင်ဆယ်ဘင်ဖာဟန်က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## စွမ်းအင်ပြဿနာများကို အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း တရုတ်နိုင်ငံပြောကြား




ပေကျင်း မတ် ၁၉

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကြောင့် ပေါ်ထွက်လာသည့် စွမ်းအင်ပြဿနာများကို ဖြေရှင်းရေးအတွက် အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံအနေဖြင့် အသင့်ရှိကြောင်း တရုတ်အစိုးရက ယနေ့တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အီရန် စစ်ရေးပဋိပက္ခကြောင့် ပေါ်ထွက်လာသည့် စွမ်းအင်ပြဿနာများကို ဖြေရှင်းရာတွင် အရှေ့တောင်အာရှ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း တရုတ်နိုင်ငံကထုတ်ဖော်ပြောကြားလာမှုကြောင့် အရှေ့တောင်အာရှ ရေနံတင်သွင်းသူနိုင်ငံများအတွက် စိတ်သက်သာရာရသွားနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ယခုလ အစောပိုင်းကမှ တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခများကို အကြောင်းပြု၍ ဒီဇယ်၊ ဓာတ်ဆီ၊ ဂျက်လေယာဉ်ဆီများ ပြည်ပတင်ပို့မှုကို ပိတ်ပင်ခဲ့သည်။

တရုတ်အစိုးရ၏ ထိုသို့ပိတ်ပင်ချက်ကြောင့် တရုတ်နိုင်ငံ၏ မဟာဗျူဟာမိတ်ဖက် အရှေ့တောင်အာရှနိုင်ငံအချို့တို့တွင် လောင်စာဆီရှားပါးမှုနှင့် စွမ်းအင်ဈေးနှုန်းမြင့်တက်မှုပြဿနာများ ပေါ်ထွက်လာခဲ့သည်။

သို့ရာတွင် တရုတ်နိုင်ငံအနေဖြင့် အီရန်စစ်ရေးပဋိပက္ခကြောင့် ပေါ်ထွက်လာသည့် စွမ်းအင်ပြဿနာများကို အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးတွဲဖြေရှင်းရန် တရုတ်နိုင်ငံအနေဖြင့် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ကျိယန်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားထားသည်။


ထို့ပြင် အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်မှုပျက်ပြားနေမှုကြောင့် ကမ္ဘာ့စီးပွားရေးအပေါ် ဆိုးကျိုးပြင်းထန်စွာ သက်ရောက်မည့် အရေးကို ရှောင်ရှားရေးအတွက် စစ်ရေးအရ တိုက်ခိုက်မှုရပ်ဆိုင်းကြရန်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ကြက်ဥပုပ်၏အနံ့မျိုးထွက်နေနိုင်သည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်တစ်စင်းကို သိပ္ပံပညာရှင်များ တွေ့ရှိ



ဝါရှင်တန် မတ် ၁၉

ကြက်ဥပုပ်အနံ့မျိုးထွက်နေနိုင်သည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၁၈ ရက်သတင်းများအရသိရသည်။

L 98-59 d အမည်ရှိ အဆိုပါဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယို တယ်လီစကုပ် အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

L 98-59 d ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၃၅ နှစ်အကွာရှိ အနီရောင် ကြယ်ငယ်တစ်စင်းကို ဗဟိုပြု လှည့်ပတ်နေကြောင်း ဖြတ်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယို တယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ L 98-59 d ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေအရွယ်အစားထက် ၁ ဒသမ ၆ ဆ ပိုကြီးမားပြီး သိပ်သည်းဆအလွန်တရာနည်းပါးကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ၎င်းဂြိုဟ်၏လေထုလွှာကို ကြက်ဥပုပ်နံ့ထုတ်တတ်သည့် ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်ဓာတုဒြပ်ပေါင်း တစ်မျိုးဖြင့် ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သည် မြေအောက်ချော်ကန်များ ပိုင်ဆိုင်ထားမှုကြောင့် ၎င်းဂြိုဟ်အနေဖြင့် ဟိုက်ဒရိုဂျင်နှင့် ဆာလ်ဖာကြွယ်ဝသည့်လေထုလွှာကို နှစ်သန်းပေါင်း ထောင်နှင့်ချီ၍ ထိန်းထားနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တုလွှတ်တင်မှု ၁၀၀၄၉ စင်းထိရှိလာ

ဝါရှင်တန် မတ် ၁၉

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုအုပ်စုကို လွှတ်တင်ခဲ့ရာ မတ် ၁၈ ရက်ထိ ၁၀၀၄၉ စင်းရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါစတားလင့်ခ် ဂြိုဟ်တု ၂၅ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်ကြာ ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အထက်ပါ မစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် ဂြိုဟ်တုကွန်ရက်၌ ဂြိုဟ်တုစင်ရေ ၁၀၀၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်သည်။



ထို့ပြင် စပေ့စ်အိတ်ကုမ္ပဏီသည် မတ် ၁၈ ရက်မှာပင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းထိ ထပ်မံလွှတ်တင်ခဲ့ကြောင်း သိရသည်။

မတ် ၁၈ ရက် စတားလင့်ခ် မစ်ရှင်နှစ်ခုကြောင့် စပေ့စ်အိတ်၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၏ စုစုပေါင်းဂြိုဟ်တုစင်ရေ ၁၀၀၄၉ စင်းထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရီယိုဂူးဂြိုဟ်သိမ်ကျောက်သားနမူနာများထဲတွင် ဒီအင်န်အေ၏အခြေခံမော်လီကျူး ငါးမျိုးအထိပါဝင်

တိုကျို မတ် ၁၉

ဂျပန်အာကာသအေဂျင်စီ၏ ဟာယာဘူဆာ-၂ အာကာသယာဉ်က ရယူပေးထားသည့် ရီယိုဂူးဂြိုဟ်သိမ်ကျောက်သားနမူနာများထဲတွင် မျိုးဗီဇအခြေခံမော်လီကျူး (ဒီအင်န်အေ)၏ အဓိကဇီဝအခြေခံ ပစ္စည်းငါးမျိုးထိရှိနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဂျပန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရီယိုဂူးဂြိုဟ်သိမ်ကျောက်သားနမူနာများထဲတွင် Adenine၊ Guanine၊ Cytosine၊ Thymine နှင့် Uracil အမည်ရှိ မော်လီကျူးငါးမျိုးပါဝင်နေကြောင်း သိရသည်။

အဆိုပါ မော်လီကျူးများသည် သက်ရှိအားလုံး၏ အခြေခံဖြစ်သည့် ဒီအင်န်အေများ တည်ဆောက်ရာတွင် အဓိကနေရာမှ ပါဝင်သည့် မော်လီကျူးများဖြစ်ကြသည်။

ရီယိုဂူးဂြိုဟ်သိမ်ကျောက်သားနမူနာများထဲမှ အထက်ပါမော်လီကျူးအထောက်အထားအရ ၎င်းမော်လီကျူးများမှာ သက်ရှိများမပါဘဲ ပေါ်ထွက်လာနိုင်သည့် သဘောတွေ့ရှိရကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ရီယိုဂူးဂြိုဟ်သိမ်သည် စတင်ပေါ်ထွက်ကာစ နေ၏ဝန်းကျင်၌ ဂြိုဟ်များ စတင်ဖွဲ့စည်းတည်ဆောက်နေချိန် လွန်ခဲ့သည့်နှစ်ပေါင်း ၄ ဒသမ ၆ ဘီလီယံကပင်ရှိခဲ့သောဂြိုဟ်သိမ်ဖြစ်သည်။

ဂျပန်အာကာသအေဂျင်စီ၏ ဟာယာဘူဆာ-၂ အာကာသယာဉ်သည် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြားကာလများတွင် ရီယိုဂူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို ရယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် ကမ္ဘာပေါ်သို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## တစ်ရက်လျှင် နွားနို့တစ်ခွက်သောက်သုံးပါက လေဖြတ်နိုင်ခြေကို ၁၀ ရာခိုင်နှုန်းလျှော့ချနိုင်

တိုကျို မတ် ၁၉

တစ်ရက်လျှင် နွားနို့တစ်ခွက် သောက်သုံးခြင်းဖြင့် လေဖြတ်နိုင်ခြေကို ၁၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ မတ် ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျပန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်လျှင် နွားနို့ ဂရမ် ၁၈၀ ပုံမှန်သောက်သုံးခြင်းဖြင့် အသက် ၃၀ နှင့် ၇၉ နှစ်ကြားရှိသူများ၌ လေဖြတ်နိုင်ခြေ ပုံမှန်ထက် ၁၀ ရာခိုင်နှုန်းကျဆင်းနေတတ်ကြောင်း သိရသည်။

ကယ်လ်စီယမ်၊ ပိုတက်စီယမ်နှင့် မဂ္ဂနီစီယမ်အပါအဝင် နွားနို့တွင် ပါဝင်သည့် အဓိကအာဟာရဓာတ်များကြောင့် နွားနို့သောက်သုံးခြင်းဖြင့် လေဖြတ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သိရသည်။

နွားနို့၌ပါဝင်သည့် အထက်ပါ အာဟာရဓာတ်များသည် သွေးကြောများကို ပြေလျော့စေခြင်းဖြင့် သွေးဖိအားကို ထိန်းပေးနိုင်ပြီး သွေးလည်ပတ်စီးဆင်းမှုကိုလည်း ပိုမိုကောင်းမွန်စေနိုင်ကြောင်း သိရသည်။

လာမည့် ၁၀ နှစ်အတွင်း ဂျပန်နိုင်ငံ၌ လေဖြတ်မှုပေါင်း ၁၂ ဒသမ ၇၆ သန်းခန့်နှင့် လေဖြတ်မှုကြောင့် သေဆုံးသူ ၆၇၀၀၀ ထိရှိနိုင်ကြောင်း၊ သို့ရာတွင် ဂျပန်ပြည်သူများကြား နွားနို့သောက်သုံးမှုမြှင့်တင်ခဲ့ပါက အထက်ပါကာလအပိုင်းအခြားအတွင်း လေဖြတ်မှု ၁၂၆၁၈ မှုနှင့် လေဖြတ်မှုကြောင့် အသက်ဆုံးပါးနိုင်မှု ၁၈၇၂ မှုတို့ကို တားဆီးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေကို မက်ဖော်မင်ဆေးက လျှော့ချနိုင်

ကင်ဘာရာ မတ် ၁၉

ဆီးချိုရောဂါလူနာသန်းပေါင်းများစွာတို့ သုံးစွဲနေကြသည့် မက်ဖော်မင်ဆေးသည် ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ မတ် ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မက်ဖော်မင်ဆေးသည် ကင်ဆာဆန့်ကျင်ရေး ဂုဏ်သတ္တိများပိုင်ဆိုင်ထားပြီး ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းကျော်ထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် အမျိုးသား ၆၅၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မက်ဖော်မင်ဆေး ပုံမှန်သုံးစွဲနေကြရသည့် အမျိုးသားများသည် မက်ဖော်မင်ဆေးမသုံးစွဲသူများနှင့်နှိုင်းယှဉ်ပါက ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ ၃၅ ရာခိုင်နှုန်းထိ ပို၍နည်းပါးသည်ကို တွေ့ရကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါရလဒ်ကို ကျယ်ပြန့်သည့် လက်တွေ့စမ်းသပ်မှုများဖြင့် အတည်ပြုနိုင်ခဲ့ပါက မက်ဖော်မင်ဆေးကို ဆီးကျိတ်ကင်ဆာရောဂါ ကာကွယ်ရေးဆေးတစ်မျိုးအဖြစ် အသုံးချ၍ ရလာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့် လေးပွဲဆက်အနိုင်ရသည့်ပထမဆုံးနည်းပြအဖြစ် အာဘီလိုအာ မှတ်တမ်းဝင်




**မက်ဒရစ် မတ် ၁၉**

ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်း ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ်ကစားခဲ့သည့် မန်စီးတီး အသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းတို့ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက်တွင် ရှုံးထွက်အဆင့်ပွဲစဉ် လေးပွဲဆက်အနိုင်ရခဲ့သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက် က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းက နည်းပြအလွန်ဆိုကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီအကုန်ထိ ယာယီနည်းပြအဖြစ် အာဘီလိုအာကို ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းလက်အောက်တွင် ရီးရဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ရလဒ်ကောင်းများ ရယူနိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့် ပထမအကျော့အိမ်ကွင်းပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင်လည်း နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီးနောက် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး တစ်ဂိုးဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ နည်းပြအာဘီလိုအာ လက်အောက်တွင် ရီးရဲလ်မက်ဒရစ်အသင်းသည် Play-off ရှုံးထွက်အဆင့်ကစားခဲ့သည့် ဘင်ဖီကာအသင်းနှင့် ပထမအကျော့ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဒုတိယအကျော့တွင်လည်း နှစ်ဂိုး တစ်ဂိုးဖြင့် ထပ်မံအနိုင်ရခဲ့သည့်အတွက် နည်းပြအာဘီလိုအာသည် အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲရှုံးထွက်အဆင့်ပွဲစဉ်များ၌ လေးပွဲဆက်အနိုင်ရခဲ့သည့် ပထမဆုံးနည်းပြဖြစ်လာခဲ့သည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းကို နည်းပြအာဘီလိုအာ တာဝန်ယူကိုင်တွယ်ပြီးနောက်ပိုင်း ပြိုင်ပွဲစုံ ၁၆ ပွဲတွင် ၁၂ ပွဲအနိုင်၊ လေးပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်ပေးထားကြောင်း သိရသည်။

**Ref : One Football**
**Trs : STA**

# ပီအက်စ်ဂျီအသင်းမှ ဘာကိုလာ ခြေချင်းဝတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်

**ပဲရစ် မတ် ၁၉**

ပီအက်စ်ဂျီအသင်းက ချဲလ်ဆီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့်တွင် ဘာကိုလာသည် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပြီးနောက် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သည့်အတွက် ကာလရှည် အနားယူရမည်ဖြစ်ကြောင်း ESPN သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာကိုလာသည် ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ရာ ပထမပိုင်းပွဲချိန် ၁၅ မိနစ်တွင် အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ဒုတိယပိုင်း ပွဲချိန် ၅၉ မိနစ်တွင် ခြေချင်းဝတ်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့မှုကြောင့် အသင်းဖော်ကစားသမားဒူအီနှင့် လူစားလဲခဲ့ရပြီး ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

လက်ရှိတွင် ဘာကိုလာ၏ ဒဏ်ရာအခြေအနေမှာ အရွတ်ထိခိုက်မှု ရှိနေသောကြောင့် မည့်သည့်ကာလမှ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ကို ဆေးအဖွဲ့က အတိအကျထုတ်ပြန်နိုင်ခြင်းမရှိသေးဘဲ ကာလရှည်အနားယူရမည်ဖြစ်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဘာကိုလာသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် လာမည့်ဧပြီလတွင်ကစားရမည့် လီဗာပူးအသင်းနှင့် ပွဲစဉ်အပါအဝင် ယခုလအတွင်း ပြင်သစ်လက်ရွေးစင် အသင်းနှင့် ကစားရမည့် ဘရာဇီးအသင်း၊ ကိုလံဘီယာအသင်းတို့နှင့် ခြေစမ်းပွဲစဉ်တို့ကိုလည်း လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**




# ဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝမ်ဒေါစကီးက လုပ်ခလစာလျှော့ချပြီး အသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်

**ဘာစီလိုနာ မတ် ၁၉**

ဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝမ်ဒေါစကီးက အသင်းမှထွက်ခွာမည်မဟုတ်ဘဲ လုပ်ခလစာလျှော့ချပြီး သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန်အတွက်သာ ဆုံးဖြတ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ လီဝမ်ဒေါစကီးသည် ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသထားကာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အစောပိုင်းက လီဝမ်ဒေါစကီးသည် အသင်းနှင့်သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် မရေမရာဖြစ်နေသော်လည်း ပြီးခဲ့သည့်ရက်ပိုင်းက ဘာစီလိုနာအသင်း၏ အသင်းဥက္ကဋ္ဌသစ် ရွေးကောက်ပွဲတွင် လက်ရှိအသင်းဥက္ကဋ္ဌ လာပေါ်တာ ပြန်လည်အနိုင်ရရှိခဲ့ပြီးနောက်ထပ်ဆက်လက် တာဝန်ထမ်းဆောင်မည်ဖြစ်သည့်အတွက် လီဝမ်ဒေါစကီးကလည်း လာပေါ်တာနှင့် ဆက်ဆံရေးကောင်းမွန်သဖြင့် အသင်းနှင့်စာချုပ်သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုပြီး ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါစကီးသည် အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ၃၆ ပွဲတွင် သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# ဘိုင်ယန်မြူးနစ်အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံးကစားသမားအဖြစ် ပါဗစ်မှတ်တမ်းဝင်

**ဘာလင် မတ် ၁၉**

ဘိုင်ယန်မြူးနစ် အသင်း လူငယ်ကစားသမား ပါဗစ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတ္တလန်တာ အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းက အတ္တလန်တာအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပါဗစ်သည် ပွဲချိန် ၇၂ မိနစ်၌ လူစားဝင်ပါဝင်ကစားခဲ့ပြီးနောက် အသင်းသမိုင်း တစ်လျှောက် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ပါဗစ်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတ္တလန်တာအသင်းတို့ပွဲစဉ်တွင် ၎င်း၏အသက်မှာ ၁၆ နှစ်သာရှိသေးသည့်အတွက် အသင်းမှ ဝေါလ်ဝန်နာ၏စံချိန်ကို ကျော်ဖြတ်ပြီး မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ပါဗစ်သည် ဘိုင်ယန်မြူးနစ်ယူ-၁၇ အသင်းတွင်ကစားနေသူဖြစ်ပြီး နည်းပြကွန်ပနီ၏ယုံကြည်မှုနှင့်အတူ အသင်းထံပူးပေါင်းခွင့်ရရှိခဲ့ကာ အတ္တလန်တာအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# နယူးကာဆယ်အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့်တွင် တစ်ပွဲတည်း သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် အီလန်ဂါ မှတ်တမ်းဝင်

**လန်ဒန် မတ် ၁၉**

နယူးကာဆယ် အသင်း တိုက်စစ်ကစားသမား အီလန်ဂါသည် အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်း ရှုံးထွက်အဆင့်တွင် တစ်ပွဲတည်း သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အီလန်ဂါသည် ယခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှစတင်ပြီး (၁၆)သင်းရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်ထိ ကိုးပွဲကစားခဲ့ရာ တစ်ဂိုးမျှ သွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်း ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၁၅ မိနစ်နှင့် ၂၈ မိနစ်တို့တွင် အသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ရှုံးထွက်အဆင့်တွင် တစ်ပွဲတည်း နှစ်ဂိုးသွင်းယူခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။




အဆိုပါပွဲစဉ်တွင် အီလန်ဂါသည် အသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့သော်လည်း နယူးကာဆယ်အသင်းအနေဖြင့် ဘာစီလိုနာအသင်းအိမ်ကွင်းတွင် ခုနစ်ဂိုး နှစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် (၁၆)သင်းရှုံးထွက်အဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# Miami Open တင်းနစ်ပြိုင်ပွဲတွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာတို့ ပါဝင်ယှဉ်ပြိုင်မည်



**မီယာမီ မတ် ၁၉**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့တွင်ကျင်းပမည့် Miami Open တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ကမ္ဘာ့အဆင့်(၂) အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာတို့ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ATP သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာကို ကာကွယ်နိုင်ရေးအတွက် အောင်မြင်မှုရရှိရန် ပစ်မှတ်ထားနေသည့် အယ်ကာရက်ဇ်နှင့် ကမ္ဘာ့အဆင့်(၁) နေရာကို ပြန်လည်ရယူနိုင်ရေးအတွက် ပစ်မှတ်ထားနေသည့် ဂျန်နစ်ခ်ဆင်နာတို့ကြား အပြိုင်အဆိုင်ဖြစ်နေသည့်အတွက် ၎င်းတို့အနေဖြင့် အကောင်းဆုံးပြင်ဆင်နေကြကြောင်း သိရသည်။

ဂျန်နစ်ခ်ဆင်နာသည် ပြီးခဲ့သောရက်ပိုင်းက ကျင်းပခဲ့သည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်ပြီး အယ်ကာရက်ဇ်က ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။

Miami Open တင်းနစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီက "Miami Open တင်းနစ်ပြိုင်ပွဲမှာ စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နဲ့ အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာတို့ နှစ်ဦးစလုံး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ နှစ်ဦးစလုံး ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရမှာဖြစ်ပါတယ်။ နှစ်ဦးစလုံးကို Miami Open တင်းနစ်ပြိုင်ပွဲက ကြိုဆိုပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : ATP

Trs : AZL

# ဒဏ်ရာမှပြန်လည်သက်သာလာခဲ့သည့် လီဗာပူးအသင်းမှ အီဆက် အပေါ့စားလေ့ကျင့်ခန်းများ လုပ်ဆောင်နေပြီး အသင်းအတွက် မကြာမီပြန်လည်ကစားပေးနိုင်မည်

**လန်ဒန် မတ် ၁၉**

ဒဏ်ရာကြောင့် ကာလရှည် အနားယူနေခဲ့ရသည့် လီဗာပူးအသင်းမှ တိုက်စစ်မှူး အီဆက်သည် ဒဏ်ရာမှပြန်လည်သက်သာလာခဲ့ပြီးနောက် အပေါ့စားလေ့ကျင့်ခန်းများ စတင်လုပ်ဆောင်နေပြီး မကြာမီ အသင်းအတွက်ပြန်လည်ကစားပေးနိုင်မည် ဖြစ်ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ အီဆက်သည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက နယူးကာဆယ်အသင်းမှ လီဗာပူးအသင်းထံ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၂၀ ဖြင့်ပြောင်းရွှေ့ခဲ့ပြီး အသင်းတွင် ပွဲစဉ်အနည်းငယ်သာပါဝင်ကစားနိုင်ခဲ့ကာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က စပါးအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ခြေထောက်ကျိုးဒဏ်ရာ ရရှိခဲ့ပြီးနောက် ကာလရှည် အနားယူနေခဲ့သူဖြစ်သည်။

ယခုအခါ အီဆက်သည် ဒဏ်ရာမှာပြန်လည်သက်သာလာခဲ့သည့်အတွက် တစ်ဦးတည်း အပေါ့စားလေ့ကျင့်ခန်းများ စတင်လုပ်ဆောင်နိုင်ပြီဖြစ်ပြီး မကြာမီ အသင်းနှင့် ပြန်လည်ပူးပေါင်းကာ အသင်းလိုက် လေ့ကျင့်ခန်းများ စတင်လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် လာမည့်ဧပြီလအတွင်း အသင်းအတွက် ပြန်လည်ကစားပေးနိုင်မည်ဖြစ်သည်။

အီဆက်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၆ ပွဲသာပါဝင်ထားပြီး သုံးဂိုးသာသွင်းယူခဲ့သည့်ထိ ရုန်းကန်နေရကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# နယူးကာဆယ်အသင်းမှ ဂူမာရေ့စ်ကို စတာလင်ပေါင် ၆၉ သန်းဖြင့် ခေါ်ယူနိုင်ရန် မန်ယူအသင်းကြိုးပမ်း

**မန်ချက်စတာ မတ် ၁၉**

မန်ယူအသင်းသည် ယခုနှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ကက်စ်မဲရိုးနေရာတွင် အစားထိုးရန် နယူးကာဆယ်အသင်းမှ ဂူမာရေ့စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၉ သန်းဖြင့် ခေါ်ယူနိုင်ရန် ကြိုးပမ်းမှုများပြုလုပ်နေကြောင်း Manchester News သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



လက်ရှိတွင် ဂူမာရေ့စ်ကို စပိန်လာလီဂါထိပ်သီးအသင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းကလည်း စိတ်ဝင်စားနေသောကြောင့် မန်ယူအသင်းအနေဖြင့် ပရီးမီးယားလိဂ် အတွေ့အကြုံကောင်းများရှိသည့် ဂူမာရေ့စ်ကို ခေါ်ယူနိုင်ရေးအတွက် နယူးကာဆယ်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ကက်စ်မဲရိုးနေရာတွင် အစားထိုးနိုင်မည့် ကွင်းလယ်ကစားသမား အများအပြားကို ရွေးချယ်ထားသော်လည်း ဂူမာရေ့စ်သည် အသင်းအတွက် ပြည့်စုံသည့်ကစားသမားတစ်ဦးဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက မှတ်ချက်ပြုထားပြီး လက်ဦးမှုရယူရန် ကနဦးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

မန်ယူအသင်းသည် နည်းပြကာရစ်ကို ခန့်အပ်ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ကိုးပွဲတွင် ခုနစ်ပွဲထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ခဲ့သဖြင့် လာမည့်နှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိရန် မျှော်လင့်ထားသောကြောင့် ကစားသမားသစ်များ ထပ်မံဖြည့်တင်း၍ အောင်မြင်မှုရရှိရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Manchester News

Trs : ML

## ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၁) ပွဲကြိုသုံးသပ်ချက်

**ဘုန်းမောက် Vs မန်ယူ**

ကစားမည့်ရက်/အချိန် ၂၀-၃-၂၀၂၆ (နံနက် ၀၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မန်ယူ ၄ - ၄ ဘုန်းမောက်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဘုန်းမောက် - အိမ်(သရေ) အိမ်(သရေ) ဝေး(သရေ)

မန်ယူ - အိမ်(နိုင်) ဝေး(ရှုံး) အိမ်(နိုင်)

နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ဘုန်းမောက်အသင်းရဲ့ခြေစွမ်းပိုင်းက ကျဆင်းနေပါတယ်။ မန်ယူအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆက်တိုက်ကောင်းမွန်နေပြီး ခြေစွမ်းပိုင်းကလဲ အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒါ့ကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မန်ယူအသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- ဘုန်းမောက် ၁ - ၂ မန်ယူ

## စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၂၉) ပွဲကြိုသုံးသပ်ချက်

**ဗီလာရီးရဲလ် Vs ဆိုစီဒက်**

ကစားမည့်ရက်/အချိန် ၂၀-၃-၂၀၂၆ (နံနက် ၀၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆိုစီဒက် ၂ - ၃ ဗီလာရီးရဲလ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဗီလာရီးရဲလ် - ဝေး(ရှုံး) အိမ်(နိုင်) ဝေး(သရေ)

ဆိုစီဒက် - အိမ်(နိုင်) ဝေး(ရှုံး) အိမ်(နိုင်)

ဗီလာရီးရဲလ်အသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ ရမှတ်လိုအပ်ချက်ရှိနေလို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်သလို အိမ်ကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုရှိပါတယ်။ ဆိုစီဒက်အသင်းကတော့ အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါ့ကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဗီလာရီးရဲလ်အသင်းပဲအနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- ဗီလာရီးရဲလ် ၃ - ၁ ဆိုစီဒက်

## ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ ပွဲစဉ်(၂၇) ပွဲကြိုသုံးသပ်ချက်

**လိုက်ပ်ဇစ် Vs ဟော်ဖန်ဟိုင်း**

ကစားမည့်ရက်/အချိန် ၂၀-၃-၂၀၂၆ (နံနက် ၀၂:၀၀ နာရီ)

ပထမအကြော့ရလဒ်

ဟော်ဖန်ဟိုင်း ၃ - ၁ လိုက်ပ်ဇစ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

လိုက်ပ်ဇစ် - ဝေး(နိုင်) အိမ်(နိုင်) ဝေး(ရှုံး)

ဟော်ဖန်ဟိုင်း - အိမ်(ရှုံး) ဝေး(နိုင်) အိမ်(သရေ)

ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးပွဲကြုံခဲ့ပြီး ရမှတ်ဆုံးရှုံးခဲ့ရတဲ့ လိုက်ပ်ဇစ်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ ရမှတ်ပြည့်ရရှိဖို့အမှားခံမှာမဟုတ်ပါဘူး။ ဟော်ဖန်ဟိုင်းအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာရလဒ်တွေ မတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရသလို အခုပွဲအဝေးကွင်းပွဲစဉ်မှာလဲ ရုန်းကန်ရမှာပါ။ ဒါ့ကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လိုက်ပ်ဇစ်အသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ်- လိုက်ပ်ဇစ် ၂ - ၁ ဟော်ဖန်ဟိုင်း

## ပြင်သစ်လီဂူးပြိုင်ပွဲ ပွဲစဉ်(၂၇) ပွဲကြိုသုံးသပ်ချက်

**လန်း Vs အန်ဂါ**

ကစားမည့်ရက်/အချိန် ၂၀-၃-၂၀၂၆ (နံနက် ၀၂:၁၅ နာရီ)

ပထမအကြော့ရလဒ်

အန်ဂါ ၁ - ၂ လန်း

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

လန်း - ဝေး(သရေ) အိမ်(နိုင်) ဝေး(ရှုံး)

အန်ဂါ - ဝေး(ရှုံး) ဝေး(နိုင်) အိမ်(ရှုံး)

ချန်ပီယံဆုအတွက် ပီအက်စ်ဂျီအသင်းကိုဖိအားပေးနေတဲ့ လန်းအသင်းဟာ အိမ်ကွင်းမှာရမှတ်ပြည့်ရရှိဖို့အကောင်းဆုံးပြင်ဆင်လာမှာပါ။ လက်ရှိ အန်ဂါအသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုအားနည်းနေပြီး ရုန်းကန်နေရပါတယ်။ ဒါ့ကြောင့် ခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်ပါရှိနေတဲ့ လန်းအသင်းပဲအနိုင်သုံးမှတ်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- လန်း ၂ - ၀ အန်ဂါ

ခရီးသွားဆောင်းပါး

# နေအထွက်ရေအတက် စောစောရောက်လာချောင်းဝရွာ

သက်နိုင်(ပြင်ဦးလွင်)

မောင်နှမတွေ စုပေါင်းထွက်လာခဲ့ကြတဲ့ ခရီးစဉ်မှာ ပုသိမ်မြို့ကို ဖြတ်ကျော်လာခဲ့ပြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းက မယ်လခဲရွာကနေတစ်ဆင့် ကနုကမာဆိုတဲ့ရွာရှိရာကို စက်လှေတစ်စီးနဲ့သွားနေကြပါပြီ။ အချိန်က ညနေ ၄ နာရီကျော်သာ ရှိနေပါသေးတယ်။ မယ်လခဲရွာနဲ့ကနုကမာရွာက ခရီးမိုင်ဝေးကွာခြင်းမရှိတာကြောင့် မကြာခင် မိနစ်ပိုင်းအတွင်း ကနုကမာရွာကို ရောက်ရှိကြမှာပါ။ ဒီရွာလေးကို လွန်ခဲ့တဲ့ခုနစ်နှစ်အချိန်ကာလက ခရီးစဉ်တစ်ခုမှာရောက်ဖူးပါတယ်။ ကားလမ်းမရှိ၊ လှည်းလမ်းမရှိ၊ ဆိုင်ကယ်လမ်းမရှိ၊ ကုန်းလမ်းဆိုလို့ ဘာဆိုဘာမှမရှိဘဲ ရေကြောင်းလမ်းတစ်ခုသာရှိနေသလို မြစ်တွေ၊ ချောင်းတွေ၊ မြောင်းတွေအတွင်းကနေ စက်လှေနဲ့ သွားနေရတဲ့မြင်ကွင်းကလဲ ဝဲယာတစ်လျှောက်မှာ ဓနိပင်တန်းတွေ၊ ခြေတံရှည်အိမ်လေးတွေ၊ ငါးဖမ်းလှေအမျိုးမျိုးတွေနဲ့ တခြားဘာမှပြောင်းလဲမှုမရှိပါဘူး။ ဒါပေမဲ့ ပြင်ဦးလွင်မြို့ကနေမိုင် ၆၀၀ ကျော် ကားမောင်းလာခဲ့ရပြီး အခုလိုမြစ်တွေ၊ ချောင်းတွေ၊ ရေပြင်ကျယ်ကြီးတွေနဲ့ ဆက်စပ်နေမှုတွေ အားလုံးက စိတ်အာရုံတွေကို တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေခဲ့ပါတယ်။ ခရီးတွေ ထွက်ခွာသွားလာရတဲ့ အကျိုးရလဒ်ပြောင်းလဲမှုမျိုးစုံတွေပါ။

စက်လှေက မကြာခင်မှာ ကနုကမာရွာကို ရောက်လာခဲ့ပြီး ဆိပ်ခံတံတားတစ်ခုမှာ ဆိုက်ကပ်လိုက်တယ်။ ဆိပ်ခံတံတားမှာ ရွာသူ၊ ရွာသားတွေ အသုံးပြုတဲ့စက်လှေလေးတွေကိုလဲ စုစုဝေးဝေးနဲ့ တွေ့မြင်နေရတယ်။ ဒီစက်လှေလေးတွေက ဆိပ်ခံတံတားကနေ သွားလိုက်လာလိုက်၊ ဝင်လိုက်ထွက်လိုက်နဲ့ဖြစ်နေကြမှာပါ။ မိမိတို့စက်လှေက တံတားမှာ ဆိုက်ကပ်လိုက်တာနဲ့ ရွာခံဝမ်းကွဲညီမတွေနဲ့ အခြားရွာသူ၊ ရွာသားတချို့ တံတားပေါ်မှာ လာရောက်စောင့်ဆိုင်းကြိုဆိုနေတာကို တွေ့မြင်လိုက်ရတယ်။ စက်လှေကပ်ပြီးတာနဲ့ စက်လှေပေါ်မှာရှိတဲ့ ပစ္စည်းတွေကို သယ်ယူကြတဲ့အခါ ရွာသူ၊ ရွာသွားတွေက ဝိုင်းဝန်းသယ်ယူပေးကြတယ်။ ဒါပေမဲ့ မိမိတို့မောင်နှမတွေ တည်းခိုကြမဲ့ ညီဝမ်းကွဲ၊ ညီမဝမ်းကွဲတွေရဲ့အိမ်က ဆိပ်ခံတံတားနဲ့လှေဆိပ်ကနေ ပေ ၂၀၀ ဝန်းကျင်လောက်သာ ဝေးကွာနေပါတယ်။ ဒ့ါပြင် ရွာရဲ့အခြေအနေကလဲ ဒီလို ပေ ၂၀၀ ကျော်ကျော်ရှိတဲ့နေရာလေးမှာ မျက်နှာချင်းဆိုင်အိမ်လေးတွေကို အလယ်မှာလမ်းကျဉ်းငယ်လေး တစ်ခုထားပြီး ကတ်ကတ်သတ်သတ်၊ ကျပ်ကျပ်ညပ်ညပ်ဆောက်လုပ်ထားကြတယ်။ ရွာတစ်ရွာလုံးမှာရှိတဲ့ လူနေအိမ်ခြေပေါင်းက ၅၀ လောက်သာရှိနေတယ်။ အလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေက အဓိကအနေနဲ့ တံငါလုပ်ငန်း၊ ဆားလုပ်ငန်းတွေ၊ အချို့ရွာသူ၊ ရွာသားတွေက အရောင်းအဝယ်ကုန်စုံဆိုင်လေးတွေ၊ မုန့်ဆိုင်လေးတွေအပြင် စက်လှေလုပ်ငန်းတွေကို လုပ်ကိုင်စားသောက်နေကြတယ်။ ရွာတစ်ရွာလုံးမှာ ဓနိမိုး၊ ဓနိကာအိမ်လေးတွေ များပြားပြီး အချို့ပျဉ်ထောင်၊ သွပ်မိုးအိမ်အနည်းငယ်သာရှိနေကြတယ်။

ဝမ်းကွဲမောင်နှမတွေရဲ့ အိမ်ကိုရောက်တာနဲ့ အိမ်ကြမ်းပြင်ကျယ်မှာ ခြေဆင်းလက်ဆန့်ရင်း အနားယူအပန်းဖြေကြရတယ်။ ရန်ကုန်မြို့ကနေ မနက်စောစောအိပ်ရာထပြီး ၅ နာရီထိုးကတည်းက ထွက်ခွာလာခဲ့ကြတာ အခု ညနေ ၅ နာရီရှိနေပါပြီ။ ခဏနားနေပြီးတာနဲ့ ရေချိုးကြရတယ်။ ကနုကမာရွာမှာ ရေချိုအလွန်ရှားပြီး တစ်ရွာလုံးရဲ့ပတ်လည်မှာ ရေငန်တွေသာရှိနေကြတယ်။ သောက်သုံးရေနဲ့ ချိုးရေအတွက် ရေချိုကို ရွာဦးဘုန်းကြီးကျောင်းအတွင်းမှာ ရေကန်ကြီးတူးပြီး စုဆောင်းထားကြရတယ်။ အရင်တုန်းကတော့ ရေပုံးတွေနဲ့ထမ်းပိုးခပ်ယူကြရပြီး အခုအချိန်မှာ ရေစင်ကြီးတစ်ခုတည်ဆောက်၊ ရေစင်ကြီးကနေတစ်ဆင့် အချိန်နာရီပိုင်းနဲ့ ရေဖြန့်ဝေပေးနေတယ်ဆိုတာကို သိလိုက်ရတယ်။ ဒါကြောင့်လဲ ရေချိုးကြတဲ့အခါ အိမ်ရှင်ဝမ်းကွဲမောင်နှမတွေကို အားနာစရာမလိုရတော့ပါဘူး။ မိမိတို့ရေချိုးကြဖို့အတွက် ရေချိုတွေကို ထမ်းပိုးသယ်ယူပေးရတဲ့ဒုက္ခကနေ ကင်းဝေးကုန်ကြပါပြီ။

အိမ်ခြေ ၅၀ မပြည့်တဲ့ရွာလေးမှာ ညအလင်းရောင်အတွက် ဖုန်းအားသွင်းကြဖို့အတွက် အသုံးပြုနေကြရတာက ဆိုလာမီးစနစ်ပါ။ ညအိပ်ကြတဲ့အခါ ဆိုလာမီးရောင်မှိန်မှိန်လေးတွေအောက်မှာ တစ်ရွာလုံးဘာသံမှမကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်အိပ်မောကျသွားကြတယ်။ တချို့အိမ်လေးတွေက တံခါးတွေကို မပိတ်၊ တချို့ပိတ်စရာတံခါးလဲမရှိ၊ ပိတ်နေစရာလဲမလို၊ လူဆိုးသူခိုးလဲမရှိ၊ ခိုးယူသွားစရာပစ္စည်းတွေလဲမရှိနဲ့ ဘာအပူအပင်မှမရှိ လွတ်လွတ်လပ်လပ် ငြိမ်းငြိမ်းချမ်းချမ်းရှိနေကြတယ်။ ခရီးတွေထွက်ခွာသွားလာကြပြီး ညအိပ်ရပ်နားကြတဲ့အခါ တစ်ခါတစ်ရံနေရာဒေသတချို့မှာ အော်သံတွေ၊ ဆူသံတွေ၊ အကြောင်းအရာမျိုးစုံတွေရဲ့အသံတွေကြောင့် အိပ်စက်လို့မရတာမျိုးတွေ မကြာခဏကြုံတွေ့ရတတ်ပါတယ်။ အခု ကနုကမာရွာမှာတော့ ဘာသံမှမကြားရဘဲ အနှောင့်အယှက်မရှိ ကောင်းကောင်းမွန်မွန် အိပ်စက်နေကြတယ်။

ခရီးစဉ်အရ နောက်တစ်နေ့မနက်မှာ အိပ်ရာက စောစောထကြပြီး ပင်လယ်ကမ်းခြေက ကျောက်မှို ပွင့်ကြီးတွေရှိတဲ့နေရာ၊ မြန်မာနိုင်ငံရဲ့ မြေပိုင်နက်အစွန်က ထိပ်စွန်းနေရာ၊ ရှင်စောပုစေတီတော်နေရာတွေကို သွားရောက်လေ့လာလည်ပတ်ကြမှာပါ။ ဒါကြောင့် မနက်စောစောကတည်းက အိပ်ရာကနေ ထကြပြီး သွားလာကြဖို့ပြင်ဆင်ကြရတယ်။ အိမ်ကနေ မထွက်ခင် အဆာပြေမနက်စာကို စားသောက်သွားကြဖို့အတွက်လဲ အိမ်ရှင်ဝမ်းကွဲ ညီ၊ ညီမတွေက ပြင်ဆင်ပေးကြပါတယ်။ ဒါပေမဲ့ အိပ်ရာထ၊ အဝတ်အစားလဲကြအပြီး တစ်ခုတည်း၊ တစ်လမ်းတည်းရှိတဲ့ ရွာလယ်လမ်းမှာ လမ်းလျှောက်ကြတဲ့အခါ ရွာခံမုန့်ဟင်းခါးနဲ့လက်သုပ်ဆိုင်လေးတစ်ဆိုင်ကို တွေ့မြင်လိုက်ရတယ်။ ရွာလယ်လမ်းဆိုပေမဲ့ အကျယ်သုံးပေသာကျယ်တဲ့ ကွန်ကရစ်လမ်းလေးပါ။ကွန်ကရစ်လမ်းရဲ့ဘေးတစ်ဖက်တစ်ချက် နှစ်ပေကျော်၊ သုံးပေလောက်အကွာမှာလဲ လူနေအိမ်လေးတွေ၊ တဲလေးတွေရှိနေကြပြန်တယ်။ ဒါကြောင့် စက်ဘီးမရှိ၊ ဆိုင်ကယ်မစီး၊ ကားမောင်းလို့မရတဲ့ ရွာလယ်လမ်းက ဆယ်ပေလောက်သာ ကျယ်ဝန်းနေတယ်။ လမ်းရဲ့အရှည်က အိမ်ခြေ ၂၅ လုံးခန့်လောက် ဟိုဘက်ဒီဘက်တန်းစီ ဆောက်လုပ်ထားနိုင်လောက်တဲ့ ပေနှစ်ရာကျော်ကျော်သာ ရှည်လျားနေပါတယ်။ ဒါက ရွာလယ်လမ်းပါ။ ဒ့ါပြင် ကနုကမာရွာမှာ တခြားမြေသားရွာလမ်းတွေလဲ မရှိကြတော့ဘဲ ဆားကွင်းဆားကွက်၊ ချောင်းတွေ၊ မြောင်းတွေနဲ့ ရေလမ်းတွေသာ ရှိနေပါတော့တယ်။

မနက်စောစော မိုးမလင်းခင်တွေ့မြင်နေရတဲ့ မုန့်ဟင်းခါးနဲ့လက်သုပ်ဆိုင်လေးက ရောင်းချစားသောက်ကြဖို့အတွက် အဆင်သင့်မဖြစ်သေး၊ မိမိတို့ကလဲ မိုးမလင်းသေး၊ နေမထွက်သေးခင် စက်လှေစီးပြီး အလည်အပတ်ခရီးထွက်ကြတော့မှာမို့ တည်းခိုအိမ်မှာ အသင့်ဖျော်လက်ဖက်ရည်၊ ကော်ဖီနဲ့ မုန့်အနည်းငယ်စီစားသောက်ခဲ့ကြပြီး စက်လှေဆိပ်ရှိရာကို ထွက်ခွာလာခဲ့ကြရတယ်။ ကနုကမာရွာလေးမှာ ဒီလိုမနက်ပိုင်းအချိန်မှာ ဖွင့်လှစ်ရောင်းချတဲ့ အိမ်တွင်းမုန့်ဟင်းခါး၊ လက်သုပ်ဆိုင်လေးတစ်ဆိုင်သာရှိနေပြီး အခြားလက်ဖက်ရည်ဆိုင်မျိုးတွေ၊ စားသောက်ဆိုင်မျိုးတွေ လုံးဝရှိမနေပါဘူး။ ဒီဆိုင်လေးက တစ်ခုတည်းသော စားသောက်ဖွယ်ရာ အိမ်ဆိုင်လေးပါ။

မိမိတို့တစ်တွေ စက်လှေဆိပ်ကိုရောက်တော့ စက်လှေက အဆင်သင့်စောင့်ကြိုနေပါပြီ။ ဒီအချိန်မှာ မိုးလဲမလင်းသေး၊ နေလဲမထွက်သေးပါဘူး။ ဘာကြောင့် ဒီလိုအချိန်မနက်စောစော၊ မိုးမလင်းသေးခင်ကတည်းက ကြိုတင်ထွက်ခွာလာရသလဲဆိုရင် ပင်လယ်ဝကို ရောက်တာနဲ့ နေ့တစ်နေ့တာအတွက် မိုးကုတ်စက်ဝိုင်းကြီးရဲ့အစွန် ပင်လယ်ပြင်ကြီးထဲကနေ စတင်ထွက်ပေါ်လာမဲ့ နေလုံးနီနီရဲရဲကြီးရဲ့အလှကို ပင်လယ်လေတွေ ရှူရှိုက်ရင်းခံစားကြည့်ရှုကြဖို့ဖြစ်ပါတယ်။ ခရီးစဉ်ရဲ့အစအဖြစ် စက်လှေလေးက ကနုကမာရွာရေချောင်းလေးအတိုင်း ခုတ်မောင်းလာခဲ့ပြီး မကြာခင်မှာ ရေပြင်ကျယ်ချောင်းကြီးအတွင်းကို ဝင်ရောက်လာတယ်။ ချောင်းကြီးက ရေပြင်ကျယ်ချောင်းကြီးလို့ပြောလို့ရအောင် ပေလေးရာကျော်၊ ငါးရာကျော်ထိ ကျယ်ဝန်းနေတယ်။



ချောင်းဝရွာ ဆိပ်ခံတံတားကို တွေ့ရစဉ်။

မိမိတို့ရောက်ရှိလာတဲ့နေရာက အလွန်ကျယ်ဝန်းတဲ့ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ဝကြီးတစ်ခုဖြစ်တဲ့အတိုင်း ဘင်္ဂလားပင်လယ်အော်ကြီးအတွင်းကို ဝင်ရောက်စီးဆင်းလုဆဲဆဲ ငဝန်မြစ်ကြီးကလဲ အလွန်ကျယ်ဝန်းနေတာကို တွေ့မြင်ကြရတယ်။ ပုသိမ်မြို့မှာ မြစ်ကူးတံတားကြီးနဲ့ ဖြတ်သန်းခဲ့ရစဉ်တုန်းက ဒီလောက်မကျယ်သေးပါဘူး။ ဒါကြောင့်လဲ တံတားကြီးတည်ဆောက်ပြီး ဖြတ်သန်းသွားလာနိုင်ကြသလို အခုလို အလွန်ကျယ်ဝန်းတဲ့ ပင်လယ်ဝကြီးအနီးမှာ တံတားထိုးတည်ဆောက်ဖို့မဖြစ်နိုင်၊ မလွယ်ကူသေးတာကြောင့် မိမိတို့ကိုယ်တိုင် လက်တွေ့ကျကျ စက်လှေတစ်စီးနဲ့ ကူးဖြတ်နေကြရပါတယ်။

ဒီကနေ့မိမိတို့ထွက်ရှိလာကြတဲ့ ခရီးစဉ်ရဲ့ပထမအစီအစဉ်က အရှေ့ဘက်ပင်လယ်ကြီးအတွင်းကနေ စတင်ထွက်ပေါ်လာမဲ့ နေလုံးကြီးကို ခံစားကြည့်ရှုကြဖို့ပါ။ ဒါပေမဲ့ စက်လှေလေးက ပင်လယ်ဝကို ရောက်နေတဲ့အထိ နေလုံးကြီးက ထွက်ပေါ်လာခြင်းမရှိသေးပါဘူး။ ပင်လယ်ပြင်ထဲမှာ မြူနှင်းတွေ၊ ရေခိုးရေငွေ့တွေ ကျရောက်ရစ်ဆိုင်းနေတဲ့အတွက်ကြောင့်ဖြစ်တယ်လို့ ဒေသခံညီဝမ်းကွဲနဲ့ အတွေ့အကြုံရင့် စက်လှေသမားတို့က ပြောပြကြတယ်။ ဒါကြောင့် စက်လှေသမားက စက်ကို အရှိန်သတ်လိုက်ပြီး ပင်လယ်ဝမှာ သွားနေတယ်ဆိုရုံလောက်လေးနဲ့ခုတ်မောင်းနေခဲ့တယ်။ ဒီလိုတဖြည်းဖြည်းခုတ်မောင်းနေတဲ့အချိန်က ၁၅ မိနစ်လောက်ကြာမြင့်နေတယ်။ ပင်လယ်ဝရဲ့အလယ်မှာရောက်ရှိနေတဲ့ မိမိတို့က အရုဏ်ဦးရောင်ခြည်အလင်းအနည်းငယ်ရဲ့ အကူအညီနဲ့ နောက်တစ်ဖက်ကမ်းမှာ ကျန်ရစ်ခဲ့ပြီဖြစ်တဲ့ ဟိုင်းကြီးကျွန်းနဲ့တောင်ကုန်းမြင့်မြင့်ပေါ်က မီးမှိတ်တုတ်မှိတ်တုတ် မီးပြတိုက်လေး၊ ပင်လယ်ဝနဲ့တစ်ဆက်တည်းဖြစ်နေတဲ့ ဘင်္ဂလားပင်လယ်အော်ကြီးတွေကို မှုိင်းမှုိင်းပျပျ လှမ်းမျှော်မြင်တွေ့နေကြရတယ်။

မကြာခင်အချိန်မှာ နှင်းမှုန်တွေ၊ ရေခိုးရေငွေ့တွေ ကင်းစင်သွားခဲ့ပြီး ပင်လယ်ဝအနီးတစ်နေရာကနေ နေလုံးနီနီရဲရဲလေးက တစ်စတစ်စနဲ့ စတင်ထွက်ပေါ်လာတာကို တွေ့မြင်လိုက်ကြတယ်။ နေလုံးကြီးက စတင်ထွက်ပေါ်လာချိန်မှာ ဖြည်းဖြည်းနှေးနှေးဖြစ်နေပေမဲ့ စက်လှေပေါ်ကနေ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေရိုက်နေကြတဲ့ တစ်ခဏအတွင်း ပင်လယ်ရေပြင်ကျယ်ကြီးအပေါ်မှာ ဘောလုံးအနီရောင်လေးတင်နေသလို လုံးလုံးလျားလျား ပြည့်ပြည့်ဝဝ ထွက်ပေါ်လာခဲ့တော့တယ်။ ဒီအချိန်ကိုရောက်မှ စက်လှေသမားက စက်ကိုအရှိန်မြှင့်တင်ပြီး မြန်မြန်ခုတ်မောင်းပေးနေတယ်။ စက်လှေရဲ့အမြန်နှုန်းမြင့်မှုကြောင့် ချောင်းဝရွာနဲ့လဲ တဖြည်းဖြည်းနီးကပ်လာတယ်။ စက်လှေက ချောင်းဝရွာဆိပ်ခံတံတားမှာကပ်ပြီး မိမိတို့ဆင်းသက်ကြရမှာပါ။ မကြာခင်အချိန်အတွင်းမှာ ဆိပ်ခံတံတားရှိရာကို ရောက်လာခဲ့ကြတယ်။ မနက်ပိုင်းရေတက်နေချိန်ဖြစ်တဲ့အတွက် စက်လှေပေါ်ကနေ တံတားရှိရာကို တက်ရောက်ရတာလွယ်ကူကြောင်း စက်လှေသမားက ရှင်းပြတယ်။ ချောင်းဝရွာကိုတော့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ကြပါပြီ။ အချိန်က မနက်စောစော ၆ နာရီကျော် ၇ နာရီဝန်းကျင်သာ ရှိနေပါသေးတယ်။ ချောင်းဝရွာကနေတစ်ဆင့် ပင်လယ်ကမ်းခြေတစ်လျှောက်မှာ ရှိနေတဲ့ ကျောက်မှိုပွင့်ကြီးတွေနေရာနဲ့ မြေအဆုံး၊ ရေအစပ် ထိပ်စွန်းနေရာတွေကို သွားရောက်လေ့လာလည်ပတ်ကြမှာပါ။

# တန်တယ် ရုပ်ရှင်ဇာတ်ကား Carpet Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်




**ရန်ကုန် မတ် ၁၉**

တန်တယ် ရုပ်ရှင်ဇာတ်ကား Carpet Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ မတ် ၁၈ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တန်တယ်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို နှင်းဇင်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ စိုးမိုးမင်းက Lucky 10 Production အတွက် တွဲဖက်ဒါရိုက်တာ သားငယ်၊ ဓာတ်ပုံဒါရိုက်တာ ဒီအိုပီ မင်းမင်းကျော်တို့နှင့်အတူ တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဇာတ်လမ်းကတော့ ဖြစ်ရပ်မှန်ပေါ်အခြေခံထားတဲ့ မိသားစုဒရာမာဇာတ်လမ်းပါ။ မိသားစုဒရာမာထဲမှာမှ အချိုးအကွေ့ အလှည့်အပတ်တွေနဲ့ သည်းထိတ်ရင်ဖိုဖြစ်အောင် လှည့်စားထားတဲ့ အပိုင်းတွေလဲပါပါတယ်။ မိသားစုအတွင်းက ချစ်ခြင်းမေတ္တာကို အသွင်သစ်နဲ့ တင်ပြထားပါတယ်" ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

တန်တယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရဲအောင်၊ မင်းဟိဏ်း၊ မင်းသူ၊ အေးချမ်းမောင်၊ ကျော်ထက်၊ ဟိန်းသီဟ၊ လင်းဇာနည်ဇော်၊ မေဂရေ့စ်၊ ထွန်းပုလဲရတနာ၊ ခင်လှမ်း၊ ချစ်ခွန်းချို၊ ရှင်ပြုံးခင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# တေးသံရှင် ဖြိုးပြည့်စုံ၊ နေမင်းအိမ်၊ ဂျူဝယ်တို့၏ Summer Night တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ပြုလုပ်မည်




**ရန်ကုန် မတ် ၁၉**

တေးသံရှင် ဖြိုးပြည့်စုံ၊ နေမင်းအိမ်၊ ဂျူဝယ်တို့၏ Summer Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ မတ် ၃၁ ရက်ညတွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင်နေမင်းအိမ်က ပြောပြသည်။

အဆိုပါ Summer Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဖြိုးပြည့်စုံ၊ နေမင်းအိမ်၊ ဂျူဝယ်တို့၏ လူသိများထင်ရှားခဲ့သည့်တေးသီချင်းများကို ဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

"မတ် ၃၁ ရက်ည Summer Night တေးဂီတဖျော်ဖြေပွဲမှာ ကျွန်တော်နဲ့အတူ ကိုဖြိုးပြည့်စုံနဲ့ မဂျူဝယ်တို့ အတူတူရှိပါမယ်။ ကျွန်တော်တို့နဲ့ ပရိသတ်တွေကြား အမှတ်တရရှိခဲ့တဲ့ တစ်ကိုယ်တော်သီချင်းတွေ၊ စုံတွဲသီချင်းတွေကို ဖျော်ဖြေပေးမှာ ဖြစ်ပါတယ်။ နွေညရဲ့အပူရှိန်တွေကို ဂီတနဲ့ အနိုင်ယူဖို့ အကောင်းဆုံးဖြစ်တာမို့ လာရောက်အားပေးဖို့ ဖိတ်ခေါ်လိုက်ပါတယ်" ဟု တေးသံရှင် နေမင်းအိမ်က ပြောပြသည်။

တေးသံရှင် ဖြိုးပြည့်စုံ၊ နေမင်းအိမ်၊ ဂျူဝယ်တို့၏ Summer Night တေးဂီတဖျော်ဖြေပွဲတွင် Judson ၏ပင်တိုင်တေးသံရှင်များကလည်း ဝန်းရံသီဆိုဖျော်ဖြေပေးမည် ဖြစ်ကြောင်း သိရသည်။

ASH

# ဗေဒါ ရုပ်သံဇာတ်လမ်းတွဲကို Mahar Application နှင့် Mahar TV ရုပ်သံလိုင်းမှ မူပိုင်ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်သွားမည်

**ရန်ကုန် မတ် ၁၉**

Mahar Application နှင့် Mahar TV ရုပ်သံလိုင်းမှ ဗေဒါ ရုပ်သံဇာတ်လမ်းတွဲကို မူပိုင်ဇာတ်လမ်းတွဲအဖြစ် ဧပြီလ ပထမပတ်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ဗေဒါ ရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဇော်ထွန်းထံမှ သိရသည်။

အဆိုပါ ဗေဒါ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ကိုငယ် (စိတ်ပညာ)က ရေးသားထားကာ ဒါရိုက်တာ ဇော်ထွန်းက ဇာတ်ညွှန်း ရေးသားထားပြီး ၎င်းကိုယ်တိုင် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"တံငါရွာလေးတစ်ရွာရဲ့ ရိုးသားမှုတွေ၊ ဘဝရဲ့ကြေကွဲဖွယ် အမှန်တရားတွေ ကြားထဲမှာ ဗေဒါဆိုတဲ့ ဖြူစင်ပြီး အပြစ်ကင်းစင်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရင်နင့်စရာ ဘဝဇာတ်ကြောင်းကို အပီပြင်ဆုံး ပုံဖော်ရိုက်ကူးထားပြီး ရသစုံခံစားကြည့်ရှုရမဲ့ ခါးသီးလှတဲ့ လောကဓံလှိုင်းလုံးတွေကြား အလှသွေးနဲ့ ပွင့်လန်းရှင်သန်ရမဲ့ ဗေဒါဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အကြောင်းကို မကြာမီ Mahar Application နဲ့ Mahar TV ရုပ်သံလိုင်းမှာ ကြည့်ရှုရတော့မှာဖြစ်လို့ စောင့်မျှော်အားပေးကြပါအုံး" ဟု ဒါရိုက်တာ ဇော်ထွန်းက ပြောပြသည်။

ဗေဒါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စစ်နိုင်၊ ထူးခြား၊ ဒေါင်းဝေ၊ မျိုးကို၊ မင်းဇော်၊ ဖိုးကျော် (သန်လျင်)၊ ဇော်ဟိန်း၊ ရွှေပိုးအိမ်၊ သာသာ၊ သွန်းနဒီ၊ ရွှေကိန္နရီနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Goodbye Girl ဇာတ်ကား၌ အယ်လီဘရောင်း၊ လုအိုက်စနာ၊ အိုဒီယာရပ်တို့ ပါဝင်လာ

**နယူးယောက် မတ် ၁၉**

Amazon MGM စတူဒီယို၏ Goodbye Girl ဇာတ်ကား၌ မင်းသား အယ်လီဘရောင်း၊ လုအိုက်စနာနှင့် မင်းသမီး အိုဒီယာရပ်တို့ပါဝင်လာကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ သရုပ်ဆောင်သုံးဦးသည် Goodbye Girl ဇာတ်ကား၌ မင်းသမီး ကီရာနန်ရှစ်ပကာ၊ မင်းသား ကိုးစပရုတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Goodbye Girl ဇာတ်ကားသည် ကြေးစားအသည်းခွဲသမား အမျိုးသမီးတစ်ဦး၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Goodbye Girl ဇာတ်ကားကို ဒါရိုက်တာ အိုရန်ဇက်မင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်နီရယ်ဟိုးဗားနှင့် ဒေးဗစ်မိုနာဟန်တို့က ရေးသားထားကြောင်း သိရသည်။

လက်ရှိတွင် Goodbye Girl ဇာတ်ကားကို နယူးအော်လိန်းပြည်နယ်၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

Goodbye Girl ဇာတ်ကားပြသမည့်ရက်ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Ally Clark လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဘင်ဂျမင်ဘရက် ပါဝင်မည်

**နယူးယောက် မတ် ၁၉**

Amazon MGM စတူဒီယို၏ Ally Clark လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် မင်းသား ဘင်ဂျမင်ဘရက် ပါဝင်မည်ဖြစ်ကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။

Ally Clark ဇာတ်ကား၌ ဘင်ဂျမင်ဘရက် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း၊ အဆိုပါ ဇာတ်ကားတွင် ဘင်ဂျမင်ဘရက်သည် မင်းသမီး ဗိုင်အိုလာဒေးဗစ်၊ မင်းသား ဂျေဆင်ကလပ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Ally Clark ဇာတ်ကားသည် မိတ်ဆွေရင်းတစ်ဦး ထူးဆန်းစွာ သေဆုံးခဲ့ရပြီးနောက် အမျိုးသမီးစုံထောက်တစ်ဦးက နိုင်ငံတကာ လုပ်ငန်းစုကြီးတစ်ခုအတွင်း ထိုးဖောက်ဝင်ရောက် ထောက်လှမ်းပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Ally Clark ဇာတ်ကားကို ဒါရိုက်တာ ဖိလစ်နွိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိစ်ရှုစန်ချက်နှင့် အာဝင် ဝင်ကလာတို့က ရေးသားထားသည်။

လက်ရှိတွင် Ally Clark ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# 453 male and 53 female PDF members, totaling 506 who have come to have trust in the peace process of the State and Tatmadaw enter the legal fold together with arms and ammunition; officials hand them back to the parents and guardians



Ceremony to transfer the PDF members who returned to the legal fold back to their parents and guardians in progress.

**Nay Pyi Taw March 19**

The State has been inviting the persons who are in the anti-government armed groups under various names including PDF, and providing necessary assistance to the ones who return to the legal fold.

Thanks to those goodwill deeds, PDF members are coming back to the legal fold. As the Tatmadaw columns are recontroling the areas under the temporary control of the combined groups by the name PDF one after another in Mandalay Region, the people are warmly welcoming and supporting the Tatmadaw with enthusiasm and rendering a helping hand with full trust. As a result, the morale of terrorist groups falls and they lose the spirit to continue the fight. Hence, PDF members who wish to abandon the armed struggle line and live in peace are coming back to the fold in groups. Officials of the relevant areas are welcoming and accommodating them.

Today, a ceremony to transfer the PDF members who returned to the legal fold back to their parents and guardians, was held at the parade ground of Central Command HQ, attended by Mandalay Region Chief Minister U Myo Aung, Central Command Commander Brig-Gen Aung Htay, officials, departmental personnel, parents and guardians of the returnees and honouredguests.

First, the chief minister gave a speech, followed by dissemination of legal knowledge by the command commander. Those entered the legal fold handed over 78 assorted arms, 38 grenades/shells, three walkie-talkies, 50 assorted magazines, 3362 assorted bullets, 14 assorted mines, one bullet-proof vest, five bullet-proof helmets, they brought together with them, to the commander. The chief minister and the commander presented Ks-100,000 each to returnees, totaling Ks-200 million as cash award at a rate of Ks-5 million for one automatic rifle, Ks-7.5 million for one RPG, Ks 500,000 for one home-made gun, Ks-300,000 for one grenade/shell, Ks-200,000 for one walkie-talkie, Ks-200,000 for one bullet-proof vest and Ks-200,000 for one-bullet-proof helmet. After signing the pledge, the returnees were transferred back to their parents and guardians.

The Chief Minister of the region, the commander and officials observed arms and ammunition handed over by those who returned to the legal fold, cordilly greeted the attendees and served them with foodstuffs.

Today, those who returned to the legal fold were handed over. They were 39 males and five females from Aungmyaythazan Township, three males from Chanayethazan Township, one male from Chanmyathazi Township, six males from Pyigyidagun Township, eight males and two females from Amarapura Township, three males and one female from Patheingyi Township, one male from Kyaukse Township, two males from Singaing Township, one male from TadaU Township, one male from Ngazun Township, four males from PyinOoLwin Township, one male and one female from Meiktila Township, nine males from Natogyi Township, two males and one female from Yamethin Township, four males from Mogok Township, 58 males and two females from Madaya Township, 219 males and 31 females from Singu Township, 67 males and seven females form Thabeikkyin Township, three males from Kyaukpadaung Township, eight males and two females from Myingyan Township, and five males and one female from NyaungU Township of Mandalay Region, two males from Magway Township, three males from Ngaphe Township and three males from Taungdwingyi Township of Magway Region. Hence, a total of 453 males and 53 females, totalling 506 returned to the legal fold.

It is reported that the majority of PDF members who have entered the legal fold were forcibly recruited under threats and coercion directed at their family members and relatives. Many of them were unable to accept acts of terrorism, and within these groups there were also instances of hierarchical abuse, including bullying, torture, killings and rapes, and they also reportedly lost the ability to resist offensivesby Tatmadaw, leading to downheartedness. In addition, they came to trust and accept the peace process of the State and Tatmadaw, and wished to live peacefully within the legal framework. They also expressed a desire to contribute positively to the State and the public for the losses and harm caused as a result of their previous involvement. Hence, they abandoned the armed struggle line and returned to the legal fold.

Those who have returned to the legal fold in this manner are being welcomed and accepted back, provided with necessary assistance and support, and systematically transferred to their parents or guardians. There are still others who wish to return to the legal fold. Those who wish to do so are advised to promptly contact the nearest district or township administrative offices, military units, or police stations, where they will be welcomed back and provided with the necessary assistance and support. It is further stated that rewards will be provided for arms and ammunition.

The testimonies of those who have entered the legal fold are also heard as follows: -

1. I would like to recount my experiences of joining the terrorist group. While working in Nay Pyi Taw, I was called by my friend. He said you would get high salary. He promised that he would arrange convenience for me in all aspects, adding you would not face any requirements. So, I joined the terrorist group due to his help. Afterwards, I attended a three-month course. During the three-month training period, we did not have sufficient medicines. Those terrorists put ammunition as well as petrol into rice for us. As a result, some trainees experienced unconvenience of foods. Consequently, some of them suffered from fever and dysentry. At that time, those terrorists scolded them that you did not take care of foods, so you may face so. They did not provide healthcare to them.

Some trainees fled away due to difficulties. Some of them were shot dead along the way. Some of them were taken back, and they were tied and beaten. Some individuals suffered from bleeding at hips. Some of them were beaten until they bled from their mouths. After concluding the training, we served at the public relations unit. So, we had to stop at checkpoints along the way. At that time, we followed those terrorists to arrest someone. We were assigned to seize narcotic drugs. So, when we seized narcoic drugs, those terrorists used the drugs. And, they arrested innocent people and beat them. Moreover, those people were kept in castody. And, they took extorted money from the people.

With regard to the gold mining, there are 14 gold mining blocks in Singu area. All 14 blocks were controlled by those terrorists. They do not allow anyone to enter the area. They beat those who entered the gold mining area. And, those entrants were arrested and kept in castody. Some of those entrants were poured by boiling water on their heads. When Tatmadaw has taken control of Singu area, some blocks of gold mining were allotted to the people for public business. The terrorist groups did not do so. They are eager to totally control these areas and they never allocate these areas to any other.

In operating the fish farms, the terrorists demand K10 million per month from the fish farmers. They beat those farmers who are unaffordable to pay. Moreover, we faced many hardships. In our position of private, even among privates, they spoke to each other disrespectfully and with contempt.

Even among our seniors, if there were female troops who were attractive, they would call them close and make inappropriate, flirtatious remarks. They would also behave improperly toward them. We experienced such situations. Because of these kinds of incidents, we did not feel safe, so we fled from there and returned to the lega fold at Tatmadaw. When we returned to the legal fold to the Tatmadaw side, we were told that if women returned to the legal fold, they would be raped, and if men do so, they would be forced into military service. However, when we actually joined, none of that was true. We were given the same food as them, lived in the same conditions, and everything was properly arranged so that we lacked nothing. What they had said to us and the way they had incited us turned out to be completely different from reality. What I want to say is: do not waste your life in the jungle—come and returned to the legal fold to Tatmadaw. Because we have entered to the legal fold, I am now able to return home and reunite with my parents. The Tatmadaw welcomes those who come over. I also promise that I will never again get involved with such organizations in the future.

*See Page 13*


A PDF member who has returned to the legal fold gives his testimony.


A PDF member who has returned to the legal fold gives his testimony.


A PDF member who has returned to the legal fold gives his testimony.

*From Page 12*

2. When I first joined the terrorist organization, I was only 15 years old. The reason I joined the terrorist organization was that the terrorist organization came to our village to conduct recruitment campaigns, held rallies, and conscripted people in a manner where no household could avoid them. They said that if any household didn't comply, they would harm our families, kill our parents, and so on. So, out of fear, we ended up joining. When we arrived at the terrorist organization, we had to undergo 3 months of military training. During those 3 months of training, there wasn't adequate medicine. Because of that, some people couldn't endure those hardships and tried to escape. If they were caught escaping, they would be killed, beaten, and tortured. So, out of fear, we completed the military training. After military training, we were assigned to public relations duties. On the public relations highway, we had to guard checkpoints. They collected taxes in the form of tolls. As for oil barrels, they would confiscate them at half-price.

Because they confiscated oil at half-price, some people couldn't afford to pay. For those who couldn't pay, they would have their oil barrels seized, their belongings confiscated. Because of that, some people were called in for suspicion. After being called in, they were tortured, beaten, had their fingernails and toenails pulled out, had boiling water poured on their heads. They say 'The people are our mother, the people are our father,' but what they do and what they say are completely different in reality. As for us comrades, they talk about equality, but the officers, they go to KTVs, cavort with bad women, drink and party, use ketamine, spend lavishly. When they go out for a single night, they spend hundreds of thousands. As for the comrades, they rape women. There was a girl trainee; they called her late at night, saying they wanted to talk, and then they raped her. The girl was sent back to her village without any responsibility taken, while the boy was left as is, without any punishment. So, living there, we felt we ourselves were not safe. We couldn't bear to lose our lives in that place. That's why we escaped. After escaping, we tried to defect. They had brainwashed us. They said if we defected to the Tatmadaw side, if we were girls, we would be raped; if we were boys, when we turned 18, we would be conscripted. So we were scared, and we asked a friend who had defected earlier. We asked, 'Friend, is everything alright?' Our friend said, 'Everything is fine, don't worry at all. The Tatmadaw side is warmly welcoming you all.' So we contacted the responsible officers here and we defected to this side. When we arrived here, everyone welcomed us warmly. They provided us with everything we needed. We live as they live, we eat as they eat. For us, coming back from the darkness into the light, we feel it was absolutely the right thing to do. Therefore, to our friends, brothers, and sisters still over there: please don't sacrifice yourselves staying in that place; come and defect to the Tatmadaw side. Don't sacrifice your lives in that existence. We, too, having defected, if we can return, we promise to live well, work honestly, and earn a good living for our parents, our country, and our people, and we vow never to commit such a mistake again.

3. The reason I ended up in the terrorist organization was that while I was working in Yamethin, a friend called me on the phone. He said, 'Brother-in-law, come here, working over here is really good, you get a lot of money,' so I came because he called. When I arrived, he sent me to a recruitment point. At the recruitment point, there were many people. I saw some uncles and aunties and asked them, 'Uncles, aunties, where are you all going to work?' Then those uncles and aunties said, 'What work are we going to do? They're going to make us take up arms and fight.' It was only then I realized that he had lied to get me there. When I realized, I immediately tried to escape. But then they threatened me, saying, 'If you escape, it won't just be you; we will kill your family too.' So, because of that, I did as they said and stayed. I stayed and also took the training they gave. During the training, it was very hard; meals weren't regular. They said if we got sick, we should tell them in advance, that they wouldn't send sick people to the front, and they wouldn't send underage children to the front. But as soon as we finished training, they sent us to the front. Children as young as 15, 16, 17 were included. At the front, they didn't provide us with sufficient weapons and ammunition. They only gave us a small number of people. I love my parents and wanted to see them again, so I escaped from the front line. When I got home, the villagers, my parents and the community, didn't want me to stay in the village. Even my own parents wouldn't let me stay. Since they wouldn't let me stay, the terrorist organization came and arrested me again. They detained us in Letpanhla. While detained in Letpanhla, I, along with one other person, escaped again. After escaping, we contacted a friend who had defected in the first batch. I didn't dare to defect myself at first. But my friend persuaded me well, telling me good things. I believed what he said, and so I came to defect myself. The Tatmadaw warmly welcomed us. They provided us with ample food and supplies. They took us to clinics and everything, making sure we lacked nothing. Therefore, after this ceremony, I will be able to live freely in my village, including with my parents. That's why I want to take this opportunity to invite all the brothers, sisters, and friends still in the jungle to defect. I pledge to the parents and the public that I will no longer associate with terrorist organizations in the future. 100

# Trump warns Iran of massive strike if it attacks Qatar again

**Washington March 19**

If Iran attacks Qatar again, the U.S. military "will massively blow up the entirety" of the South Pars gas field in Iran, President Donald Trump warned in a post on his Truth Social on Wednesday.

Trump's remarks followed reports that Iran hit Qatar's liquefied natural gas (LNG) facilities, after Israel launched an attack on Wednesday against Iran's South Pars offshore natural gas field in the Persian Gulf it shares with Doha.

Qatar reported fires and extensive damage at its LNG facilities targeted by Iran, adding that emergency response teams had been deployed to contain the situation.

"The United States knew nothing about this particular attack, and the country of Qatar was in no way, shape, or form, involved with it, nor did it have any idea that it was going to happen," Trump said.

"NO MORE ATTACKS WILL BE MADE BY ISRAEL pertaining to this extremely important and valuable South Pars Field unless Iran unwisely decides to attack" Qatar again, he added.

If Iran attacks Qatar again, "the United States of America, with or without the help or consent of Israel, will massively blow up the entirety of the South Pars Gas Field at an amount of strength and power that Iran has never seen or witnessed before," he warned. Xinhua

# 5 killed, 10 injured in Israeli strikes across S. Lebanon: sources

**Beirut March 19**

At least five people were killed and 10 others wounded on Thursday in a series of Israeli airstrikes targeting multiple areas in southern Lebanon, according to Lebanon's National News Agency.

In the coastal town of Aadloun, an airstrike on a house at the town's outskirts killed two people.

Meanwhile, strikes on several areas around Tyre and the popular housing district left two people dead and eight others injured, with wounds reported as ranging from minor to moderate, according to rescue teams.

In a separate strike on the town of Bazourieh, one person was killed, and two others were injured, one of them critically, as the attack reportedly destroyed an entire residential block and cut off the main road.

Separately, Israeli forces have been attacking the border town of Khiam since Thursday morning, with reported attempts at ground infiltration and ongoing clashes with Hezbollah, amid heavy artillery shelling and missile fire.

Hezbollah announced the launch of rockets from Lebanon toward Israel on March 2, the first time since a ceasefire was declared on Nov. 27, 2024. Israel subsequently launched a military campaign against the group, involving intensive airstrikes on several areas in southern and eastern Lebanon, in addition to Beirut's southern suburbs. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်စစ်ဘက်က AI စနစ်သုံး၍ ဒရုန်းအစစ်နှင့်အတုများကို တိကျစွာခွဲခြားနိုင်သည့် ရေဒါနည်းပညာသစ် တီထွင်



တရုတ်စစ်ဘက်မှ သိပ္ပံပညာရှင်များသည် AI စနစ်သုံး၍ ဒရုန်းအစစ်နှင့် အတုများကို တိကျစွာခွဲခြားနိုင်သည့် ရေဒါနည်းပညာသစ် တီထွင်လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း Next Gen Defense သတင်းဌာနမှ မတ် ၁၄ ရက်တွင် ရေးသားဖော်ပြထားသည်။

မျက်မှောက်ခေတ် ပဋိပက္ခများ၏ အတွေ့အကြုံအရ သမားရိုးကျ ရေဒါစနစ်များသည် အုပ်စုလိုက်ပျံသန်းလာသော ဒရုန်းငယ်အမြောက်အမြားကို ထောက်လှမ်းရန်နှင့် စောင့်ကြည့်ရန် ခက်ခဲလေ့ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါဒရုန်းငယ်များသည် အရွယ်အစားသေးငယ်ခြင်း၊ အမြင့်ပေ နိမ့်စွာပျံသန်းခြင်းနှင့် လမ်းကြောင်းအမျိုးမျိုးသို့ မခန့်မှန်းနိုင်ဘဲ ရွေ့ပြောင်းနိုင်ခြင်းတို့ကြောင့် ရိုးရိုးရေဒါစနစ်များကို အလွယ်တကူကျော်လွှားသွားနိုင်ခြင်း သို့မဟုတ် ရှုပ်ထွေးသွားအောင် လုပ်ဆောင်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

လက်တလောပဋိပက္ခများတွင် ဒရုန်းများကို အုပ်စုလိုက် စုပြုံလွှတ်တင်သည့် နည်းဗျူဟာများက ရေဒါအော်ပရေတာများကို ဝေခွဲမရဖြစ်စေပြီး မည်သည့်အချက်ပြမှုက အစစ်အမှန်ခြိမ်းခြောက်မှုဖြစ်သည်ကိုခွဲခြားရန် ခုခံရေးစနစ်များအတွက် အလွန်ခက်ခဲစေခဲ့သည်။

ဤစိန်ခေါ်မှုကိုဖြေရှင်းရန် တရုတ်သုတေသနပညာရှင်များသည် အချက်အလက်အမြောက်အမြားကို လျင်မြန်စွာတွက်ချက်နိုင်သော AI- assisted Radar Systems (AI အကူအညီရယူထားသော ရေဒါစနစ်များ)ကို တီထွင်လာကြသည်။ အဆိုပါစနစ်များသည် Machine Learning နည်းပညာကိုအသုံးပြုကာ ပျံသန်းမှုပုံစံများကိုမှတ်သားပြီး နောက်ခံဆူညံသံများ သို့မဟုတ် အခြားသော ပျံသန်းနေသည့် အရာဝတ္ထုများကြားမှ ဒရုန်းများကို သီးသန့်ခွဲထုတ်နိုင်စွမ်းရှိသည်။

အထူးသဖြင့် တရုတ်နိုင်ငံသည် ပျံသန်းနေသော အရာဝတ္ထုများ၏ ဂုဏ်သတ္တိများကို ခွဲခြားရန်အတွက် (Inverse Synthetic Aperture Radar) အဆင့်မြင့်နည်းပညာကို တီထွင်နိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ဤနည်းပညာသည် လှုပ်ရှားနေသော ပစ်မှတ်များကို ထောင့်ပေါင်းစုံမှ ကြည့်ရှုနိုင်စေပြီး ပိုမိုပြည့်စုံသော သတင်းအချက်အလက်များကို ရယူပေးနိုင်သဖြင့် ရန်သူ့ဒရုန်းအစစ်နှင့် လှည့်စားရန် လွှတ်တင်ထားသော ဒရုန်းအတုများကိုပင် တိကျစွာ ခွဲခြားနိုင်မည်ဖြစ်သည်။

အမြင့်ပေနိမ့်သော ပစ်မှတ်အမြောက်အမြား တစ်ပြိုင်နက်ပေါ်လာသည့်တိုင်အောင် ဤရေဒါစနစ်များသည် မြေပြင်၊ ပင်လယ်ရေပြင်၊ မိုးစက်မိုးပေါက် သို့မဟုတ် အဆောက်အအုံများမှ ပြန်လာသော မလိုအပ်သည့် အချက်ပြလှိုင်းများကြားမှ ပစ်မှတ်များကို ရှာဖွေဖော်ထုတ်နိုင်ပြီး အစဉ်မပြတ် ခြေရာခံနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကနဦးစမ်းသပ်ချက်များအရ AI နည်းပညာကို ရေဒါစနစ်များတွင် ပေါင်းစပ်ထည့်သွင်းခြင်းသည် အမြင့်ပေနိမ့်စွာပျံသန်းနေသော ဒရုန်းများကို ထောက်လှမ်းခြင်းနှင့် ခွဲခြားသတ်မှတ်ခြင်းတို့၌ အလွန်ထိရောက်ကြောင်း တွေ့ရှိရသည်။ အချက်အလက်ပမာဏ အမြောက်အမြားကို လျင်မြန်စွာ တွက်ချက်နိုင်ခြင်းဖြင့် AI နည်းပညာသည် အုပ်စုလိုက်တိုက်ခိုက်လာသော ဒရုန်းများထဲမှ မည်သည့်အရာက အစစ်အမှန်ခြိမ်းခြောက်မှုဖြစ်ပြီး မည်သည့်အရာက လှည့်စားရန်အတွက် ဖြစ်ကြောင်းကို ခွဲခြား သတ်မှတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**China's radar could identify decoy drones, real targets, swarm attack accurately with AI method ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နှင့် ဗြိတိန်တို့က ဒရုန်းတန်ပြန်ရေးအတွက် ပူးတွဲဒေတာစံနှုန်းများ သတ်မှတ်

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် ဒရုန်းတန်ပြန်ရေး(C-UAS) နည်းပညာများအတွက် ဘုံဒေတာစံနှုန်းများ သတ်မှတ်ရန် ပူးတွဲရည်ရွယ်ချက်ကြေညာစာတမ်း (Joint Declaration of Intent) ကို လက်မှတ်ရေးထိုးခဲ့ကြသည်ဟု The Defense Post သတင်းဌာနက မတ် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်ချက်သည် မဟာမိတ်တပ်ဖွဲ့များကြား လက်နက်စနစ်များ အပြန်အလှန် ချိတ်ဆက်အသုံးပြုနိုင်မှုကို အဆင့်မြှင့်တင်ရန်နှင့် ဒရုန်းရန်ကာကွယ်ရေးစနစ်များကို ပိုမိုမြန်ဆန်စွာ ဖြန့်ကြက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

လက်ရှိတွင် ဒရုန်းတန်ပြန်ရေးစနစ်များသည် တစ်ခုနှင့်တစ်ခု မတူညီသော ဒေတာပုံစံများကို အသုံးပြုနေကြသဖြင့် စစ်ဆင်ရေးများအတွင်း အာရုံခံကိရိယာများမှရရှိသော အချက်အလက်များကို ပေါင်းစပ်ရန်နှင့် စနစ်များကြား ပူးပေါင်းတုံ့ပြန်ရန် အခက်အခဲရှိနေကြသည်။ ဤအချက်သည် စစ်မြေပြင်တွင် နှောင့်နှေးမှုများကို ဖြစ်ပေါ်စေခဲ့သည်။

မဟာမိတ်နိုင်ငံများကြား ဒရုန်းတန်ပြန်ရေးစွမ်းဆောင်ရည်များကို ဟန်ချက်ညီစေရန်နှင့် မြှင့်တင်ရန်အတွက် ပူးတွဲစီမံကိန်းများနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိကြသည်။ ယခုနှစ် ဖေဖော်ဝါရီလတွင် တောင်ကိုရီးယား၏ Hanwha Aerospace နှင့် အက်စတိုးနီးယားနိုင်ငံမှ Frankenburg Technologies တို့ ပူးပေါင်းခဲ့ကြသည်။ ၎င်းတို့သည် ရေဒါစနစ်၊ လမ်းညွှန်ပစ်ခတ်မှုစနစ်နှင့် ပစ်ခတ်မှုထိန်းချုပ်ရေး ဆော့ဖ်ဝဲလ်များ ပေါင်းစပ်ထားသည့် မျိုးဆက်သစ်ကုန်းတွင်း စစ်ဆင်ရေးယာဉ်များအတွက် ဒရုန်းတန်ပြန်ရေးစနစ် (C-UAS)ကို အတူတကွ ဖော်ဆောင်လျက်ရှိသည်။ ဆွီဒင်အခြေစိုက် Saab ကုမ္ပဏီသည် ၂၀၂၅ ခုနှစ် မတ်လတွင် ဆွီဒင်လေတပ်နှင့် ပူးပေါင်း၍ လိုအပ်သလို အဆင့်မြှင့်တင်နိုင်သော Loke C-UAS ဒရုန်းတန်ပြန်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့ပြီး ဒရုန်းတန်ပြန်ရေးနည်းပညာကို အချိန်တိုအတွင်း မည်မျှလျင်မြန်စွာ တိုးတက်အောင် လုပ်ဆောင်နိုင်သည်ကို သက်သေပြခဲ့ကြသည်။ NATO အဖွဲ့အတွင်း၌လည်း နိုင်ငံစုံ ပူးပေါင်းလေ့ကျင့်မှုများနှင့် လက်နက်စနစ်များ အပြန်အလှန်ချိတ်ဆက်နိုင်မှုများကို ဆက်လက်လုပ်ဆောင်နေသည်။ ၂၀၂၅ ခုနှစ် မတ်လတွင် နယ်သာလန်နိုင်ငံ၌ပြုလုပ်ခဲ့သော လေ့ကျင့်ရေးတွင် နိုင်ငံအသီးသီးမှ ဒရုန်းတန်ပြန်ရေးနည်းပညာများကို လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးလုပ်ငန်းစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်ရန် အဓိကထား လေ့ကျင့်ခဲ့ကြသည်။



အမေရိကန်နှင့် ဗြိတိန်တို့၏ ဘုံဒေတာ စံနှုန်းသတ်မှတ်မှုသည် ရိုးရိုးရှင်းရှင်း ပူးပေါင်းဆောင်ရွက်မှုထက် ပိုမိုနက်နဲပြီး၊ မဟာမိတ်နိုင်ငံများကြား "ဒစ်ဂျစ်တယ်ဘာသာစကား" တစ်ခုတည်းကို ပြောဆိုလာစေရန် ဖန်တီးလိုက်ခြင်းဖြစ်သည်။ ဤသို့ဖြင့် အမေရိကန်၏ ရေဒါမှ မြင်တွေ့ရသောအချက်အလက်ကို ဗြိတိန် သို့မဟုတ် တောင်ကိုရီးယား၏ ပစ်ခတ်မှုစနစ်က ချက်ချင်းနားလည်ကာ တုံ့ပြန်နိုင်မည့် "ဒရုန်းတန်ပြန်ရေး" ကွန်ရက်ကြီးတစ်ခု ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

အရှေ့အာရှမှ တောင်ကိုရီးယား၊ မြောက်ဥရောပမှ ဆွီဒင်နှင့် အက်စတိုးနီးယားတို့၏ ဒရုန်းတန်ပြန်ရေး အပြိုင်အဆိုင်ဖော်ဆောင်မှုများသည် အနာဂတ်စစ်ပွဲများတွင် ဝေဟင်စိုးမိုးရေးဆိုသည်မှာ တိုက်လေယာဉ်ကြီးများတင်မကဘဲ မြေပြင်နှင့် နီးကပ်စွာ ပျံသန်းနေသော အသေးစားဒရုန်းများကို မည်သူက ပိုမိုမြန်ဆန်တိကျစွာ ဟန့်တားနိုင်မည်လည်းဆိုသည့်အပေါ်တွင် မူတည်နေကြောင်း ပြသနေသည်။

အနှစ်ချုပ်ရသော် ယခုဖြစ်ပေါ်နေသော ကမ္ဘာလုံးဆိုင်ရာ ဒရုန်းတန်ပြန်ရေး လှုပ်ရှားမှုများသည် နည်းပညာအင်အားစုများပေါင်းစည်း၍ ခေတ်သစ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် ကြိုးပမ်းနေသည့် "မဟာဗျူဟာမြောက် ဒစ်ဂျစ်တယ်ခံစစ်" ပင် ဖြစ်ပါတော့သည်။

**US and UK Set Joint Counter-Drone Data Standards ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရေဦး မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧက အားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ် ပြောင်း ၃၁၄ ဧကနှင့် ဖူးစားပြောင်း ၁၂၇ ဧက စုစုပေါင်း ၄၄၁ ဧက ထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၄၉ ဒသမ ၅၀ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၃၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်း ၃၁၄ ဧကနဲ့ ဖူးစားပြောင်း ၁၂၇ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်အောင်၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်သုံးစွဲခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)




# ဖီးကုန်းမြို့နယ် သစ်နဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ဖီးကုန်း မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဖီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်နဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဋ္ဌေးလွင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် သစ်နဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၃၁ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၄ ဦးကို ငွေကျပ် ၅၆ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလဲထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလဲထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ငါးသလဲထိုးပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ငါးသလဲထိုး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငါးသလဲထိုးတွေအပါအဝင် ရေထွက်ကုန်တွေကို ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲက ငါးသလဲထိုးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ အဓိကတင်ပို့ရောင်းချနေတာပါ"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။



အဆိုပါငါးသလဲထိုးများ တင်ပို့အား ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**မြန်အောင် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ပံ့ပိုးရန်ပုံငွေဖြင့် ဆန်နီချောင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဆန်နီချောင်ကျေးရွာ၌ ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဆန်နီချောင်ကျေးရွာ၌ တစ်ဖက် လျှင် အရှည် ၇၅၇ ပေ၊ အကျယ် ၂ ပေ ၆ လက်မ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ် ဘီးလမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် VDP ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ငယ်လေး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၆ ခုနှစ် ၅၂ နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဖတ်ကြားစဉ်။

**နေပြည်တော် မတ် ၁၉**

၂၀၂၆ ခုနှစ် ၅၂ နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)နှင့် ပြည်နယ်ခန်းမတို့၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်ချီးမြှင့်သည်။

သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့ကို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၆ ခုနှစ် ၅၂ နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ၅၂ နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ၅၂ နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြု အမှာစကား ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့ဝင်များက ပြည်နယ်ဂုဏ်ထူးဆောင် ထူးချွန်ဆုများဖြစ်ကြသည့် စီမံခန့်ခွဲရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စီးပွားရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ စိုက်ပျိုးရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ မွေးမြူရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ စက်မှုလက်မှုထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ ဝန်ဆောင်မှုထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊လူမှုရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားယဉ်ကျေးမှုစင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာဖွင့်ပွဲအခမ်းအနားတက်ရောက်၍ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက စင်တာမုခ်ဦးကို စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များက စင်တာကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းခဲ့ပြီး တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ စင်တာအတွင်းရှိ ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်း၊ တိုင်းရင်းသားရိုးရာနေအိမ်များနှင့်ယဉ်ကျေးမှုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များက ၅၂ နှစ်မြောက် မွန်ပြည်နယ်နေ့ ဂုဏ်ပြုသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက်ကော်မရှင်အဖွဲ့ဝင်ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မွန်ပြည်နယ်နေ့အထိမ်းအမှတ်ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ပြီး မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ရိုးရာအကအလှများ၊တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိမန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယနေ့ညနေပိုင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ အဆိုပါရုံးဝင်းအတွင်း ဆောင်ရွက်ခဲ့သည်။

ယခုအခါ ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ရောက်ရှိလာပြီးဖြစ်သည့်အပြင် ပေါ့ဆမှုများကြောင့် မိတ္ထီလာခရိုင်အတွင်း မီးလောင်မှုများ မကြာခဏဖြစ်ပေါ်နေသည့်အတွက် မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် သိုလှောင်ထားရှိသည့် စက်ယန္တရားများ၊ အုပ်ချုပ်မှုမော်တော်ယာဉ်များ၊ ရုံးပိုင်အဆောက်အအုံများ၊ အရေးကြီးစာရွက်စာတမ်းများ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖြိုးပြည့်အောင်၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်ဦးဆောင်သည့်ဝန်ထမ်းများ၊ မိသားစုဝင်များပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။(သတင်းစဉ်)



# မော်လမြိုင်မြို့ရှိ ရွှေမြိုင်သမဝါယမအသင်း၏ တန် ၉၀ ဆန်စက်ကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းသို့သွားရောက်၍ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း တက်ရောက်နေကြသော မွန်ပြည်နယ်သမဝါယမဦးစီးဌာနမှ အမှုထမ်းများ၊ ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ အမှုထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဝန်ထမ်းတစ်ဦးချင်း၏ အခက်အခဲများမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွန်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် သုံးထပ်စာသင်ဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အောင်သဇင် သမဝါယမအသင်းနှင့် မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း လီမိတက်၏ တန် ၉၀ ကျဆန်စက်နှင့် တန် ၁၂၀ စပါးအခြောက်ခံစက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ အသင်းစုချုပ်ဥက္ကဋ္ဌနှင့် စက်ရုံတာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် သမဝါယမ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရင်းအနှီးရရှိရေး၊ အထွက်တိုးမျိုးနှင့် သွင်းအားစုရရှိရေးအတွက် စီမံကိန်းများလည်း ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှ ထွက်ရှိလာသောစပါးများကို သမဝါယမအသင်းပိုင်ဆန်စက်ဖြင့် ဝယ်ယူကြိတ်ခွဲ၍ ပြန်လည်ရောင်းချခြင်းဖြင့် အသင်းသားတောင်သူများ ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်၍ အသင်းအချင်းချင်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မွန်ပြည်နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ စိုက်ကွင်း၊ စိုက်ခြံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မင်းရွာ ရော်ဘာခြံ၌ ရော်ဘာပင်များစိုက်ပျိုးထားရှိမှု၊ အစေးလှီးထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုပြီး စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတွင် ရော်ဘာနှင့် ရော်ဘာထွက်ကုန်ပစ္စည်းများသည် မရှိမဖြစ်လိုအပ်သောကြောင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရန်၊ အထွက်နှုန်း ကောင်းမွန်စေရေးအတွက် ပင်ပြည့်၊ ကွက်ပြည့်အစေးလှီးနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် အလေအလွင့်မရှိအောင် စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ အဆိုပါဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စက်မှုကြီးကြပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် စက်မှုလုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည့်အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လေ့လာသင်ယူခြင်းလုပ်ငန်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းမှာကြားကာ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်စက်မှုဇုန်ရှိ ထူးစက်မှုလက်မှုလုပ်ငန်း၌ ခေတ်မီစက်ကိရိယာပစ္စည်းများ အသုံးပြု၍ စက်ခုတ်စားနေမှု၊ လက်ဆွဲကောက်စိုက်စက်များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကြွေထည်ပစ္စည်းထုတ်လုပ်ရေးဌာန စက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ အဆိုပါဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် ယခင်က ကြွေထည်ပစ္စည်းအမျိုးမျိုးကိုထုတ်လုပ်ခဲ့သည့်အတွက် စက်ရုံရှိ နည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရေးအတွက် ဆင့်ပွားသင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်မရှိလျှင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်၍မရသဖြင့် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ပုံသေပိုင်ပစ္စည်းများ၊ စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေးအတွက် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ဆိပ်ကမ်းမြေနေရာကိုလည်း အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်း၊ စိတ်ဝင်စားမှုအဆိုပြုလွှာ(EoI) ခေါ်ယူခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဆိပ်ကမ်းမြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၄) အရက်ချက်စက်ရုံ (မော်လမြိုင်)သို့ရောက်ရှိရာ စက်ရုံတာဝန်ခံက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန်မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ရှိ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ အဆိုပါဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ဌာနတာဝန်ခံနှင့် တာဝန်ရှိသူများက ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ခြင်းလုပ်ငန်း၊ ဘွိုင်လာစစ်ဆေးခြင်းလုပ်ငန်း၊ လျှပ်စစ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စက်မှုဖွံ့ဖြိုးရေးဌာန၏ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပံ့ပိုးပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများ၊လုပ်ငန်းစီမံကိန်းများတွင် တရားမဝင်အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ် အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

ရှေ့ဖုံးမှအဆက်

ထို့အတူ တပ်မတော်စစ်ကြောင်းများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်း ပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်း မရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အေးချမ်းစွာ နေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက အသီးသီး ကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်မျိုးစုံ ၇၈ လက်၊ လက်ပစ်ဗုံး၊ ဗုံးသီး ၃၈ လုံး၊ စကားပြောစက် သုံးလုံး၊ ကျည်အိမ်မျိုးစုံ အခု ၅၀၊ ကျည်မျိုးစုံ ၃၃၆၂ တောင့်၊ မိုင်းမျိုးစုံ ၁၄ လုံး၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ကျည်ကာဦးထုပ် ငါးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်း၊ RPG တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်းနှုန်း၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ငါးသိန်းနှုန်း၊ လက်ပစ်ဗုံး၊ ဗုံးသီး တစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်း၊ စကားပြောစက် တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်း၊ ကျည်ကာအင်္ကျီ တစ်ထည်လျှင် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်း၊ ကျည်ကာဦးထုပ် တစ်လုံးလျှင် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်းနှင့် အလင်းဝင်ရောက်လာသူများကို တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၀၀၀ ခန့်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက အပ်နှံထားသော လက်နက်၊ ခဲယမ်းများကို ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့တွင် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများကို ပြန်လည်လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ငါးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား သုံးဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား ခြောက်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား တစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ငါန်းဇွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား လေးဦး၊ မိတ္ထီလာမြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသား ကိုးဦး၊ ရမည်းသင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား လေးဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၅၈ ဦး၊ အမျိုးသမီး နှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၂၁၉ ဦး၊ အမျိုးသမီး ၃၁ ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ ကျောက်ပန်းတောင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ငဖဲမြို့နယ်မှအမျိုးသား သုံးဦး၊ တောင်တွင်းကြီးမြို့နယ်မှအမျိုးသား သုံးဦးဖြစ်၍ အမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၅၀၆ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများကို ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

"အကြမ်းဖက် အဖွဲ့အစည်းထဲကို ဘယ်လိုဖြစ်ပြီး ဝင်ဖြစ်သွားတာလဲဆိုရင်တော့ ကျွန်တော် နေပြည်တော်မှာ အလုပ်လုပ်နေရင်းကနေပြီးတော့မှ သူငယ်ချင်းက ဖုန်းဆက်ပြီး လှမ်းခေါ်တာပေါ့နော်။ လာခဲ့၊ ဒီမှာ လစာတွေကောင်းတယ်၊ အစစ



အရာရာ အားလုံးအဆင်ပြေအောင်လုပ်ပေးမယ်။ ဘာမှ လိုလေသေးမရှိစေရဘူးဆိုပြီး သူခေါ်ရာကနေမှ အကြမ်းဖက်အဖွဲ့အစည်းထဲ ရောက်သွားတာဖြစ်ပါတယ်။ အဲဒီကနေပြီးတော့မှ ကျွန်တော် သင်တန်း သုံးလတက်ခဲ့ရပါတယ်။ သင်တန်း သုံးလတက်တဲ့ အချိန်အတွင်းမှာဆိုရင် ဆေးဝါးတွေဆိုရင်လဲ လုံလောက်အောင်မပေးဘူးပေါ့နော်။ စားတဲ့ထမင်းတွေထဲမှာဆိုရင် သူတို့က ခဲယမ်းတွေ၊ ဓာတ်ဆီတွေ အဲဒီလိုမျိုး ထည့်ကျွေးတယ်။ အဲဒီလိုမျိုးထည့်ကျွေးတဲ့ အခါကျတော့ သင်တန်းက ပင်ပန်းတဲ့အချိန်နဲ့ စားတဲ့အခါမှာ အဆင်မပြေတဲ့ အခါကျတော့ တချို့တွေဆိုရင် ဖျားကြတယ်။ ဝမ်းပျက်ဝမ်းလျှောတွေ ဖြစ်ကြတယ်။ ဒီလိုအခါမျိုးကျလို့ရှိရင် သူတို့က ဆေးခန်းသွားပြရင် နင်တို့က အစားအသောက်မှ မဆင်ခြင်တာ၊ ဒီလိုမျိုးတွေ ဖြစ်မှာပေါ့ဆိုပြီး ပစ်ထားတယ်။ မကုပေးဘူး။

တချို့တွေကျတော့လဲ ဒဏ်တွေမခံနိုင်လို့ ပြေးကြတယ်။ ပြေးတဲ့သူတွေဆိုရင်လဲ လမ်းမှာတင် ပစ်သတ်တယ်။ တချို့တွေဆို ပြန်ဖမ်းလာမိတဲ့ လူတွေဆိုရင်လဲ သူတို့တွေက လူတွေနဲ့ချုပ်ပြီးတော့မှ ရိုက်ကြတယ်။ တချို့ဆို တင်ပါးတွေကို သွေးတွေထွက်တယ်။ ပါးတွေဆိုလဲ ပါးစပ်ထဲကနေ သွေးတွေထွက်တဲ့ထိ အဲဒီလိုမျိုး ရိုက်တယ်။ ကျွန်တော်တို့ သင်တန်းကနေ ဆင်းပြီးတော့ ပြည်သူ့ဆက်ဆံရေးဌာနမှာ တာဝန်ထမ်းဆောင်ရတယ်။ ပြည်သူ့ဆက်ဆံရေးဌာနမှာဆိုရင် ကျွန်တော်တို့ လမ်းတွေမှာ ဂိတ်တွေစောင့်ခဲ့ရတယ်ပေါ့။ ဂိတ်တွေစောင့်တဲ့အချိန်မှာဆိုရင် ဖမ်းဆီးရေးတွေလိုက်ရတယ်။ ဖမ်းဆီးရေးတွေ လိုက်တဲ့အခါမှာ ဆေးမှုတွေလိုက်ဖမ်းတယ်။ ဆေးမှုတွေလိုက်ဖမ်းတဲ့အချိန်မှာဆိုလဲ ဆေးတွေရလာတယ်။ ဆေးတွေရလာတယ်ဆိုရင် သူတို့ဘာသာသူတို့ ပြန်သုံးတယ်။ ပြီးရင် အပြစ်မရှိတဲ့ ပြည်သူတွေကို ဖမ်းလာတယ်၊ ရိုက်တယ်၊ နှက်တယ်၊ အချုပ်ချထားတယ်၊ ပြီးရင် ပိုက်ဆံတွေတောင်းတယ်။

ရွှေလုပ်ကွက်တွေပေါ့နော်။ ရွှေလုပ်ကွက်ဆိုရင်လဲ စဉ့်ကူးနယ်မြေထဲမှာ ရွှေလုပ်ကွက် ၁၄ ကွက်ရှိတယ်။ ၁၄ ကွက်လုံးကို အကြမ်းဖက်အဖွဲ့အစည်းကနေပြီးတော့မှ လက်ဝါးကြီးအုပ်ထားတယ်။ ၁၄ ကွက်ထဲကို ဘယ်ပြည်သူကိုမှ၊ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ သူတို့က အဝင်မခံဘူး။ ဝင်တဲ့သူတွေဆိုရင်လဲ ရိုက်တယ်၊ နှက်တယ်၊ ပြီးလို့ရှိရင် ဖမ်းတယ်၊ အချုပ်ချထားတယ်။ တချို့တွေဆိုရင် ခေါင်းတွေ ရေနွေးပူနဲ့လောင်းတာခံရတယ်။ အဲဒီလိုမျိုးတွေတောင်ရှိခဲ့တယ်။ တပ်မတော်က စဉ့်ကူးနယ်ဘက်ကို ပြန်ပြီးတော့ ထိန်းချုပ်တဲ့အခါမှာ ပြည်သူတွေ လုပ်ကိုင်စားသောက်ဖို့အတွက်ဆိုပြီး ရွှေလုပ်ကွက်ကို ဘယ်နှကွက်၊ ဘယ်နှကွက်ဆိုပြီး ပြန်ချပေးတာမျိုးရှိတယ်။ အကြမ်းဖက်အဖွဲ့အစည်းကျတော့ အဲဒီလိုမျိုးမဟုတ်ဘူးဗျ။ သူတို့က ဒီဟာကို ငါတို့ပဲအပိုင်သိမ်းမယ်၊ ဘယ်သူမှ လာဝေယူလို့မရဘူး အဲဒီလိုမျိုးတွေပေါ့။

အင်းလုပ်တယ်ပေါ့။ အင်းလုပ်တယ်ဆိုရင်လဲ သူတို့က တစ်လကို ၁၀ သိန်းတောင်းတယ်။ မပေးနိုင်တဲ့သူဆိုရင် ရိုက်တယ်။ အဲဒီလိုမျိုးတွေ လုပ်တာပေါ့နော်။ ပြီးလို့ရှိရင် ကျွန်တော်အဲဒီမှာ အခက်အခဲတွေ အများကြီးကြုံခဲ့ရတယ်။ ဒီရဲဘော်လုပ်တဲ့ကာလအတွင်းမှာဆိုရင်လဲ ရဲဘော်အချင်းချင်းဆိုရင်လဲဗျာ သူတို့တွေက မထီမဲ့မြင်နဲ့ပြောတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့အထက်က တာဝန်ခံတွေဆိုရင်လဲ ရဲဘော်မိန်းကလေးတွေဆိုရင် ချောချောလေးတွေဆို သူတို့နားကိုခေါ်ထားတယ်။ ပြီးရင် ရိသဲ့သဲ့စကားတွေပြောတယ်။ ခြေတော်တွေ တင်တယ်။ အဲဒီလိုမျိုးတွေ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတယ်။ အဲဒီလိုမျိုးတွေရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့လဲ ကိုယ့်ကိုယ်ကိုယ် မလုံခြုံဘူးထင်လို့ အဲဒီကနေ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးခဲ့ပြီးတော့ ကျွန်တော်တို့ တပ်မတော်ဘက်ကို အလင်းဝင်တယ်။ တပ်မတော်ဘက်ကို အလင်းဝင်တဲ့အခါမှာဆိုရင်လဲ သူတို့က ပြောတယ်။ နင်တို့မိန်းကလေးတွေ တပ်မတော်ဘက် အလင်းဝင်လို့ရှိရင် နင်တို့ကို အဓမ္မပြုကျင့်လိမ့်မယ်။ ပြီးလို့ရှိရင် ယောကျ်ားလေးတွေဆိုရင်လဲ စစ်မှုထမ်းထဲကိုဆွဲထည့်မှာ အဲဒီလိုမျိုးတွေပြောတယ်။ ဒါပေမဲ့ တကယ့်တကယ် ကျွန်တော်တို့ ဝင်ခဲ့တဲ့အချိန်မှာ အဲဒီလိုမျိုးလုံးဝမဟုတ်ပါဘူး။ သူတို့စားသလိုမျိုးလဲ စားရတယ်။ သူတို့နေသလိုမျိုးလဲ နေရတယ်။ အစစအရာရာ အားလုံးအဆင်ပြေအောင် အကုန်လုပ်ပေးပါတယ်။ ဘာမှ လိုလေသေးမရှိပါဘူး။ သူတို့ပြောခဲ့၊ သူတို့ ကျွန်တော်တို့ကို စကားတွေနဲ့ သွေးထိုးခဲ့တဲ့ စကားတွေက ကျွန်တော်တို့ အခုလက်တွေ့မှာတော့ လုံးဝတခြားစီပါပဲ။ ကျွန်တော်ပြောချင်တာက တောထဲမှာပေါ့နော်၊ ကိုယ့်ဘဝကို နစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကို လာပြီးတော့မှ အလင်းဝင်ပါ။ တပ်မတော်ဘက်ကို အလင်းဝင်တဲ့အတွက်ကြောင့်မို့လို့လဲ အခုဆိုရင် ကျွန်တော်ဆိုလဲ ကိုယ့်အိမ်ကိုယ် ပြန်ရတော့မယ်။ ပြီးလို့ရှိရင်လဲ ကိုယ့်မိဘတွေနဲ့ကိုယ် ပြန်ဆုံတွေ့ရတော့မယ်။ တပ်မတော်ဘက်ကို လာပြီးတော့မှ အလင်းဝင်ပါ။ တပ်မတော်ဘက်ကလဲ ကြိုဆိုနေပါတယ်။ ကျွန်တော်ကလဲ နောက်နောင် ဒီလိုအဖွဲ့အစည်းမျိုးကို ဘယ်တော့မှ မပတ်သက်တော့ပါဘူးလို့လဲ ကတိပြုပါတယ်"ဟု ပြောသည်။

"ကျွန်မ အကြမ်းဖက်အဖွဲ့အစည်းထဲကို စဝင်ခါစက ကျွန်မအသက်မှာ ၁၅ နှစ်ပဲရှိပါသေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ဝင်သွားတဲ့အကြောင်းရင်းကတော့ အကြမ်းဖက်အဖွဲ့အစည်းက ကျွန်မတို့ရွာကိုလာပြီးတော့ စည်းရုံးရေးဆင်းတယ်။ ဟောပြောပွဲတွေလုပ်တယ်။ တစ်အိမ်တစ်ယောက် မလိုက်မနေရပုံစံမျိုးတွေနဲ့ ကောက်ခံတယ်။ သူတို့က တစ်အိမ်တစ်ယောက်မှ မလိုက်လို့ရှိရင် မိသားစုတွေကို ဒုက္ခပေးမယ်။ အဖေ၊ အမေတွေကို သတ်ပစ်မယ် ဘာညာနဲ့ပြောတော့ ကျွန်မတို့လဲ ကြောက်ပြီးတော့ အဲဒီထဲဝင်သွားခြင်းဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကိုရောက်တော့ ကျွန်မတို့ စစ်သင်တန်း သုံးလတက်ရတယ်။ စစ်သင်တန်း သုံးလမှာဆိုရင်လဲ ဆေးဝါးလုံလောက်မှုမရှိဘူး။ အဲဒါကြောင့်မို့လို့ တချို့သူတွေက အဲ့ဒီဒဏ်



တွေမခံနိုင်လို့ ထွက်ပြေးတဲ့သူတွေရှိတယ်။ ထွက်ပြေးလို့ မိလို့ရှိရင်လဲ သူတို့က သတ်ပစ်တယ်။ ရိုက်နှက်တယ်၊ နှိပ်စက်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့လဲ ကြောက်ပြီးတော့ စစ်သင်တန်းကို ကျွန်မတို့ ပြီးဆုံးအောင် တက်ခဲ့တယ်။ စစ်သင်တန်းပြီးတော့ ကျွန်မတို့တွေ ပြည်သူ့ဆက်ဆံရေးမှာ တာဝန်ကျတယ်။ ပြည်သူ့ဆက်ဆံရေးကားလမ်းမကြီးမှာ ဂိတ်စောင့်ရတယ်။ အခွန်ကောက်ခံတဲ့ပုံစံမျိုးနဲ့ သူတို့က ဆက်ကြေးတွေကောက်ခံတယ်။ ဆီပီပါတွေဆိုရင်လဲ ထက်ဝက်ဈေးတွေနဲ့ ကောက်ခံတယ်။

ဆီပီပါတွေကို ထက်ဝက်ဈေးနဲ့ ကောက်ခံလို့ တချို့ပြည်သူတွေ မပေးနိုင်ဘူး။ မပေးနိုင်တဲ့ ပြည်သူတွေဆိုရင်လဲ ဆီပီပါတွေ ဆွဲချတာတွေရှိတယ်။ ပစ္စည်းတွေ ဆွဲယူတာတွေရှိတယ်။ အဲဒါကြောင့် တချို့ပြည်သူတွေဆိုရင်လဲ သံသယအနေနဲ့ ခေါ်တယ်။ ခေါ်ပြီးတော့ သူတို့တွေက နှိပ်စက်တယ်၊ ရိုက်နှက်တယ်၊ လက်သည်းခြေသည်းခွံတွေ ခွာတယ်။ ခေါင်းတွေကို ရေနွေးပူတွေနဲ့ လောင်းတယ်။ သူတို့ပြောတာ ပြည်သူသားအမိ ပြည်သူသားအဖ၊ သူတို့လုပ်နေတာနဲ့ သူတို့ပြောတာနဲ့ လက်တွေ့မှာ တခြားစီပဲ။ ကျွန်မတို့ ရဲဘော်တွေဆိုရင်လဲ တန်းတူတန်းတူဆိုပြီး သူတို့အရာရှိတွေကျတော့ KTV သွားတယ်။ မကောင်းတဲ့ မိန်းမတွေနဲ့ ပျော်ပါးတယ်။ သောက်စားတယ်။ K ရှူတယ်၊ ရာမတွေ သုံးတယ်။ သူတို့ဆို တစ်ညတစ်ညသွားပြီဆို ရာချီထောင်ချီကုန်တယ်။ ရဲဘော်တွေဆိုရင်လဲ မိန်းကလေးတွေကို အဓမ္မပြုကျင့်တယ်။ သင်တန်းသူ ကောင်မလေးကို ညကြီးအချိန်မတော် စကားပြောချင်လို့ဆိုပြီး ခေါ်ပြီးတော့ ကောင်မလေးကို အဓမ္မပြုကျင့်တယ်။ ကောင်မလေးကို ကျတော့လဲ ဘာတာဝန်မှမယူဘဲနဲ့ ကောင်မလေးကိုကျ နယ်ကိုပြန်ပို့တယ်။ ကောင်လေးကိုကျတော့လဲ ဘာပြစ်မှုပြစ်ဒဏ်မှ မပေးဘဲနဲ့ ဒီအတိုင်းထားတယ်။ အဲဒါကြောင့် ကျွန်မတို့လဲ အဲဒီထဲမှာ နေရတာ

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

ကျွန်မတို့ကိုယ်ကျွန်မတို့ မလုံခြုံဘူးလို့ ထင်တယ်။ ကျွန်မတို့လဲ ကျွန်မတို့ဘဝကို ဒီထဲမှာတင် အဆုံးရှုံးမခံနိုင်ဘူး။ အဲဒါကြောင့် ကျွန်မတို့ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးပြီးတော့ ကျွန်မတို့ အလင်းဝင်ဖို့ ကြိုးစားတယ်။ သူတို့က ကျွန်မတို့ကို နားရိုက်သွင်းခဲ့တယ်။ နင်တို့ တပ်မတော်ဘက်ကို အလင်းဝင်လို့ရှိရင် နင်တို့တွေ မိန်းကလေးဆိုရင် အဓမ္မပြုကျင့်မှာ၊ ယောကျ်ားလေးဆိုရင်လဲ အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုထမ်းတွေခေါ်မှာ။ အဲဒါနဲ့ ကျွန်မတို့လဲ ကြောက်တော့ ရှေ့မှာ အလင်းဝင်တဲ့ သူငယ်ချင်းကိုမေးတယ်။ သူငယ်ချင်း အားလုံးအဆင်ပြေလား။ သူငယ်ချင်း အဆင်ပြေတယ်၊ ဘာမှ စိတ်မပူနဲ့၊ တပ်မတော်ဘက်ကလဲ နင်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုနေတယ်။ ကျွန်မတို့လဲ ဒီမှာတာဝန်ရှိတဲ့ ဗိုလ်ကြီးတွေနဲ့ ဆက်သွယ်ပြီး ကျွန်မတို့ ဒီမှာ အလင်းဝင်ခဲ့တယ်။ ကျွန်မတို့ ဒီမှာ ရောက်တော့လဲ အားလုံးနွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကျွန်မတို့ဆိုရင်လဲ အစစအရာရာ လုပ်ပေးတယ်။ သူတို့နေသလို နေရတယ်။ သူတို့စားသလိုစားရတယ်။ ကျွန်မတို့ အမှောင်ထဲကနေ အလင်းကို ပြန်ဝင်လာတာ ကျွန်မတို့အရမ်းကို မှန်တယ်ပေါ့။ အဲဒါကြောင့်မို့ ဟိုမှာရှိနေခဲ့တဲ့ သူငယ်ချင်း ညီအစ်ကို မောင်နှမတွေကိုလဲ အဲဒီထဲမှာနေပြီး ကိုယ့်ကိုယ်ကိုယ် အနစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကို လာပြီး အလင်းဝင်ပါ။ ကိုယ့်ကိုယ်ကိုယ် အဲဒီဘဝထဲမှာ အနစ်မွန်းမခံပါနဲ့၊ ကျွန်မတို့လဲ ဒီကနေအလင်းဝင်ပြီး ပြန်လို့ရှိရင်လဲ ကိုယ့်မိဘ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကောင်းကောင်းမွန်မွန် နေထိုင်ပြီးတော့ ကောင်းကောင်းမွန်မွန် လုပ်စားပြီးတော့ ကျွန်မတို့လဲ နောက်နောင် ဒီလိုအမှားမျိုးကို မကျူးလွန်တော့ပါဘူးလို့ ကတိသစ္စာပြုပါတယ်”ဟု ပြောသည်။

“ကျွန်တော်အကြမ်းဖက်အဖွဲ့အစည်း ရောက်သွားရတဲ့ အကြောင်းရင်းက ကျွန်တော်ရမည်းသင်းမှာ လုပ်ငန်းလုပ်နေတဲ့အချိန် သူငယ်ချင်းက ဖုန်းလှမ်းဆက်ခေါ်ပါတယ်။ ယောက်ဖလာခဲ့၊ ဒီဘက်မှာ အလုပ်လုပ်လို့ အရမ်းကောင်းတယ်၊ ပိုက်ဆံလဲ အရမ်းရတယ်ဆိုပြီး သူခေါ်လို့ ကျွန်တော်ရောက်လာပါတယ်။ ရောက်လာတဲ့အချိန်မှာ သူက ကျွန်တော့်ကို လူစုဆောင်းရေးပို့လိုက်တယ်။ လူစုဆောင်းရေးမှာ လူတွေအများကြီးမို့လို့ ဦးလေးတို့၊ ဒေါ်လေးတို့



တွေ့တော့မေးကြည့်တယ်။ ဦးလေးတို့၊ ဒေါ်လေးတို့ ဘယ်သွားပြီး အလုပ်လုပ်ကြမှာတုန်းလို့ မေးတော့ကျတော့ အဲဒီ ဦးလေး၊ ဒေါ်လေးတွေပြောတယ်၊ ဘယ်လုပ်ငန်း သွားလုပ်ရမှာတုံး၊ ငါတို့ကို လက်နက်ကိုင်ပြီး တိုက်ခိုင်းဖို့လို့ ပြောတယ်။ အဲဒါကျမှ ကျွန်တော့်ကို သူက လိမ်ခေါ်မှန်းကျွန်တော်သိတယ်။ သိတော့ ကျွန်တော်တစ်ခါတည်းထွက်ပြေးဖို့လုပ်တယ်။ လုပ်တော့ကျတော့ သူတို့က ပြောတယ်၊ မင်းတို့ထွက်ပြေးရင် မင်းတို့တင်မကဘူး၊ မင်းတို့မိသားစုပါ သတ်ပစ်မှာလို့ ခြိမ်းခြောက်ထားလို့ ကျွန်တော်က အဲဒါနဲ့ သူတို့ပြောတဲ့ အတိုင်းပဲနေလိုက်တယ်။ နေပြီးတော့ သူတို့ပေးတဲ့ သင်တန်းကိုလဲ ကျွန်တော် တက်လိုက်တယ်။ သင်တန်းတက်တဲ့ အခါမှာလဲ ခက်ခက်ခဲခဲ ထမင်းဆိုလဲ နပ်မမှန်ဘူး၊ ရောဂါဖြစ်ရင် ကြိုပြောမင်းတို့ရောဂါရှိတဲ့လူ ရှေ့တန်းမပို့ဘူး၊ အသက်မပြည့်တဲ့ ကလေးတွေလဲ ရှေ့တန်းမပို့ဘူးလို့ သူတို့ကပြောတယ်။ ဒါပေမဲ့ သူတို့က သင်တန်းလဲဆင်းပြီးရော ကျွန်တော်တို့ကိုပြောတယ်။ ရှေ့တန်းတန်းပို့တယ်။အသက်မပြည့်တဲ့ကလေးတွေ ၁၅ နှစ်၊ ၁၆ နှစ်၊ ၁၇ နှစ်တွေကအစ ပါပါတယ်။ ရှေ့တန်းမှာလဲ လက်နက်ခဲယမ်းဆို ပြည့်ပြည့်ဝဝ ပေးမထားပါဘူး။ လူဆိုလဲ နည်းနည်းလေးပဲ ပေးထားပါတယ်။ ကျွန်တော်လဲ မိဘကိုချစ်တဲ့သူမို့ ကိုယ့်မိဘနဲ့ကိုယ် ပြန်တွေ့ချင်လို့ ရှေ့တန်းကနေ ကျွန်တော်ထွက်ပြေးတယ်။ အိမ်ရောက်တော့ကျတော့ ပြည်သူတွေက၊ မိဘပြည်သူတွေက ကျွန်တော်တို့ကို အနေမခံချင်ဘူး ရွာထဲကို၊ မိဘကိုယ်တိုင်ကိုက အနေမခံဘူး။ ပြန်အနေမခံတော့ သူတို့အကြမ်းဖက်အဖွဲ့က ကျွန်တော်တို့ကို ပြန်လာဖမ်းတယ်။ လက်ပံလှမှာ ကျွန်တော်တို့ကို အချုပ်ချထားတယ်။ အချုပ်ချထားပြီးတော့ ကျွန်တော် လက်ပံလှအချုပ်ထဲကနေ ကျွန်တော်အပါအဝင် နှစ်ယောက် ထပ်ထွက်ပြေးတယ်။ ပြေးပြီးတော့ ကျွန်တော်တို့ ပထမတစ်သုတ်မှာ အလင်းဝင်သွားတဲ့ သူငယ်ချင်းကိုဆက်သွယ်တယ်။ ကျွန်တော်ကိုယ်တိုင် မဝင်ရဲဘူး။ ဒါပေမဲ့ သူငယ်ချင်းက ပြောတယ်။ ကောင်းကောင်းမွန်မွန် ဖျောင်းဖျပြောတော့ သူပြောတဲ့စကားကို ကျွန်တော်ယုံလို့ဆိုပြီးတော့ ကျွန်တော်အလင်းကိုယ်တိုင်လာဝင်တယ်။ တပ်မတော်ကြီးက ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုတယ်။ စားနပ်ရိက္ခာဆိုလဲ ပြည့်ပြည့်ဝဝပေးတယ်။ ဆေးခန်းတွေဘာတွေလဲ အကုန်လိုက်ပို့တယ်။ လိုလေသေးမရှိအောင်လို့ ကျွန်တော်တို့ကို လိုက်ပို့ပေးပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လဲ အခုဆိုရင် ကျွန်တော်တို့ အခမ်းအနားပွဲပြီးရင် ကျွန်တော် အဖေ၊ အမေအပါအဝင် ကျွန်တော်တို့ရွာကိုပဲ လွတ်လွတ်လပ်လပ် နေရတော့မယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လဲ တောထဲမှာရှိနေတဲ့ ညီအစ်ကို မောင်နှမ သူငယ်ချင်း မိတ်ဆွေတွေကို ဒီနေရာကနေ သူတို့ကို အလင်းဝင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ နောက်နောင်အကြမ်းဖက်အဖွဲ့နဲ့ ကျွန်တော် မပတ်သက်တော့ပါဘူးလို့ မိဘပြည်သူထံမှာ ကတိသစ္စာပြုပါတယ်ခင်ဗျာ”ဟု ပြောသည်။ (၅၀၁)

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ၈၁ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းကြောင်းပေါ်ရှိ (ဗလမင်းထင်-နန့်မြစ်ခ)လမ်းပိုင်း ကတ္တရာကွန်ကရစ်(AC)လမ်းသစ်ဖွင့်ပွဲ ကျင်းပ



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် မတ် ၁၉

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် ၈၁ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား လမ်းကြောင်းပေါ်ရှိ (ဗလမင်းထင်-နန့်မြစ်ခ) လမ်းပိုင်းအား ကတ္တရာကွန်ကရစ်(AC) လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းပိုင်းနေရာ၌ ကျင်းပပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လမ်းပိုင်းတည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (ပြန်)

# ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် မတ် ၁၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေး အဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံ တိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ ဓမ္မာရုံ၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၄၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (ပြန်)

## အစေ့ထုတ်ပြောင်း (မိုး) စိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်း မပြုလုပ်ရန်

၁။ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူနှင့် PM2.5 လေထုညစ်ညမ်းခြင်းကို လျှော့ချနိုင်ရန် တောင်ယာခုတ်ထွင်မီးရှို့ခြင်း မပြုလုပ်သည့် ဒေသများမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကိုသာ တင်သွင်းခွင့်ပြုနေပါသဖြင့် ထိုင်းနိုင်ငံသို့တင်ပို့မည့် အစေ့ထုတ်ပြောင်းဆန်များ၏ စိုက်ပျိုးထွက်ရှိရာဒေသများတွင် တောင်ယာခုတ်ထွင်မီးရှို့ခြင်း ရှိ၊ မရှိကို စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသဌာန (ASEAN Specialized Meteorological Centre-ASMC)က ပေးပို့သည့် Fire Hotspot ဖြစ်ပေါ် တွေ့ရှိမှုများကိုအခြေခံကာ နောက်ကြောင်းပြန်စိစစ်သည့် အစီအစဉ်များဖြင့် စနစ်တကျစိစစ်၍ မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေး လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အနေဖြင့် ထောက်ခံချက်များကို ထုတ်ပေးလျက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ အစေ့ထုတ်ပြောင်းစိုက်ပျိုးမည့် တောင်သူများအနေဖြင့် အစေ့ထုတ်ပြောင်း (မိုး) စိုက်ရာသီမတိုင်မီ စိုက်ပျိုးမည့်ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်းကို လုံးဝ(လုံးဝ) ဆောင်ရွက်ခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။

မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း
မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့

## ၂၀၂၆ ခုနှစ် မတ် ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းတစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၂၀ ရက်မှ ၂၆ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကမ္ဘာ့ရေနေ့ ၂၀၂၆
WORLD WATER DAY 2026
၂၀၂၆ ခုနှစ်၊ မတ်လ ၂၂ ရက်

22 MARCH WORLD WATER DAY
2026 Water and gender

"ရေကဏ္ဍစုံ စီမံရေး ကျားမတန်းတူ ပါဝင်ပေး"
"Water and Gender"

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

(၆၆) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့
၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်

"သဘာဝဘေး ကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့"
"Observing Today, Protecting Tomorrow"

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲ ဆုရရှိသူများစာရင်း

| စဉ် | ကလောင်အမည် | စာမူအမည် | မှတ်ချက် |
|---|---|---|---|
| **စစ်ချီသီချင်း** | | | |
| ၁။ | အောင်ဇော်ဦး(ရဲတီးဝိုင်း) | ကြည်း၊ ရေ၊ လေ သည် ထာဝရညီ | ပထမ |
| ၂။ | မိုးမြင့်ဦး(လုပ်သား-ရှုပ) | တပ်မတော်သားပီပီ | ဒုတိယ |
| ၃။ | ခန့်ပြား(ကေတုမတီ) | ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော် | တတိယ |
| ၄။ | ဇော်မျိုးထွန်း (အုပ်ခွဲတပ်ကြပ်ကြီး) | ပြည်သူ့အတွက် ဒို့တပ်မတော် | စတုတ္ထ |
| ၅။ | ဗိုလ်ထိန်(မီးသတ်) | မျိုးချစ်ဒို့စစ်သည် | ပဉ္စမ |
| **စစ်သည်တေးသီချင်း** | | | |
| ၁။ | စုစုဇော် (သီရိခေတ္တရာ) | သူရဲကောင်းစစ်သည် | ပထမ |
| ၂။ | ခင်ငြိမ်းချမ်းစိုး(သဇင် FM) | ဂုဏ်ပြုလျက်ပါအဖေ | ဒုတိယ |
| ၃။ | ကျော်ဆွေအောင် | ကျွန်တော်စစ်သားပါ | တတိယ |
| ၄။ | ကေသီအောင် | မေ့စစ်သားမောင် | စတုတ္ထ |
| ၅။ | လှိုင်ဝင်းထွန်း | တုန္နိုင်းမဲ့စစ်သည်တွေ | ပဉ္စမ |
| **ကဗျာ(ဝါသနာရှင်)** | | | |
| ၁။ | ထွန်းထွန်း(လားရှိုး) | ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော် | ပထမ |
| ၂။ | မြတ်မင်းသန့် | နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော် | ဒုတိယ |
| ၃။ | ရဲကျော် | ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ပည်းမော်ကွန်း | တတိယ |
| ၄။ | ကြေးမုံဖြိုးသန့်( ရွှေရတု) | စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ | စတုတ္ထ |
| ၅။ | ထာဝရမွန် (ဂုဏ်ထူးတန်း) | ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး | ပဉ္စမ |
| **ကဗျာ(အလွတ်တန်း)** | | | |
| ၁။ | ရဲမင်းစိုး | ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း | ပထမ |
| ၂။ | မြတ်ထွဏ်းနောင် | ပြည်ထောင်စုရဲ့တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော် | ဒုတိယ |
| ၃။ | မျိုးစစ်သည် | ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော် | တတိယ |
| ၄။ | ဘုန်းမောင်ဝင်း(ဖျာပုံ) | ရွှေရောင်လင်းသည့် နိုင်ငံတော်နှင့် ပြည်သူချစ်သော တပ်မတော် | စတုတ္ထ |
| ၅။ | မောင်အေးသန်း (ကြို့ပင်ကောက်) | အရေးသုံးပါးဦးထိပ်ထား | ပဉ္စမ |
| **ဝတ္ထုတို(ဝါသနာရှင်)** | | | |
| ၁။ | မနော်ဖြူ | ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ် | ပထမ |
| ၂။ | မနောသစ်(ပခုက္ကူ) | မုန်းမုန်း ချစ်ချစ် | ဒုတိယ |
| ၃။ | ရဲမွန်ကျော် | သူရဲကောင်းတို့၏ ဒိုင်ယာရီ | တတိယ |
| ၄။ | မောင်အေးချမ်း(ခနုဖြူ) | အလေးပြုပါသည် ဆရာဖိုးနီ | စတုတ္ထ |
| ၅။ | ကိုစော (ပထဝီဝင်) | အမေဂုဏ်ယူနေပါတော့ | ပဉ္စမ |
| **ဝတ္ထုတို(အလွတ်တန်း)** | | | |
| ၁။ | ကျော်တေဇ(ဥက္ကလာ) | ဝတ်မှုန်ကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ | ပထမ |
| ၂။ | မုန်းမောင်မောင် | ပစ်မထားရက်ခဲ့ပါ | ဒုတိယ |
| ၃။ | နွေးထက်လှိုင် | မအေးမြရဲ့ သတ္တိသွေး ပျံ့နှံ့လို့နေပါပြီ | တတိယ |
| ၄။ | မင်းလပြည့်(ဟားခါး) | စစ်ကိုမုန်းခဲ့သော်လည်း | စတုတ္ထ |
| ၅။ | မောင်မောင်လွင်(ရွှေဘိုသား) | သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား | ပဉ္စမ |
| **ဝတ္ထုရှည်(ဝါသနာရှင်)** | | | |
| ၁။ | အမောင် | တိမ်တိုက်တွေရဲ့ အဖြူရောင်သက်တံ | ပထမ |
| ၂။ | ရှားမိန်း | အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ | ဒုတိယ |
| ၃။ | ကျော်စိုး(ဒိုက်ဦး) | စစ်သားဂုဏ်ရည် | တတိယ |
| ၄။ | ဟန်ညွန့်(ယဉ်ကျေးမှု) | စိန်ပန်းနီနီနှလုံးသား | စတုတ္ထ |
| ၅။ | တင်ဦး (ရန်ကင်း) | လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည် | ပဉ္စမ |
| **ဝတ္ထုရှည်(အလွတ်တန်း)** | | | |
| ၁။ | ပိုင်ဇင်ဇော်(သတ္တု) | သစ္စာစမ်းမှာ ပန်းစုံလန်းသည် | ပထမ |
| ၂။ | ခန့်ပိုင် | လက်ဆင့်ကမ်းအမွေ | ဒုတိယ |
| ၃။ | ဘုန်းရဲနိုင်(ဂန့်ဂေါ) | မလေးမောင်ချစ်မငြီးနိုင် | တတိယ |
| ၄။ | မောင်စူးရှ(အနောက်ရိုးမ) | မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ | စတုတ္ထ |
| ၅။ | ရဲခေါင် | ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်ဦ | ပဉ္စမ |

## ❑ ဂေါက်သီးရိုက်ပြိုင်ပွဲမှ

ယခုနှစ်တွင်လည်း ၎င်းတို့၏ အကြိတ်အနယ်ယှဉ်ပြိုင်မှုကို မြင်တွေ့ရဖွယ်ရှိနေပြီး မနှစ်ကအတိုင်း အကောင်းဆုံးကစားနိုင်ရေးအတွက် ပြင်ဆင်ထားကြောင်း သိရသည်။ ဗစ်တာဟိုဗ်လန်းက "မနှစ်တုန်းက အမှတ်တရကောင်းတွေရှိခဲ့တဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ လက်ရှိချန်ပီယံတစ်ယောက်အနေနဲ့ ယှဉ်ပြိုင်ခွင့်ရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ကွင်းအနေအထားနဲ့လဲ ရင်းနှီးပြီးသားပါ။ ကွင်းက လေတိုက်နှုန်းမြင့်မားလေ့ရှိတယ်။ မြက်ခင်းပြင်ကလဲ စိုစွတ်တဲ့အတွက်ကြောင့် ကစားရတာ နည်းနည်းတော့ခက်တယ်။ ဂေါက်သီးကို လိုချင်တဲ့ပုံစံအတိုင်း ရိုက်နိုင်ဖို့က မလွယ်ပါဘူး။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ အောင်မြင်မှုရရှိခဲ့ဖူးတဲ့ပြိုင်ပွဲဖြစ်သလို ကွင်းအနေအထားကိုလဲ ကောင်းကောင်းသိထားတဲ့အတွက် မနှစ်ကလိုပဲ အကောင်းဆုံးကစားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Deadspin

Trs : AZL

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။




Brand New Mobile Phone (Brand – Redmi 15 C)

❖ ဖမ်းဆီးရမိမှုမှအဆက်

တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၁ ရက်၊ ၁၄ ရက်တို့တွင် မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်၊ မြစ်ကြီးနားမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၀ စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်တွင် လွိုင်ကော်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် ဘားအံမြို့နယ် လွန်းညကျေးရွာ၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၈၆၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့နယ် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၃၂ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၁၃၁၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head တစ်စီး၊ နောက်တွဲ တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့နယ် သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့နယ် ဇာသပြင်ကျေးရွာ၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၂၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၃၂၄၂၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်တွင် ဟုမ္မလင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်၊ ၁၅ ရက်တို့တွင် ပြည်မြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်၊ အုတ်ဖိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၀၃၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၆၈ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၆၁၆၈ ကို အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်တွင် စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ မင်းဘူးမြို့နယ်၊ ငဖဲမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၂ ဒသမ ၄၉၇ တန်၊ ပေါင် ၃၀ ဝင် မီးသွေးအိတ် ၁၂၈ အိတ် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၉၁၆၈ ကို သစ်တောဥပဒေအရလည်းကောင်း၊ ပွင့်ဖြူမြို့နယ်၊ မင်းဘူးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ်၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေစက္ကူရောရာ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀ ကို လောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၈၅၁၆၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်၊ ၁၄ ရက်တို့တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၇၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀ နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ကျိုက်မရောမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းလမ်းခွဲ၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း ၂၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၃၃၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Express Bus တစ်စီး၊ Zhong Tong Bus တစ်စီး၊ Yutong Bus တစ်စီး၊ Kyo Kyar Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၃၃၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၂ ရက်တွင် သန်လျင်မြို့နယ် ကုလားဝဲတံတားအနီး၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၈၀၀၀ စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၀၀၈၅၉၃၆ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် ဟိုပုံးမြို့နယ် ပါပန့်ကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ် ၁၅ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၅၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၀၁၆၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် ၁၀ စီး၊ လိုင်စင်ရှိမော်တော်ယာဉ် ငါးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၅၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၈၅၁၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်တွင် ဝေါမြို့နယ် ဘုရားဖြူရှောင်ကွင်းလမ်းဘေး၌ စုပုံထားသည့် အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၂၂၀၀၀ ကိုလည်းကောင်း၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လျှပ်စစ်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Proton Jumback Pickup တစ်စီး၊ Toyota Pro-box တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀၀၀ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၃၀၄၄၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၂၇၆၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယခုနှစ် မတ် ၉ ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၇၅ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၇၇၃၇၁၇၂ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၂၀၂ ဒသမ ၅ သိန်းတန်ဖိုးနှင့် လားရှိုးမြို့တွင် ငွေကျပ် ၅၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၂၀၂ ဒသမ ၅ သိန်းတန်ဖိုးနှင့် လားရှိုးမြို့တွင် ငွေကျပ် ၅၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် ည ၁၁ နာရီတွင် သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ် ပန်ယောင်းရွာနေ အပေါ် ၃၅ နှစ် မောင်းနှင်လာသော HONDA WAVE 110 မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၄၀ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၀၂ ဒသမ ၅ သိန်း)ကို ဖမ်းဆီးရမိသဖြင့် အပေါ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ မတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ အောင်မင်္ဂလာရပ်ကွက်နေ ရီဆိုက် ၅၇ နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၄ သိန်း)နှင့် ဘိန်းဖြူ ဂရမ် ၂၀ (တစ်ဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် လေးသိန်း)ကို ဖမ်းဆီးရမိသဖြင့် ရီဆိုက်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသတင်း ရရှိသည်။

**(သတင်းစဉ်)**


အပေါ်က ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ဟာဆာကာမြို့တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေ



**ဒမတ်စကတ်စ် မတ် ၁၉**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ဟာဆာကာမြို့တွင် မတ်လ ဒုတိယပတ်ကတည်းက မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုများကြောင့် ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ ဟာဆာကာမြို့နေ ဒေသခံများ၏ နေထိုင်မှုနှင့် သယ်ယူပို့ဆောင်ရေး အနှောင့်အယှက်များ ဖြစ်ပေါ်နေကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားခဲ့သည်။

ယနေ့ထိ မိုးဆက်လက်ရွာနေသည့်အတွက် ရေကြီးရေလျှံမှု အခြေအနေ ပိုဆိုးလာနိုင်ကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်များ၊ လမ်းများနှင့် စိုက်ပျိုးရေးလုပ်ကိုင်နေသော လယ်ယာများ ရေနစ်မြုပ်ခဲ့ပြီး အချို့ဒေသများတွင် သွားလာရေးလမ်းကြောင်းများပိတ်ထားကြောင်း သိရသည်။

အရေးပေါ် ကယ်ဆယ်ရေး အဖွဲ့များသည် ရေနစ်မြုပ်နေသည့် နေရာများမှ ပြည်သူများကိုရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေကြောင်း သိရသည်။

လက်ရှိ ဒေသခံများသည်လျှပ်စစ်ဓာတ်အားနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးတွင်လည်း အခက်အခဲများ ဖြစ်ပေါ်နေပြီး ဒေသခံများသည် ယာယီခိုလှုံရေးစခန်းများတွင် နေထိုင်နေကြရကြောင်း၊ အာဏာပိုင်များက မိုးထပ်မံရွာနိုင်ခြေရှိသဖြင့် သတိပေးထားပြီး ရေကြီးနိုင်သည့်ဒေသများတွင် နေထိုင်သူများကို ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

လက်ရှိအချိန်ထိ လူသေဆုံးမှုသို့မဟုတ် ထိခိုက်ဒဏ်ရာရမှုအခြေအနေကို တိတိကျကျ မသိရှိရသေးသော်လည်း ပျက်စီးဆုံးရှုံးမှုများကို ဆက်လက်စစ်ဆေးနေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အမေရိကန်နိုင်ငံ ဝင်းပါရစ်ဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး တောမီးကြောင့် သစ်တောဧရိယာ ဧက ၁၅၀၀ ပျက်စီး

**ဝါရှင်တန် မတ် ၁၉**

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် ဝင်းပါရစ်ဒေသတွင် မတ် ၁၈ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး တောမီးကြောင့် သစ်တောဧရိယာဧက ၁၅၀၀ ပျက်စီးခဲ့ကြောင်း၊ လူဝီစီယားနားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းသည့် ဧရိယာသည် စီးပွားဖြစ်သစ်တောမြေနှင့် သစ်တောကြိုးဝိုင်းဖြစ်သည့်အတွက် အဆိုပါသစ်တောဧရိယာ မီးလောင်ကျွမ်းပျက်စီးမှုသည် လူဝီစီယားနားပြည်နယ်အတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာအနီးတွင် လူနေအိမ်ခြေပေါင်း ၂၅၀ ခန့်ထိရှိနေပြီး ၎င်းလူနေအိမ်များအနက် တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့် အနီးဆုံးဧရိယာတွင် နေထိုင်သည့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"ဝင်းပါရစ်ဒေသအနီးမှာ မတ် ၁၈ ရက်ကစတင်ပြီးတော့ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားတဲ့ သစ်တောမြေဟာ စီးပွားဖြစ်သစ်တောမြေနဲ့ သစ်တောကြိုးဝိုင်းဖြစ်တဲ့အတွက် အဖိုးတန်နေရာကို တောမီး လောင်ကျွမ်းနေခြင်းဖြစ်ပါတယ်။ တောမီးဟာ ဧက ၁၅၀၀ ထိ ကူးစက်လောင်ကျွမ်းနေပြီဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေတဲ့ ဧရိယာနဲ့အနီးဆုံးမှာတည်ရှိတဲ့ လူနေအိမ်ခြေက ဒေသခံတွေကိုတော့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ သတိပေးထားပြီးဖြစ်ပါတယ်" ဟုလူဝီစီယားနား ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ ဒီလာဝဲလ်ပြည်နယ် ကန်ကောင်တီတွင် လေဆင်နှာမောင်းတိုက်ခတ်ကာ လူနေအိမ်များပျက်စီးခဲ့

**ဝါရှင်တန် မတ် ၁၉**

အမေရိကန်နိုင်ငံ ဒီလာဝဲလ်ပြည်နယ် ကန်ကောင်တီ၌ မတ် ၁၈ ရက်တွင် လေဆင်နှာမောင်း ဝင်ရောက် တိုက်ခတ်မှုဖြစ်ပေါ်ခဲ့ပြီး လေဆင်နှာမောင်းကြောင့် လူနေအိမ်များ ပျက်စီးခဲ့ကြောင်း ဒီလာဝဲလ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းသည် တစ်နာရီ မိုင် ၁၀၀ နှုန်းဖြင့်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး သစ်ပင်ကြီးတချို့လဲကျခဲ့ကြောင်း၊ ဓာတ်တိုင်တချို့လဲကျခဲ့သည့်အတွက် ကန်ကောင်တီတွင် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်နေကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်ချိန်သည် ၁၅ မိနစ်ခန့်ထိ ကြာမြင့်ခဲ့သည့်အတွက် လူနေအိမ်ခြေများ ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မတ် ၁၈ ရက်မှာ အားကောင်းတဲ့ လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ပါတယ်။ လေဆင်နှာမောင်းဟာ ကန်ကောင်တီကို ဗဟိုပြုတိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်း ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် ပျက်စီးမှုတွေ ရှိခဲ့ပါတယ်။ လူနေအိမ်ခြေ ၁၆ လုံးပျက်စီးခဲ့ပါတယ်။ အဓိကကတော့ အိမ်ခေါင်မိုးတွေပျက်စီးခဲ့တယ်။ သစ်ပင်ကြီးတချို့ လဲကျခဲ့ပြီးတော့ လမ်းပိတ်ဆို့မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဓာတ်တိုင်တချို့ လဲကျခဲ့တဲ့အတွက်ကြောင့် လျှပ်စစ်မီးပြတ်တောက်မှုတွေဖြစ်ပေါ်နေပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေတော့ မရှိခဲ့ပါဘူး။ ပျက်စီးခဲ့တဲ့ လူနေအိမ်ခြေက ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်" ဟု ဒီလာဝဲလ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ပြီး ကယ်ဆယ်ရေး ဝန်ထမ်းများကလည်း လဲကျခဲ့သော သစ်ပင်ကြီးများကို ဖယ်ရှားရှင်းလင်းပေးနေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဇင်ဘာဘွေနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူဦးရေ ၁၃၀ ကျော်သေဆုံးခဲ့

**ဟာရာရီ မတ် ၁၉**

ဇင်ဘာဘွေနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် သေဆုံးသူ ၁၃၂ ဦး ရှိပြီး ၇၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု နိုင်ငံ၏ ပြည်သူ့ကာကွယ်ရေးဌာန (DCP) က ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံအာဏာပိုင်များက ထုတ်ပြန်ထားသော နောက်ဆုံးအချက်အလက်များအရ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောင်း ၂၃၇ ကျောင်း၊ ကျန်းမာရေးဌာန ၁၅ ခုနှင့် တံတား အနည်းဆုံး ၂၅ စင်းစသော အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း၊ ကျေးလက်ဒေသများနှင့် မြို့တော်ရှိ လမ်းအများစုသည် ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ပျက်စီးခဲ့ပြီး ပြန်လည်ထူထောင်ရေးများ အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်ကြောင်းသိရသည်။

ထို့ပြင် Bikita ခရိုင် Masvingo ပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် ရေမှတစ်ဆင့်ကူးစက်သောရောဂါများနှင့် ငှက်ဖျားရောဂါဖြစ်ပွားမှုများ မြင့်တက်လာကြောင်း သိရသည်။

ဇင်ဘာဘွေနိုင်ငံ၏ မိုးရာသီသည် အောက်တိုဘာလမှ မတ်လထိဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အချို့နေရာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိကြောင်း ပြည်သူ့ကာကွယ်ရေးဌာနမှ သိရသည်။

Ref : Sputnik News

Trs : KZ

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကိုဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား

**အော့တဝါ မတ် ၁၉**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်အလယ်ပိုင်း မောင့်အန်တာဝုဒ်ဒေသမှ အယ်ဘာနီဆိပ်ကမ်းမြို့တစ်လျှောက် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး အယ်ဘာနီဆိပ်ကမ်းမြို့မှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထားကြောင်း Environment Canada က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ဗြိတိသျှကိုလံဘီယာ အလယ်ပိုင်းရှိ ကမ်းခြေဒေသများတွင်လည်း ဖြစ်ပေါ်လာဖွယ်ရှိနေပြီး မိုးရေချိန်မြင့်မားစွာရွာသွန်းနေဆဲဖြစ်သည့်အတွက် ရေကြီးရေလျှံမှုမှာ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အဆင့်သို့ ရောက်ရှိသွားနိုင်ကြောင်း၊ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မှတ်တမ်းများအရ တစ်နှစ်ရွာသွန်းသည့် မိုးရေချိန် စုစုပေါင်းမှာ မီလီမီတာ ၄၃၉၀ ထိ ရှိခဲ့ပြီး ယခုနှစ်တွင်မူ ပုံမှန်ရွာသွန်းသည့် မိုးရေချိန်ပမာဏစုစုပေါင်းထက် ပိုများနိုင်ကြောင်း သိရသည်။

"ဗြိတိသျှကိုလံဘီယာပြည်နယ်မှာက မိုးများတောဧရိယာများပြားတယ်။ နှစ်စဉ်ရွာသွန်းတဲ့ မိုးရေချိန်ပမာဏစုစုပေါင်းက မီလီမီတာ ၄၃၉၀ ဖြစ်ပြီး ဒီနှစ်မှာတော့ ခန့်မှန်းလို့မရတဲ့ အခြေအနေဖြစ်နေပါတယ်။ ပုံမှန်ထက်ကိုပိုများနိုင်တဲ့ မိုးရေချိန်မြင့်မားမှုမျိုးနဲ့ ရင်ဆိုင်ရနိုင်တာကြောင့် ရေဘေးအန္တရာယ် အရေးပေါ်အဆင့် သတ်မှတ်လိုက်ပါတယ်" ဟု Envi-ronment Canada မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat



ဝတ္ထုတိုကဏ္ဍ

# ဖေဖေ၊ ကျွန်တော်နှင့် ဒေါ်မြဆွေ

## မနှင်းဖွေး



(၁)

ယခုတစ်လော ကျွန်တော်မောင်သက်နိုင် အလွန်စိတ်ညစ်နေပါသည်။ ဘာကြောင့်စိတ်ညစ်သလဲဆိုတော့ ကျွန်တော်တို့၏ မျက်နှာချင်းဆိုင်အိမ်မှ ဒေါ်မြဆွေဆိုသည့်အဒေါ်ကြီးက ကျွန်တော်တို့အိမ်ကို ခဏခဏလာနေသောကြောင့်ဖြစ်ပါသည်။

သူလာလျှင် တစ်ယောက်တည်းတော့မဟုတ်ပါ။ သူတို့မွေးစားထားသော မိတူးဆိုသည့် ကောင်မကလေးကိုအမြဲခေါ်လာပါသည်။ မိတူးက ကျွန်တော်နှင့် ရွယ်တူဖြစ်သည်။

ထိုအဒေါ်ကြီးသည် သူတို့အိမ်မှာ မုန့်ဟင်းခါးချက်လျှင်လည်းလာပို့သည်။ မဲဇလီဟင်းချိုချက်လျှင်လည်း လာပို့သည်။ သာကူကျိုလျှင်လည်း လာပို့သည်။

သူလာပို့သည့် စားစရာများက စားလို့တော့ အလွန်ကောင်းပါသည်။ သို့သော် သူလာတာကိုတော့ ကျွန်တော်မကြိုက်ပါ။ သူမှသာမဟုတ်။ ယောကျ်ားမရှိသော ဘယ်အဒေါ်ကြီးမှ ကျွန်တော်တို့အိမ်ကို လာတာ ကျွန်တော်မကြိုက်ပါ။

(၂)

ကျွန်တော်တို့အိမ်မှာ ဖေဖေရယ်၊ ကျွန်တော်ရယ် နှစ်ယောက်တည်းပဲ နေပါသည်။

မေမေကတော့ ဆုံးသွားတာသုံးနှစ်ရှိပါပြီ။ ကျွန်တော်ပထမတန်းတုန်းကဖြစ်ပါသည်။ မေမေဆုံးတာ သွေးကင်ဆာရောဂါကြောင့်ဟု ပြောပါသည်။ သွေးကင်ဆာဖြစ်လျှင် ကုသ၍မပျောက်နိုင်ဟု ဖေဖေက ပြောပြပါသည်။

မေမေဆုံးသွားပြီးသည့်နောက် ကျွန်တော်တို့ သားအဖသည် ထမင်းချိုင့်မှာစားကြပါသည်။

ထမင်းချိုင့်ကို ဆိုင်က ကားနှင့်လာပို့ပါသည်။ နံနက်စာနှင့် ညစာ ဟင်းအတူတူဖြစ်ပါသည်။ ဟင်းတွေက စားလို့လည်းမကောင်းပါ။ ကျွန်တော်ကြိုက်သော ကြက်သားဟင်း၊ ဝက်သားဟင်းဖြစ်သော်လည်း အရသာမရှိပါ။ မေမေချက်ကျွေးသော ကြက်သားဟင်း၊ ဝက်သားဟင်းများသည် အလွန်စား၍ကောင်းပါသည်။

ကျွန်တော်တို့သားအဖနှစ်ယောက်သည် နံနက်အိပ်ရာထလျှင် ဖေဖေက အိပ်ရာသိမ်းပါသည်။ ပြီးလျှင် ရေနွေးအိုးတည်ပါသည်။ ထိုအချိန်တွင် ကျွန်တော်က အိမ်ကို တံမြက်လှည်းပါသည်။ ဖေဖေက ဆေးကြောစရာများဆေးကြောပြီး ရေနွေးအိုးဆူလျှင် ရေနွေးကိုဓာတ်ဘူးထဲ ထည့်ပါသည်။ ပြီးတော့ လမ်းထိပ်သို့ထွက်သွားပါသည်။

လမ်းထိပ်တွင် စားစရာရောင်းသောဆိုင်များ ရှိပါသည်။ ဖေဖေက ကျွန်တော်တို့နှစ်ယောက်အတွက် မုန့်ဟင်းခါးဝယ်သည့်အခါ ဝယ်လာသည်။ အုန်းနို့ခေါက်ဆွဲဝယ်သည့်အခါဝယ်သည်။ ထမင်းကြော်ဝယ်သည့်အခါဝယ်သည်။ ကောက်ညှင်းပေါင်းဝယ်သည့်အခါဝယ်သည်။ ပလာတာဝယ်သည့်အခါ ဝယ်သည်။

ဖေဖေ မုန့်သွားဝယ်စဉ် ကျွန်တော်က ရေမိုးချိုး၊ အဝတ်အစားလဲထားပါသည်။

ဖေဖေမုန့်ဝယ်ပြီးပြန်ရောက်လျှင် ဖေဖေလည်း ရုံးသွားရန် ရေချိုး၊ အဝတ်အစားလဲပါသည်။

ဖေဖေ အဝတ်အစားလဲပြီးလျှင် ကျွန်တော်တို့ သားအဖနှစ်ယောက် ဖေဖေဝယ်လာသည့်မုန့်ကို အတူတူစားပါသည်။ ကော်ဖီလည်း ဖျော်သောက်ပါသည်။

ကျွန်တော်တို့ မုန့်စားပြီးချိန်တွင် ထမင်းချိုင့်ကားရောက်လာပါသည်။ ဖေဖေသည် လာပို့သောထမင်းချိုင့်ထဲမှ ထမင်းနှင့်ဟင်းကို ထမင်းချိုင့်အသေးနှစ်ချိုင့်ထဲ ပြောင်းထည့်ပါသည်။ တစ်ချိုင့်က ဖေဖေ့အတွက်ဖြစ်ပြီး တစ်ချိုင့်က ကျွန်တော့်အတွက်ဖြစ်ပါသည်။ ညစာအတွက် ထမင်းနှင့်ဟင်းကတော့ ချိုင့်ထဲမှာပဲ ချန်ထားပါသည်။ ပြီးလျှင် ကျွန်တော်တို့သည် ကိုယ့်ထမင်းချိုင့် ကိုယ်ဆွဲ၍ အိမ်မှထွက်ပါသည်။

အိမ်သော့ကို ခေါင်းရင်းအိမ်မှ အဘွားညွန့်ကို အပ်ပြီး ဖေဖေက ရုံးသွားပါသည်။ ကျွန်တော်က ကျောင်းသွားပါသည်။ ကျွန်တော့်ကျောင်းက ကျွန်တော်တို့ရပ်ကွက်ထဲမှာပဲ ရှိပါသည်။

ညနေတွင် ဖေဖေနှင့် ကျွန်တော် ရှေ့ဆင့်နောက်ဆင့်အိမ်ပြန်ရောက်ပါသည်။ အမှန်တွင် ကျွန်တော့်ကျောင်းက ဖေဖေ့ရုံးထက်စောပြီး ဆင်းပါသည်။ သို့သော် ကျွန်တော်က ဆရာမအိမ်တွင် ကျူရှင်သွားတက်ရသေးသဖြင့် အိမ်ပြန်ရောက်သည့်အချိန်က ဖေဖေနှင့်တူသွားခြင်းဖြစ်သည်။

အိမ်ပြန်ရောက်လျှင် ကျွန်တော်က လွယ်အိတ်ထားပြီး အဘွားညွန့်၏မြေး အောင်အောင်နှင့် သွားကစားပါသည်။ ထိုအချိန်တွင် ဖေဖေက အဝတ်လျှော်သည့်အခါလျှော်ပါသည်။ မီးပူတိုက်သည့်အခါတိုက်ပါသည်။ မေမေလုပ်ခဲ့သော အိမ်အလုပ်အားလုံးကို ဖေဖေလုပ်ပါသည်။

ကျွန်တော် ကစားပြီးပြန်လာမှ ကျွန်တော်နှင့် ဖေဖေ ရေထပ်ချိုးပါသည်။ ပြီးလျှင် ထမင်း၊ ဟင်းများနွှေး၍ အတူတူစားကြပါသည်။ နံနက်က ချန်ထားသော ထမင်း၊ ဟင်းများသည် တစ်ခါတစ်ရံသိုးသွားပါသည်။ တစ်ခါတစ်ရံတော့မသိုးပါ။ ထမင်း၊ ဟင်းများ သိုးသွားလျှင် ကျွန်တော်တို့လမ်းထိပ်ထွက်၍ လက်ဖက်နှင့်ထမင်း ဝယ်စားလိုက်ကြပါသည်။

(၃)

ကျွန်တော်သည် မေမေ့ကို အလွန်ချစ်ပါသည်။ ဖေဖေ့ကိုလည်း အလွန်ချစ်ပါသည်။

မေမေ မဆုံးခင်တုန်းက သူများတွေက "ဖေဖေနှင့် မေမေ ဘယ်သူ့ကိုပိုချစ်သလဲ"ဟု မေးလျှင် "အတူတူချစ်တယ်"ဟု အမြဲဖြေပါသည်။

ယခုတော့ ဖေဖေ့ကိုပဲ အချစ်ဆုံးဖြစ်ပါသည်။

"ဖေဖေ၊ ဖေဖေ နောက်ထပ် မိန်းမအသစ်မယူနဲ့နော်။ ဖေဖေနဲ့သားနဲ့ နှစ်ယောက်တည်းပဲ တစ်သက်လုံး တူတူနေမယ်နော်"

ကျွန်တော်က ထိုကဲ့သို့ပြောလျှင် ဖေဖေသည် ကျွန်တော့်ကို ပြုံးကြည့်ပြီး ခေါင်းညိတ်ပါသည်။ ပြီးတော့ ကျွန်တော့်ခေါင်းကို ပွတ်ပေးနေပါသည်။

"ဒေါ်မြဆွေကြီး သားတို့အိမ်လာတာ သားမကြိုက်ဘူး ဖေဖေ၊ သူ့ကို သား မုန်းတယ်"

ဖေဖေက ပြုံးရင်းနှင့် ကျွန်တော့်ကိုပြန်မေးသည်။

"ဘာဖြစ်လို့မုန်းတာလဲ သား"

"ဘာဖြစ်လို့လဲတော့ သားမသိဘူး၊ ဒါပေမဲ့ မုန်းတယ်"

"သူက သားမေမေရဲ့ သူငယ်ချင်းလေ။ သူတို့နှစ်ယောက်က သိပ်ချစ်တာ။ သားမေမေ မဆုံးခင်နေမကောင်းဖြစ်နေတဲ့အချိန်တုန်းကလဲ သူပဲ ပြုစုပေးခဲ့တာလေ"

"မေမေ့သူငယ်ချင်းဆိုရင်လဲ မေမေက သေပြီပဲ။ မေမေမှ မရှိတော့တာ၊ သူ လာစရာမလိုတော့ပါဘူး"

"ဖေဖေတို့ သားအဖနှစ်ယောက် နေရေးထိုင်ရေး၊ စားရေးသောက်ရေး ကသီလင်တနိုင်တာတွေ့လို့ စေတနာနဲ့လာကူညီတာပါ သားရယ်။ အိမ်နီးနားချင်းတွေ မဟုတ်လား"

"မလိုပါဘူး ဖေဖေရာ၊ ပြီးတော့ ဒီအဒေါ်ကြီးက မေမေ့လောက်လဲ မချောဘူး"

ဖေဖေက ကျွန်တော့်ကိုဖက်ပြီး တဟားဟားနှင့် ရယ်မောနေပါသည်။

(၄)

ညက ဖေဖေ တအားဖျားပါသည်။ တစ်ကိုယ်လုံးလည်း ချစ်ချစ်တောက်ပူနေပါသည်။ ဖေဖေ လုံးဝမအိပ်နိုင်။ တဟင်းဟင်းညည်း၍ အိပ်ရာထဲမှာလူးလိမ့်နေပါသည်။ ကျွန်တော်က ဖေဖေ့ကို ဖက်ပဲဖက်ထားတတ်သည်။ ဘာလုပ်ပေးရမှန်းမသိ။

မနက်လင်းတော့မှ ဖေဖေ့ကိုတွဲပြီး အိမ်နားက ဆေးခန်းကိုသွားပါသည်။

ဆရာဝန်က ဖေဖေ့ကို စမ်းသပ်၍ ဆေးထိုးပေးပါသည်။ သောက်ဆေးလည်းပေးပါသည်။ တုပ်ကွေးဟုလည်း ပြောပါသည်။

ဆေးခန်းမှ အပြန်လမ်းတွင် ဒေါ်မြဆွေကြီးနှင့် တွေ့ပါသည်။

"ဟင်... သားအဖနှစ်ယောက် ဘယ်လိုဖြစ်လာကြတာလဲ"

"ကျွန်တော် တုပ်ကွေးမိလို့ မမြဆွေရေ၊ ဆေးခန်းက ပြန်လာတာပါ"

"ဖြစ်မှဖြစ်ရလေ"

ကျွန်တော်က ဒေါ်မြဆွေ၏မျက်နှာကို မကြည့်ဘဲ ဖေဖေ့လက်ကို အတင်းဆွဲ၍ အိမ်ဘက်သို့ ခေါ်လာပါသည်။

အိမ်ထဲရောက်တော့ ဖေဖေ့ကို အိပ်ရာပေါ် အိပ်ခိုင်းပြီး ဖေဖေ့ခြေသလုံးများကို ကျွန်တော် နှိပ်ပေးပါသည်။

ထမင်းချိုင့်ရောက်လာသောအခါ ဟင်းနံ့ရသည်နှင့် ဖေဖေနှာခေါင်းရှုံ့ပါသည်။ ဖေဖေထမင်းစားချင်ပုံမရ။ ထမင်းမစားလျှင် ဘာကျွေးရကောင်းမည်နည်း။ လမ်းထိပ်ဆိုင်မှ ကိတ်မုန့်နှင့် လက်ဖက်ရည်သွားဝယ်၍ တိုက်ရမလား။ "ကောင်းထက်"ဆိုင်မှ ဆန်ပြုတ်ဝယ်တိုက်ရကောင်းမလား။ ခေါက်ဆွဲပြုတ်ဆိုလျှင် ပိုကောင်းမလား။ ဆီချက်ခေါက်ဆွဲဆိုရင်ကော။

စဉ်းစားရင်း စဉ်းစားရင်းနှင့် ကျွန်တော့်မျက်လုံးများ ငိုက်မျဉ်းလာပါသည်။ ညတုန်းက တစ်ညလုံး ကျွန်တော်ရော၊ ဖေဖေရော ကောင်းကောင်းမအိပ်ရသေးဘူးမဟုတ်လား။ ခုမှ အလွန်အိပ်ချင်လာသည်။ ကျွန်တော်သည် ဖေဖေ့ကိုဖက်ပြီး ဖေဖေ့ဘေးတွင် အသာလှဲချလိုက်ပါသည်။

(၅)

ကျွန်တော်နိုးလာသောအခါ ဖေဖေ့ကို ကျွန်တော့် အနားတွင် မတွေ့ရပါ။ ကျွန်တော်က "ဖေဖေ" ဟု အကျယ်ကြီးအော်ခေါ်ပြီး အိမ်ရှေ့ကို ပြေးထွက်သွားသည်။

ဖေဖေ ဧည့်ခန်းမှာဆန်ပြုတ်သောက်နေသည်ကို တွေ့ရသည်။ ဒေါ်မြဆွေနှင့် မိတူးတို့လည်း ရောက်နေကြသည်။

"ဟော မောင်သက်နိုင်လဲ နိုးလာပြီ။ ထိုင် သား၊ သားအတွက် ဒေါ်ဒေါ် ကတ်ကြေးကိုက်ယူလာတယ်။ ၁၂ နာရီတောင် ထိုးပြီဆိုတော့ ခုပဲ စားလိုက်နော်"

ဒေါ်မြဆွေက ပြောပြောဆိုဆိုနှင့် သူယူလာသော ပလတ်စတစ် ထမင်းဘူးအဖုံးကို ဖွင့်၍ လှမ်းပေးသည်။

ပထမတော့ ကျွန်တော်က ဒေါ်မြဆွေ ဘာပဲယူလာယူလာ မစားဘူးဟု စဉ်းစားထားသည်။

သို့သော် ကျွန်တော်ကြိုက်သော ကတ်ကြေးကိုက်က စားချင်စရာကောင်းနေသည်ကို တွေ့ရသည်။ အသားတွေ၊ ပုစွန်တွေအများကြီးနှင့် အနံ့ကလည်း မွှေးနေသည်။

ကျွန်တော့်ဗိုက်ထဲမှ "ဂွီ"ခနဲ အသံမြည်သွားသည်။

"စားလေသား၊ သား ဆာနေတယ်မဟုတ်လား"

ဖေဖေကပါ တိုက်တွန်းသဖြင့် ကျွန်တော် ဖေဖေ့ဘေးတွင်ဝင်ထိုင်ပြီး ပလတ်စတစ်ထမင်းဘူးကို ယူ၍ ကတ်ကြေးကိုက်ကို စားလိုက်သည်။

"ဟာ... ရှယ်ပဲ"ဟု ကျွန်တော့်စိတ်ထဲက ပြောလိုက်သည်။ သို့သော် ဒေါ်မြဆွေမျက်နှာကိုတော့ ကျွန်တော်မကြည့်။

(၆)

ဖေဖေဖျားနေသည့် သုံးလေးရက်အတွင်း

**စာမျက်နှာ ၂၅ သို့ á**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၉၃၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၉၃၂ ဧကထိ နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၁၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၉၃၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၉ ဒသမ ၃၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မြေပဲ ၂၄၁၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၉၃၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာယာဝတီမြို့နယ် ဇိမ်ဗာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇိမ်ဗာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇိမ်ဗာကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစက်မှုလုပ်ငန်းဆောင်ရွက်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၉ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

ȧ စာမျက်နှာ ၂၄ မှအဆက်

အဒေါ်ကြီးဒေါ်မြဆွေလာပို့သော ထမင်းဟင်းများ၊ မုန့်များကို ကျွန်တော်တို့စားရသည်။ ထို့ကြောင့် တော်တော်အဆင်ပြေသည်။

ယခုတော့ ဖေဖေ နေကောင်းသွားပြီ။ ဖေဖေနေကောင်းမှ ကျွန်တော်က ဖျားပြန်သည်။ ဖေဖေ့ထံမှအဖျားကူးတာဟု ဖေဖေက ပြောပါသည်။ ကူးမှာပေါ့လေ။ ကျွန်တော်က အမြဲတမ်း ဖေဖေ့ကို ဖက်အိပ်သည် မဟုတ်လား။

ဖေဖေ ကျွန်တော့်ကို ဆေးခန်းပို့ပေးပါသည်။ ဆေးတော့ မထိုးရပါ။ သောက်ဆေးခါးခါးတွေကိုတော့ သောက်ရပါသည်။ ကျွန်တော် ကျောင်းလည်း မသွားနိုင်ပါ။ ဖေဖေက ခွင့်တိုင်ပေးပါသည်။

နေ့လယ်ဘက် ဖေဖေ ရုံးသွားလျှင် အိမ်မှာ ကျွန်တော်တစ်ယောက်တည်းနေရပါသည်။ ဖေဖေကတော့ ရုံးမှခွင့်တောင်း၍ ခါတိုင်းထက်စောပြီး ပြန်လာပါသည်။ ဖေဖေရောက်မလာသေးသည့်အခါ ကျွန်တော် အလွန်အားငယ်ပါသည်။

အဘွားညွန့်ကတော့ ကျွန်တော့်ကို ခဏပဲလာကြည့်ပါသည်။ ပြီးလျှင် သူ့အိမ်မှာ အလုပ်ရှိသည်ပြော၍ ပြန်သွားပါသည်။

ဆေးတွေသောက်သည့်အတွက် ကျွန်တော် အဖျားတော့ကျသွားပါသည်။ သို့သော် ချောင်းဆိုးတာက မပျောက်သေးပါ။ လည်ချောင်းနာတာလည်း မပျောက်သေးပါ။ ကိုယ်လက်နာတာလည်း မပျောက်သေးပါ။ အားလည်း မရှိသေးပါ။

နေမကောင်းဖြစ်မှ မေမေ့ကို ကျွန်တော်ပိုသတိရသည်။ မေမေသာရှိလျှင် ကျွန်တော် ယခုလိုတစ်ယောက်တည်းနေရမည်မဟုတ်။ မေမေက ကျွန်တော့်အနားထိုင်ကာ ကျွန်တော့်ကို ပြုစုပေးမည်။ ချောင်းဆိုးလျှင် နေသာအောင် ခေါင်းထူပေးမည်။ အန်လျှင် ရင်ဘတ်ဖိပေးမည်။ ကိုယ်ပေါ်မှစောင်ကွာသွားလျှင် ပြန်ခြုံပေးမည်။ ချွေးစိုလျှင် အင်္ကျီလဲပေးမည်။ ဆေးတိုက်သည်ကအစ ဆေးကို မခါးအောင်လုပ်၍ တိုက်ပေးမည်။

တွေးရင်းတွေးရင်းနှင့် မေမေ့ကို တအားလွမ်းလာသည်။ အရမ်းငိုချင်လာသည်။ မျက်ရည်တွေအလိုလိုကျလာသည်။ မျက်ရည်သုတ်၍ အိပ်ပျော်အောင် ကျွန်တော်ကြိုးစားလိုက်ပါသည်။

(၇)

အိပ်မက်ထဲမှာ ကျွန်တော် မေမေနှင့်တွေ့သည်။

မေမေသည် ကျွန်တော့်ကို သူ့ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားသည်။ ပြီးတော့ ရွှေယုန်နှင့်ရွှေကျားပုံပြင်ကို ပြောပြသည်။ မေမေ့မျက်နှာက ပြုံးချိုနေသည်။ ကျွန်တော်သည် မေမေ့ကို တအားဖက်ထားပါသည်။

ကျွန်တော် ဖျတ်ခနဲနိုးလာပါသည်။ မျက်လုံးဖွင့်ဖွင့်ချင်းမြင်လိုက်ရသည်က ဒေါ်မြဆွေ၏ မျက်နှာဖြစ်သည်။

သူသည် ကျွန်တော့်နဖူးမှချွေးများကို လက်ကိုင်ပဝါဖြင့် ဖြည်းဖြည်းကလေး သုတ်ပေးနေပါသည်။

"သက်သာရဲ့လား မောင်သက်နိုင်"

ကျွန်တော် သူ့မျက်နှာကို စေ့စေ့ကြည့်နေမိသည်။

"ဒေါ်ဒေါ် သားအတွက် မြူစွမ်နဲ့ကြက်သားစွပ်ပြုတ်လေး လုပ်လာတယ်။ အားရှိသွားအောင် သောက်လိုက်နော်"

သူ့အသံက နူးညံ့သဖြင့် ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။

သူ ပြုံးနေသည်။

သူ့မျက်နှာက မေမေ့လောက်မလှပေမဲ့ ခါတိုင်းထက်တော့နည်းနည်း ပိုချောလာသည်ဟု ကျွန်တော့်စိတ်ထဲထင်လာသည်။

# သတိပြုကာကွယ် အပူဒဏ်အန္တရာယ်

\- နွေရာသီ ပူပြင်းလှ
သတိပြုကြ နေထိုင်ရာ၊
မလိုအပ်လျှင် အပြင်မထွက်
ရှောင်အပ်လိုက်နာ၊
အပူလျှပ်လျှင် ရောဂါပါ
အပူချိန်မြင့်ကာ ရေဓာတ်ဆုံး၊
ဓာတ်ဆားရည် ဖြည့်စွက်သောက်
ပျောက်ပေ့ါကုထုံး။

\- အပူချိန်မြင့်လျှင် မူးဝေမောပန်း
ကယောင်ကတမ်း ဖြစ်သူတွေ၊
အေးမြကာ ပင်ရိပ်အောက်
သွားရောက်ခိုစေ၊
နလုံး ကျောက်ကပ် ဆီးချိုသမားတွေ
ဂရုစိုက်နေ ကျန်းမာရေး၊
အပူဒဏ်အန္တရာယ် သတိထား
မှတ်သားစို့လေး။

\- အပြင်ထွက်လျှင် ထီး ဖိနပ် ဦးထုပ်ဆောင်းလို့
အလင်းပြန်ကြောင်း အဝတ်အဖြူရောင်၊
ရွေးချယ်ကာ ဝတ်ဆင်ပေး
အေးချမ်းလို့ချောင်၊
နွေနေ့လယ်ခင်း ရေချိုးခြင်းရှောင်
အပူမလျှပ်အောင် နေထိုင်သွား၊
အပူဒဏ်အန္တရာယ် ကာကွယ်ရေး
တွေးမှတ်စေသား။ ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

# ဘားအံမြို့နယ် တံတားဦးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် တံတားဦးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ တံတားဦးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ကျေးရွာမှပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားဦးကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက် ပေ ၂၄၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ရေစင်အောက်ခန်းဖွဲ့ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၄၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် New Conquest Co.Ltd က ၂၀၂၅ ခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဆက်လူ**

# အဝေးရောက် ထွန်းတောက်မြန်မာ

ဆူးသစ်

ကျွန်တော်အလုပ်လုပ်နေတဲ့ စင်ကာပူက လုပ်ငန်းခွင်ထဲကို ကျွန်တော့်သူငယ်ချင်းတစ်ယောက် တစ်လောက ရောက်လာပါတယ်။ အလုပ်လုပ်နေတဲ့ တစ်နေ့မှာ ကျွန်တော်က ဘင်္ဂလားနိုင်ငံ ဘေးကင်းရေး ကြီးကြပ်ရေးမှူး Safety Supervisor တစ်ယောက်နဲ့ စကားလက်ဆုံကျနေတုန်း ကျွန်တော်တို့ရဲ့ Main Contractor ကုမ္ပဏီက ကြီးကြပ်ရေးမှူး တစ်ယောက်က လှမ်းခေါ်လို့ လှည့်ကြည့်တော့ သူ့ဘေးမှာ တရုတ်တစ်ယောက်က ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်ပြီး လှမ်းခေါ်နေပြန်ရော။ အဲဒါနဲ့ ဘာများပါလိမ့်ဆိုပြီး သူတို့နှစ်ယောက်ဆီရောက်သွားတော့မှ အမယ် ကျွန်တော့်ကို ပြုံးပြုံးကြီး ကြည့်နေတဲ့ တရုတ်ကြီးက ကျွန်တော့်သူငယ်ချင်း ဖြစ်နေပါရောလား။

သူက အပြာရောင် ယူနီဖောင်းကြီးနဲ့။ တွေ့တွေ့ချင်းပဲ "နင့်ကို ငါမြင်တာကြာပြီ။ နင့်ကို စကားပြောမလို့ လှမ်းခေါ်တာမကြားတာနဲ့ ဘေးက ဖား(ဖိလစ်ပိုင်)ကို လှမ်းခေါ်ခိုင်းရတာ"တဲ့။ သူက ကရင်လူမျိုးပါ။ အရင်ကတည်းက ယောကျ်ားလေးချင်း 'နင်' 'ငါ' ပြောနေကျ။ ကျွန်တော်လဲ အားရဝမ်းသာ နှုတ်ဆက်မိတာပေါ့။ စကားသေသေချာချာ မပြောရခင်မှာပဲ သူတို့ကို လာကြိုတဲ့ကားရောက်လာလို့ နေ့ခင်းမှ တွေ့မယ်ဆိုပြီး လမ်းခွဲခဲ့ကြတယ်။

သူက ရန်ကုန်စက်မှုတက္ကသိုလ်မှာ ကျွန်တော်နဲ့ အတူတူ။ စက်မှုအင်ဂျင်နီယာ ဘာသာရပ်မှာလဲ အတူတူပဲ။ ရန်ကုန်နည်းပညာတက္ကသိုလ်ဖြစ်တော့ သူက 'ပြည်'ရောက်၊ ကျွန်တော်က 'လှိုင်သာယာ' ရောက်ပေါ့။ အတူတူ မတွဲဖြစ်ပေမဲ့ ကျွန်တော်တို့ တက်ခဲ့ရတဲ့ ခြောက်နှစ်မှာ ငါးနှစ်က မေဂျာအတူတူဆိုတော့ ကျောင်းရဲ့ထုံးစံ မတွဲလဲ ခင်ခဲ့ကြတာပါပဲ။

ကျောင်းပြီးခါစ ကိုရီးယားကုမ္ပဏီတစ်ခုမှာ ဝင်လုပ်တော့ သူလဲပါတယ်။ ဒါနဲ့ သူနဲ့ပိုရင်းနှီးသွားတယ်။ တစ်ကျောင်းတည်းဆင်းတွေဆိုတော့ လာသမျှပြဿနာ အတူတူရင်ဆိုင်ပြီး ရှင်းကြတာပေါ့။ ခံစားချက်ချင်းတူတော့ အလုပ်ကထွက်ပြီး လမ်းခွဲ၊ မတွေ့တာ လေးငါးနှစ်ကြာမှ ကျွန်တော့်အမေရတဲ့ အလုပ်ကတိုက်ခန်းတွေမှာ သူနဲ့ပြန်ဆုံခဲ့ရတယ်။

သူ့ယောက္ခမကြီးက ကျွန်တော့်အမေရဲ့ ဆေးရုံမှာ ဝန်ထမ်းပဲ။ အဲဒီတုန်းက သူ မလေးရှားကပြန်လာတာလို့ သိရတယ်။ ကျွန်တော်ကတော့ ပြည်သူ့ဝန်ထမ်းဦးစီးအရာရှိ လုပ်နေဆဲကာလ။ နောက်တော့ စင်ကာပူထွက်သွားတယ်လို့ ကြားလိုက်ရတယ်။ သူ့အမျိုးသမီးက 'ကရင်နှစ်သစ်ကူး'ဆို မုန့်တွေလာဝေနေကျ။ ဒီတော့သူ့အကြောင်းလဲ သိနေရသေးတယ်။

ဒါပေမဲ့ နောက်တော့ သူ့မိန်းမပါ လိုက်သွားတယ်လို့ သိရတယ်။ စင်ကာပူမှာ တော်တော်အဆင်ပြေနေလောက်ပြီလို့တော့ တွေးမိတယ်။ နောက်တော့ ကျွန်တော် စင်ကာပူရောက်တော့ သူနဲ့ တစ်နှစ်လောက်နေမှ ဘုတာရုံမှာတစ်ခါဆုံတယ်။ အခု နှစ်နှစ်ပြည့်ခါနီးမှာ တစ်ခါပြန်တွေ့ရတာ။ ဒီတစ်ခါတော့ အလုပ်ခွင်မှာ။

နေ့ခင်းဘက်ကျတော့ ကျွန်တော်နဲ့ သူငယ်ချင်း လုပ်ငန်းခွင်ထဲမှာ ပြန်တွေ့ကြပါတယ်။ ကျွန်တော်လဲ အလုပ်နည်းနည်းရှိ၊ သူလဲ အလုပ်ရှုပ်နေတာနဲ့ အလုပ်ပါးချိန်မှာ ခဏစကားထိုင်ပြောဖြစ်ကြပါတယ်။ ဒီမှာပဲ သူဖြတ်သန်းခဲ့ရတဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို မြင်ရသိရတော့တာပါပဲ။

သူက မလေးရှားမှာ ဒီဇိုင်နာလုပ်နေတဲ့အချိန်မှာ Quality Control (Q.C) အရည်အသွေးထိန်းချုပ်ရေးက အဓိကလူနှစ်ယောက် အလုပ်ထွက်သွားတယ်။ ဒီတော့ သူဌေးက သူ့ကို ခဏတွဲကိုင်ခိုင်းတယ်။ ဒါပေမဲ့ သူက အဲဒီအလုပ်ကို အာရုံစိုက်လုပ်လိုက်တာ သူဌေးက အင်ဂျင်နီယာနဲ့ပိုဆိုင်တဲ့ ဒီဇိုင်နာဘက်ကို သူပြန်ပြောင်းချင်ပါတယ် ဆိုတာတောင် ပြောင်းမပေးတော့ဘူး။ နောက်တော့ လေးနှစ်အကြာမှာ

**❖ သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်း နားနိုင်တယ်တဲ့။ ကရင်လူမျိုး။ မြန်မာတစ်ယောက် နိုင်ငံရပ်ခြားမှာ ထွန်းတောက်နေတာ ကျွန်တော်တို့မြန်မာတွေအတွက် အားတက်စရာပါ။ ဟိုတုန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးထိ တက်ယူခဲ့တာလဲ ဦးသန့်ဆိုတဲ့ မြန်မာတစ်ယောက်ပါပဲ။ အာရှတိုက်မှာ ရေကြောင်းပညာရပ်မှာ အထူးချွန်ဆုံး ပညာရှင်ဖြစ်တဲ့ ဦးမောင်မောင်လေးနဲ့ ပညာရပ်ဆိုင်ရာ ထူးချွန်သူ ဒေါက်တာညီညီတို့ဟာလဲ မြန်မာလူမျိုးတွေပါပဲ။ ပြောရမယ်ဆိုရင်တော့ မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာ၊ စံနမူနာယူစရာ ပညာရှင်တွေ ထွန်းကားပွားများနေကြတာ မြောက်မြားစွာရှိပါတယ်။ ❖**

မြန်မာနိုင်ငံပြန်လာ၊ Q.C အလုပ်နဲ့ စင်ကာပူပြန်ရောက်ပြီး တစ်နှစ်ကျော်မှာ သူ့ကုမ္ပဏီက သူ့ကို လုပ်ငန်းခွင် တစ်ခုလုံးရဲ့ Q.C အရာရှိအနေနဲ့ခန့်လိုက်တာ တာဝန်တွေပိုလာခဲ့တော့တယ်။ ဒါပေမဲ့ လစာတိုးမပေးလို့ အမြဲတမ်းနေထိုင်ခွင့် (PR) ရပြီးချိန်မှာ အလုပ်ထွက်ခဲ့ပါတယ်။

နောက်ကုမ္ပဏီမှာတော့ သူ့ကို Q.C ခန့်ပြီး သိပ်မကြာခင်မှာစင်ကာပူက MOM (Ministry of Manpower) (ကျွန်တော်တို့ဆီက အလုပ်သမားဝန်ကြီးဌာနနဲ့တူ)မှာ အဲဒီဝန်ကြီးဌာနကနေ သဘောတူခန့်အပ်တဲ့ စစ်ဆေးရေးအရာရှိ (Approved inspector) ဖြစ်အောင် ကုမ္ပဏီက လျှောက်ပေးခဲ့တယ်။ နှစ်ရက်ပဲ ကြာတယ်။ သူဟာ အရာရှိလုပ်ခွင့်ရခဲ့တယ်။ ဒီနေရာမှာ MOM ရဲ့ အရှိန်အဝါကို ကျွန်တော် ပြောပြချင်ပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းရေးလို့ ပြောရင် စက်ရုံဆောက်လုပ်ရေးလုပ်ငန်းခွင် အားလုံးဟာ MOM နဲ့ ရှောင်လွှဲလို့ မရဘူး။ MOM က ထုတ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ဆန့်ကျင်လို့မိရင် ဒဏ်ငွေနဲ့ ထောင်ပါပဲ။ အဲဒီအတွက် MOM ကို စင်ကာပူမှာ လုပ်တဲ့ ကုမ္ပဏီတိုင်းကြောက်ပါတယ်။ MOM က လာစစ်မယ်သာပြောလိုက် အားလုံး ဖိမ့်ဖိမ့်တုန်နေတာပါပဲ။

အဲဒီလို MOM က တရားဝင်သဘောတူခန့်အပ်တဲ့ စစ်ဆေးရေးအရာရှိဆိုတာ ဘယ်လောက်အရှိန်အဝါကြီးလိုက်မလဲ။ စဉ်းစားသာကြည့်ပါတော့။ ကျွန်တော်တို့ လုပ်ငန်းခွင်ကို MOM လာမယ်ဆိုတုန်းကလဲ ကြိုပြီး ပြင်ရဆင်ရတာ မလာခင်နေ့တွေကတည်းကပေါ့။

သူငယ်ချင်းကို MOM က သဘောတူခန့်အပ်တဲ့ လက်မှတ်သက်တမ်းက ၆၅ နှစ်တဲ့။ လုပ်သာစားပေတော့ပေါ့။ ဒါပေမဲ့ ပေးထားတဲ့ ရာထူးနဲ့ညီအောင် ယူရတဲ့တာဝန်ကလဲ ကြီးပါတယ်။ အဲဒီအရာရှိက Pass ဆို အလုပ်ဆက်လုပ်ခွင့်ရပေမဲ့ အဲဒီလိုလုပ်နေရင်း တစ်ခုခုပြဿနာတက်ပြီဆိုရင် Pass ပေးတဲ့ အရာရှိက အရင်ရှင်း၊ အခန့်မသင့်ရင် ထောင်ပါ ကျနိုင်သေးတယ်။

သူငယ်ချင်းဟာ သူ့ကိုခန့်ထားတဲ့ ကုမ္ပဏီက လစာကိုစားပေမဲ့ သူဟာ MOM ရဲ့ အသိအမှတ်ပြု စစ်ဆေးရေးအရာရှိပါ။ Q.C အရာရှိပါ။ သူတို့ကုမ္ပဏီကို အပြင်က ကုမ္ပဏီကငှားရင် သူက MOMကိုယ်စား၊ သူ့ကုမ္ပဏီကိုယ်စား သွားစစ်ရတယ်။ သူစစ်လို့ Pass ဖြစ်ရင် အလုပ်ဆက်လုပ်လို့ ရပြီပေါ့။

ကျွန်တော်နဲ့ ပြန်တွေ့တဲ့နေ့က သူဟာ ကျွန်တော်တို့နဲ့ တွဲလုပ်နေတဲ့ ကုမ္ပဏီကြီးက ရေနွေးငွေ့ပိုက်လိုင်းကို လာစစ်တာပါ။ အဲဒီကုမ္ပဏီဟာ ကျွန်တော်တို့ Site မှာ Sub Contractor (Sub con) ပါ။ ကျွန်တော်တို့ ကုမ္ပဏီလို လက်အောက်ခံကုမ္ပဏီပါ။ ကျွန်တော်တို့ ကုမ္ပဏီတွေအထက်က Main Contractor ဆိုတဲ့ အဓိကကုမ္ပဏီတစ်ခုရှိတယ်။ Main Con လို့ ခေါ်တယ်။ Sub con တွေရဲ့ အလုပ်မှန်သမျှ Main Con က ရှင်းရ၊ တာဝန်ယူရ၊ ညွှန်ကြားရတယ်။ Main Con က ငှားထားတဲ့ Sub Con ကိုး။

ဒီတော့ Sub con က ပိုက်လိုင်းကို အစစ်ခံဖို့ Main Con က စစ်ဆေးရေးအရာရှိကို စီစဉ်ပေးရတယ်။ စစ်ဆေးပေးသူက MOM က သဘောတူခန့်အပ်တဲ့ ကျွန်တော့်သူငယ်ချင်း။

ကျွန်တော့်သူငယ်ချင်းကို Main Con က သူလာမဲ့နေရာထိကားလွှတ်ကြိုပါတယ်။ ပြန်ပို့ပေးပါတယ်။ သူစစ်ဆေးမဲ့နေရာမှာ Main Con က ဝန်ထမ်းတွေ၊ Sub con က အင်ဂျင်နီယာတွေ၊ ကြီးကြပ်ရေးမှူးတွေ ဝိုင်းဝိုင်းလည်လို့။

သူငယ်ချင်းက အဲဒီရေနွေးငွေ့ပိုက်လိုင်းရဲ့ဖိအားအတက်အကျကို ဂရပ်ဖ်နဲ့စစ်တယ်။ လိုသလို မရသေးရင် သူ့ခုံမှာပြန်ထိုင်ပြီး Main con, Sub conက ဖိအားညှိနေတာကို အေးအေးဆေးဆေး ထိုင်စောင့်တယ်။ အဲဒါကို သူငယ်ချင်းနဲ့ စကားပြောရင်း သိခဲ့ရပြီး ကျွန်တော်တို့ကုမ္ပဏီက မြန်မာအလုပ်သမားလေးတွေကို ပြောပြတော့ သူတို့သဘောကျလိုက်ကြတာ။

သဘောမကျခံနိုင်ရိုးလား။ မြန်မာတစ်ယောက်ရဲ့ စစ်ဆေးမှုကိုခံပြီး သူ့လက်မှတ်ရဖို့ အဆင်မပြေပြေအောင် ခေါင်းချင်းဆိုင် တီးတိုးတိုင်ပင်၊ အလုပ်ရှုပ်နေကြတာ အိန္ဒိယ၊ တရုတ်၊ ဖိလစ်ပိုင်၊ ဂျပန်၊ ဘင်္ဂလားစတဲ့ နိုင်ငံခြားသားတွေလေ။ အဲဒီအချိန်မှာ ကျွန်တော့်သူငယ်ချင်း မြန်မာကတော့ သူ့ထိုင်ခုံမှာ သူထိုင်၊ စစ်ဆေးမှုကျတဲ့ ဂရပ်ဖ်စာရွက်လိပ်ကိုင်ပြီး ထိုင်စောင့်နေတာ။ ဒါကိုမြင်ရတဲ့ သူများနိုင်ငံမှာ အောက်ကျို့လုပ်နေရတဲ့ မြန်မာအလုပ်သမားလေးတွေ အားရပါးရရှိလိုက်တာကွာ။ သူတို့ကို ပြောပြရတဲ့ ကျွန်တော်လဲ သူငယ်ချင်းအတွက် ဂုဏ်ယူမဆုံးပေါ့ကွာ။

အလုပ်သမား ကောင်ကလေးတစ်ယောက်က တောင် ပြောတယ်။ **"ကျွန်တော်တို့ မြန်မာတွေထဲမှာ အဲဒီလိုရှိတာ သိပ်ကောင်းတာပဲဗျာ"**တဲ့။ တချို့ဆို သူငယ်ချင်း အဲဒီလိုဘဝ ဘယ်လိုရောက်သွားလဲ တောင်မေးလို့ ကျွန်တော် ရှင်းပြခဲ့ပါတယ်။

ပိုပြီး ကျေနပ်စရာကောင်းတာက သူငယ်ချင်း သွားစစ်ပြီးတဲ့ တချို့ကုမ္ပဏီတွေဆို သူ့ကြောင့် မြန်မာတွေကို ပိုပြီးခန့်လာတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ သူငယ်ချင်းလာရင် မြန်မာတွေရှိတဲ့ ကုမ္ပဏီမို့ မြန်မာချင်းပြောရင် ပိုအဆင်ပြေမယ်လို့ ယူဆလို့လေ။

သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်း နားနိုင်တယ်တဲ့။ ကရင်လူမျိုး။ မြန်မာတစ်ယောက် နိုင်ငံရပ်ခြားမှာ ထွန်းတောက်နေတာ ကျွန်တော်တို့မြန်မာတွေအတွက် အားတက်စရာပါ။ **ဟိုတုန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးထိ တက်ယူခဲ့တာလဲ ဦးသန့်ဆိုတဲ့ မြန်မာတစ်ယောက်ပါပဲ။ အာရှတိုက်မှာ ရေကြောင်းပညာရပ်မှာ အထူးချွန်ဆုံး ပညာရှင်ဖြစ်တဲ့ ဦးမောင်မောင်လေးနဲ့ ပညာရပ်ဆိုင်ရာ ထူးချွန်သူ ဒေါက်တာညီညီတို့ဟာလဲ မြန်မာလူမျိုးတွေပါပဲ။** ပြောရမယ်ဆိုရင်တော့ မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာ၊ စံနမူနာယူစရာ ပညာရှင်တွေ ထွန်းကားပွားများနေကြတာ မြောက်မြားစွာရှိပါတယ်။

နိုင်ငံခြားမှာ အလုပ်လုပ်နေတဲ့ ကျွန်တော်တို့လို မြန်မာတွေအတွက် မြန်မာတစ်ယောက် လူမျိုးခြားတွေကြားမှာ ထွန်းတောက်နေတာဟာ တကယ့်ကို ဂုဏ်ယူစရာပါပဲကွာ။

ကိုယ့်နိုင်ငံထဲမှာနေရင်းနဲ့ တော်အောင် ထွန်းတောက်အောင် လုပ်နိုင်တဲ့ မြန်မာတွေရှိသလို ကိုယ့်နိုင်ငံရဲ့ အဝေးကိုရောက်တော့လဲ ထွန်းတောက်နေတဲ့ မြန်မာတွေ ဒုနဲ့ဒေး ရှိနေပါသေးတယ်ဆိုတာ မီးမောင်းထိုးပြချင်လို့ ဒီဆောင်းပါးကို ရေးလိုက်ရတာပါပဲ။

ဘယ်မှာပဲနေနေ၊ ဘယ်ကိုပဲရောက်ရောက်၊ ဘယ်ရေပဲသောက်သောက် ထွန်းတောက်တဲ့ မြန်မာတစ်ယောက် အမြဲဖြစ်အောင် ကြိုးစားနိုင်ပါစေ။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် နှမ်း ၄၁၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ နှမ်း ၄၁၁၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ အသိပညာ ပေးနေပါတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် နွေနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ် ဇီးတောစုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**ဟသ်ာတ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ခေါင်းဆေးကျွန်းကျေးရွာအုပ်စု ဇီးတောစုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဇီးတောစုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး စနစ်တကျ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဇီးတောစုကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၅၀၀၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရ ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မတ် ၆ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ပြောပြ၍ သိရသည်။ **ဇင်မာ**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပုစွန်အစုံပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပုစွန်အစုံ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ပုစွန်အစုံ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ပုစွန်အစုံပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များ ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



''ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ပုစွန်အစုံပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ အများအပြား တင်ပို့ရောင်းချနေရတော့ ရေထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချတဲ့သူတွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်''ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၂၃၅၀၀ မှ ၂၇၀၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀မှ ၂၅၅၀၀၊ ပုစွန်ပြောင်တုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀မှ ၆၅၀၀၀ စသည်ဖြင့် လတ်ဆတ်မှုနှင့် အရွယ်အစားပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နမ့်စန်မြို့နယ် ဝမ်ချယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် မတ် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ဝမ်ချယ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝမ်ချယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း မတ် ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၁၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကော်မတီဝင်များနှင့်အတူ ပုလဲကုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ အပေါ်လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

# အမေရိကန်ရေတပ်၏ အုပ်ချုပ်ထောက်ပံ့မှုစနစ်များကို ရိုက်ချိုးသွားမည့် တရုတ်နိုင်ငံထုတ် YJ-18C ဒုံးကျည်

တရုတ်နိုင်ငံအနေဖြင့် YJ-18C ခရုဇ်ဒုံးကျည်ကို ထုတ်ဖော်ပြသလိုက်ခြင်းသည် အမေရိကန်ရေတပ်၏ တိုက်ခိုက်ရေးအုပ်စုများကို တိုက်ခိုက်သည်ထက် အုပ်ချုပ်ထောက်ပံ့မှုကို တဖြည်းဖြည်းခြင်း အမှည့်ခြွေခြွေသွားရန် ဒီဇိုင်းရေးဆွဲထားသည့် ဈေးနှုန်းချိုသာသော ကိုယ်ပျောက်လက်နက်များ ထုတ်လုပ်သွားမည့် စစ်ဘက်ဆိုင်ရာအရွေ့ကို ထင်ဟပ်ပေါ်လွင်လာစေလျက်ရှိသည်။

တရုတ်နိုင်ငံတောင်ပိုင်း နံနက်ခင်း သတင်းစာ (SCMP)က တရုတ်တပ်မတော်သည် ပြင်းထန်သော ပဋိပက္ခတစ်ခုအတွင်း အမေရိကန်ရေတပ်၏ အားနည်းချက်ရှိသည့် အုပ်ချုပ်ထောက်ပံ့မှုစနစ်ကို အမြတ်ထုတ်အသုံးချသွားရန် ရည်မှန်းလျက် ၎င်း၏ အသစ်တည်ဆောက်ထားသော YJ-18C အမျိုးအစား မြေပြင်တိုက်ခိုက်ရေး ခရုဇ်ဒုံးကျည်ကို ဈေးနှုန်းချိုသာသည့် သင်္ဘောဖျက်ဒုံးကျည်အဖြစ်သို့ ပြောင်းလဲတည်ဆောက်သွားရန် စဉ်းစားသုံးသပ်နေကြောင်း ဖော်ပြထားသည်။

မြန်နှုန်းမြင့် YJ-18C ဒုံးကျည်ကို ကိုယ်ပျောက်စွမ်းရည်၊ ရောက်ရှိမှုအကွာအဝေးမြှင့်တင်ရန်နှင့် အမြောက်အမြား လွယ်ကူစွာထုတ်လုပ်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသဖြင့် စစ်ရေယာဉ်စုများကို တိုက်ခိုက်ချေမှုန်းရန်ထက် စစ်ပွဲကို အမှည့်ခြွေခြွေသွားရန် သင့်တော်လျက်ရှိသည်။ တရုတ်နိုင်ငံပိုင် သင်္ဘောတည်ဆောက်ရေးကော်ပိုရေးရှင်း(CSSC)က YJ-18C ဒုံးကျည်သည် ပို့ဆောင်ရေးသင်္ဘော ချေမှုန်းရေးလက်နက်အဖြစ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည့်အတွက် အစောင့်အရှောက် အပြည့်အဝလိုက်ပါလာသော လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအုပ်စုထက် အကာအကွယ်နည်းပါးသော အမေရိကန်ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးသင်္ဘောများကိုသာ ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဖြစ်သည်။

အသံထက်မြန်နှုန်း သုည ဒသမ ၈ဆ(Mach 0.8) နှုန်းဖြင့် အကွာအဝေးကီလိုမီတာ ၁၀၀၀ ထိ ပျံသန်းနိုင်သည့် YJ-18C ဒုံးကျည်သည် အမေရိကန်ရေတပ်၏ AGM-158C အမျိုးအစား တာဝေးပစ်သင်္ဘောဖျက်ဒုံးကျည်(LRASM)နှင့် စွမ်းဆောင်ရည် နှိုင်းယှဉ်နိုင်စွမ်းရှိသည်။ ၎င်းဒုံးကျည်ကို ရေငုပ်သင်္ဘောများ၊ ရေပြင်သွား သင်္ဘောများအပြင် အရပ်ဘက်သုံး ပလက်ဖောင်းများမှလည်း ပစ်လွှတ်နိုင်ရန် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားသည်။

YJ-18C ဒုံးကျည်၏ အဆိုပါစွမ်းဆောင်ရည်များသည် သက်တမ်းလွန်စစ်ရေယာဉ်စုများ၊ သင်္ဘောတည်ဆောက်မှုစွမ်းဆောင်ရည် ကျဆင်းလာမှုများနှင့် ကာလရှည်ကြာဖြစ်ပွားနေသော အမေရိကန်-တရုတ် ပဋိပက္ခတွင် အားနည်းချက်ဖြစ်နေသည့် ပင်လယ်ရေကြောင်းဆိုင်ရာ အုပ်ချုပ်ထောက်ပံ့မှုတို့ကြောင့် စိုးရိမ်ပူပန်မှုဖြစ်နေသည့် အမေရိကန်စစ်ရေးသုံးသပ်သူများအပေါ် မဟာဗျူဟာမြောက် သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

အနိမ့်ပျံဒုံးကျည်များသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ခြေရာခံရန်နှင့် ကြားဖြတ်တိုက်ခိုက်ရန် အခက်အခဲဖြစ်ပေါ်စေသည့်အတွက် ရေဒါဖမ်းယူရန်နှင့် ပြန်လည်တုံ့ပြန်ရန် အခက်အခဲဖြစ်ပေါ်စေမည်ဖြစ်သည်။ ၎င်းဒုံးကျည်များ၏ ပဲ့ထိန်းစနစ်များသည် လမ်းကြောင်းမှန်အတိုင်း သွားလာနိုင်ခြင်း၊ ပစ်မှတ်ကို ပြန်လည် ချိန်ရွယ်နိုင်ခြင်းတို့ကြောင့် ပုံသေပစ်မှတ်နှင့် ရွေ့လျားပစ်မှတ်များကို တိကျစွာ ပစ်ခတ်ချေမှုန်းနိုင်စွမ်းရှိသည်။ ဈေးနှုန်းမြင့်မားသည့် အသံလွန်ဒုံးကျည် YJ-21 နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းသက်သာသည့် ခရုဇ်ဒုံးကျည်များကို အရေအတွက် မြောက်မြားစွာ ထုတ်လုပ်တပ်ဖြန့်ချထားနိုင်သောကြောင့် နေရာအနှံ့ တင်းပြည့်၊ ကျပ်ပြည့် တိုက်ခိုက်နိုင်မည်ဖြစ်သည့်အတွက် ကာကွယ်ရေးစနစ်များကို လွှမ်းခြုံထိုးဖောက်နိုင်မည်ဖြစ်သည်။

ဝေဟင်၊ ရေပြင်နှင့် ကုန်းမြေအခြေစိုက် ပလက်ဖောင်းများမှ လိုက်လျောညီထွေ ပစ်ခတ်အသုံးပြုနိုင်သော ၎င်းဒုံးကျည်များသည် ခြိမ်းခြောက်မှုများကို ကာကွယ်နိုင်စွမ်းရှိစေသည်။ ထို့ပြင် ဈေးနှုန်းချိုသာသည့် မြန်နှုန်းမြင့် ခရုဇ်ဒုံးကျည်များသည် ပစိဖိတ်ပဋိပက္ခ၌ ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ အကြောင်းမူကား ၎င်းဒုံးကျည်များသည် ပြင်းထန်




တရုတ်နိုင်ငံထုတ် YJ-18C ဒုံးကျည်။

သော ပဋိပက္ခကာလအတွင်း ပစ်စွမ်းအားကို ဆက်လက် ထိန်းသိမ်းထားနိုင်သောကြောင့်ပင်ဖြစ်သည်။

ထို့ပြင် ဈေးနှုန်းချိုသာပြီး အမြောက်အမြား ထုတ်လုပ်နိုင်သော ခရုဇ်ဒုံးကျည်များသည် ပုံဖျက်ဖုံးကွယ်နိုင်ခြင်း၊ ရွေ့ပြောင်းနိုင်ခြင်းနှင့် ထိခိုက်မှုပြင်းထန်ခြင်းတို့ကြောင့် တပ်ဖွဲ့များကို စစ်ရေယာဉ်များ၊ လေတပ်အခြေစိုက်စခန်းများ၊ ထောက်ပံ့ရေးကွင်းဆက်များအပေါ် လွှမ်းမိုးနိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)အရေး၌ ဈေးနှုန်းချိုသာသော ဒုံးကျည်များနှင့် ဒရုန်းများ အသုံးပြုကာ ပြည်ပမှ ဝင်ရောက်စွက်ဖက်လာသူများကို အင်အားချည့်နဲ့အောင် ချေမှုန်းသွားနိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံက တိုက်ပွဲအတွင်း အားသာချက်သည် ဒုံးကျည်အရေအတွက် အမြောက်အမြား ဖြန့်ကြက်နိုင်မှုအပေါ် မူတည်လျက်ရှိကြောင်း ကောက်ချက်ချထားသည်။

ထို့ပြင် YJ-18C ဒုံးကျည်သည် Zhongda 79 ကဲ့သို့သော ကုန်တင်သင်္ဘောများပေါ်တွင်လည်း ပုံဖျက်သယ်ယူနိုင်စွမ်းရှိသောကြောင့် နည်းဗျူဟာမြောက် တိုက်ပွဲအားသာချက်ရှိနေသည်။ Zhongda79 သည် ဒေါင်လိုက် ဒုံးကျည်ပစ်လွှတ်စင် ၆၀ ထိ ပုံဖျက်သယ်ဆောင်နိုင်စွမ်းရှိသည်။ နည်းဗျူဟာအရ ကုန်တင်သင်္ဘောများတွင် ပုံဖျက်သယ်ဆောင်လာသော ဒုံးကျည်များသည် မမျှော်လင့်သောနေရာမှ အနိမ့်ဆုံးသတိပေးချက်ဖြင့် ပစ်ခတ်နိုင်သောကြောင့် ရန်သူအနေဖြင့် ခြေရာခံရန်၊ ပစ်မှတ်သတ်မှတ်ရန်နှင့် ကာကွယ်ရန် အချိန်ကန့်သတ်ချက် ဖြစ်ပေါ်စေမည်ဖြစ်သည်။ ထိုသို့ ရုတ်ခြည်းတိုက်ခိုက်နိုင်ခြင်းသည် လေကြောင်းကာကွယ်ရေးစနစ်များကို ကမောက်ကမဖြစ်စေသည်။

တာဝန်ထမ်းဆောင်ရာ၌ လက်နက်တပ်ဆင်ထားသော ကုန်တင်သင်္ဘောများသည် တိုက်ခိုက်မှုစွမ်းဆောင်ရည်အထောက်အကူ ဖြစ်စေသည့်အပြင် ပြိုင်ဘက်နိုင်ငံများကိုလည်း ရန်လိုသည့်သင်္ဘောနှင့် ကုန်တင်သင်္ဘောများကို ခွဲခြားရန် အခက်အခဲဖြစ်စေမည်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ကာကွယ်ရေးစနစ်များကို ဟန့်တားနှောင့်ယှက်သည့် စစ်အခြေခံသဘောတရားကို ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသည်။ သို့သော် ဒုံးကျည်များကို ထိရောက်စွာအသုံးပြုနိုင်မှုသည် ထောက်လှမ်း၊ စောင့်ကြည့်၊ ကင်းထောက်(ISR)နိုင်မှု အရည်အသွေးအပေါ် မူတည်နေသည်။

ကာကွယ်ရေးစနစ်များ ဟန့်တားနှောင့်ယှက်မှုစစ်ဆင်ရေးအပေါ် တရုတ်နိုင်ငံ၏ ချဉ်းကပ်မှုသည် ပလက်ဖောင်းတစ်ခု သို့မဟုတ် တပ်ဖွဲ့တစ်ခုထက် တာဝန်ထမ်းဆောင်မှုဆိုင်ရာစနစ်များကြား ယှဉ်ပြိုင်မှုအဖြစ် ရှုမြင်ထားရှိသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် ကွပ်ကဲမှုနှင့်ထိန်းချုပ်မှု၊ ISR၊ အုပ်ချုပ်ထောက်ပံ့မှု၊ သတင်းအချက်အလက်ကွန်ရက်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုသည့် အရေးပါသောအစိတ်အပိုင်းများကို ဟန့်တားနှောင့်ယှက်ခြင်းဖြင့် ပြိုင်ဘက်ရန်သူကို အင်အားချည့်နဲ့အောင် လုပ်ဆောင်သွားရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် တပ်ဖွဲ့များ မထိခိုက်သေးသည့်တိုင်အောင် ရန်သူ၏ ကာကွယ်ရေးစနစ်များ ပြိုလဲသွားစေမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ပြိုင်ဘက်၏ ပေါင်းစပ်စနစ်များ အင်အားချည့်နဲ့စေရန် အချိုးမညီ တိုက်ခိုက်ရန်၊ အသုံးပြုနေသောစနစ်အလိုက် သက်ရောက်မှုရှိစေရန်ရည်မှန်းလုပ်ဆောင်နေပြီး အထူးသဖြင့် တရုတ်(တိုင်ပေ)အရေးတွင် အမေရိကန်တပ်မတော်ကို တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်သည်။ YJ-18C ဒုံးကျည်သည် ပြိုင်ဘက်တပ်ဖွဲ့၏ ချိတ်ဆက်မှုကို ပစ်မှတ်ထားလျက် ကာကွယ်ရေးစနစ်ကို ဟန့်တားနှောင့်ယှက်သွားမည်ဖြစ်သည်။

YJ-18C ဒုံးကျည်သည် လေယာဉ်တင်သင်္ဘောများကို ချေမှုန်းတိုက်ခိုက်ရန် အလေးထားသည်ထက် အမေရိကန်တို့ ကာလရှည်ကြာ တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူပြုစေမည့် အုပ်ချုပ်ထောက်ပံ့ရေးသင်္ဘောများ၊ ရေတပ်သုံးလေယာဉ်များ၊ ဆီဖြည့်သင်္ဘောများ၊ နောက်ပိုင်းရှိ ပင်လယ်ရေကြောင်းစစ်ရေယာဉ်များကို ဟန့်တာနှောင့်ယှက်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းရေးဆွဲ တည်ဆောက်ထားခြင်းဖြစ်သည်။ ၎င်းဒုံးကျည်၏ မြန်နှုန်းမြင့် ပျံသန်းနိုင်မှု၊ တာဝေးပျံသန်းနိုင်မှုနှင့် အမြောက်အမြား ထုတ်လုပ်နိုင်မှုတို့သည် ကွက်ပြည့်လွှမ်းခြုံ တိုက်ခိုက်ချေမှုန်းနိုင်ပြီး အာရုံခံစနစ်များ၊ ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုများ၊ ကာကွယ်ရေးဒုံးကျည်များကို တစ်ပြိုင်တည်း တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သည်။ YJ-18C ဒုံးကျည်သည် အမေရိကန်ရေတပ်၏ တိုက်ခိုက်ရေးစနစ် စွမ်းဆောင်ရည်များကို ပြိုလဲစေမည်ဖြစ်သည့်အတွက် ပြင်းထန်သောတိုက်ပွဲများ ဆင်နွှဲရန်မလိုဘဲ အောင်မြင်မှုများရရှိမည်ဖြစ်သည်။

သို့သော် တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ) အရေးနှင့်စပ်လျဉ်း၍ အမေရိကန်နှင့် ပဋိပက္ခဖြစ်ပွားလာသည့်အချိန်၌ ဒုံးကျည် အလုံအလောက် ထုတ်လုပ်နိုင်ရေးအတွက် အခက်အခဲနှင့် ရင်ဆိုင်သွားရဖွယ်လည်းရှိနေသည်။ တရုတ်နိုင်ငံအနေဖြင့် ခရုဇ်ဒုံးကျည်များကို သတ်မှတ်ပမာဏအတိုင်း ထုတ်လုပ်နိုင်သည့်တိုင်အောင် အမြောက်အမြား ထုတ်လုပ်မှုသည် ဖွဲ့စည်းမှုပိုင်းဆိုင်ရာ၌ စိန်ခေါ်မှုများဖြစ် ပေါ်လာနိုင်သည်။ ဆိုရလျှင် ဗဟိုချုပ်ကိုင်မှုများ၊ ကုန်ထုတ်လုပ်မှုနှင့် ပေါင်းစပ်အဆောက်အအုံလိုအပ်ချက်များ၊ အထူးသဖြင့် လမ်းညွှန်စနစ်များ ထိန်းချုပ်ကိုင်တွယ်မှု၊ ကျည်ထိပ်ဖူးတပ်ဆင်မှု၊ ပစ္စည်းလိုအပ်ချက် စသည့်အားနည်းချက်များ ရှိလာနိုင်သည်။ တရုတ်နိုင်ငံအနေဖြင့် အရပ်ဘက်ဆိုင်ရာ သီးသန့်အခြေခံအဆောက်အအုံများ၊ ဒစ်ဂျစ်တယ် အုပ်ချုပ်ထောက်ပံ့မှုကွန်ရက်တို့အပေါ် မှီခိုအားထားနေမှုအပြင် အဆင့်မြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ တင်သွင်းနေရမှုများသည် စွန့်စားရနိုင်ခြေရှိသည့် အကျပ်အတည်း ဖြစ်ပေါ်လာနိုင်သည်။

အထူးသဖြင့် အမြောက်အမြားထုတ်လုပ်မှုသည် ထိရောက်သော အရပ်ဘက်- စစ်ဘက် ပေါင်းစပ်ဆောင်ရွက်မှုနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်မှုတို့အပေါ်တွင် များစွာ မူတည်လျက်ရှိသည်။ ထိုသို့ မှီခိုအားထားခြင်းသည် တိုက်ခိုက်မှု သို့မဟုတ် ဟန့်တားနှောင့်ယှက်မှုနှင့် ကြုံတွေ့ရပြီး ရေရှည်ထုတ်လုပ်မှုတို့အပေါ် ကန့်သတ်ချက် ဖြစ်ပေါ်နိုင်သည်။ အဆိုပါ ကန့်သတ်ချက်များသည် တရုတ်နိုင်ငံ၏ ခရုဇ်ဒုံးကျည်ဗဟိုပြုသော မဟာဗျူဟာကို ယုတ်လျော့စေနိုင်ပြီး ပဋိပက္ခ ကာလရှည်ကြာလာခြင်းသည် အားနည်းချက်များ ဖြစ်ပေါ်လာစေနိုင်သည်။

ဆိုရလျှင် စက်မှုလုပ်ငန်းပိုင်းဆိုင်ရာ ကန့်သတ်ချက်များသည် ပဋိပက္ခကို ကာလကြာရှည်ဖြစ်ပေါ်စေသည့်တိုင်အောင် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ အုပ်ချုပ်ထောက်ပံ့မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို ချေမှုန်းနိုင်သော ကာကွယ်ရေးစနစ်များနှင့် ဟန့်တားနှောက်ယှက်မှုလုပ်ဆောင်နိုင်ပြီး ဈေးနှုန်းလည်းချိုသာသည့်အပြင် ကိုယ်ပျောက်စွမ်းဆောင်ရည်ရှိသည့် လိုက်လျောညီထွေ အသုံးပြုနိုင်သော ခရုဇ်ဒုံးကျည်များ တည်ဆောက်နေကြောင်းကို YJ-18C ကသက်သေပြလျက်ရှိပေသည်။

**ကိုးကား**

– China's YJ-18 missile reimagined to strike US naval logistics by Asia Times.

**ဝင်းဇင်(သုတေသန)**

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက တန်းဆင်းဇုန်ကရုန်းထွက်ဖို့ကြိုးပမ်းနေတဲ့ ဘန်လေအသင်း၊ ဝါဒါဘရီမင်အသင်း၊ လီဗန်တေးအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ရာသီပိတ်သိမ်းဖို့ နီးကပ်လာတာကြောင့် ရမှတ်လိုအပ်ချက်ရှိတဲ့အသင်းတွေဟာ အသင်းကြီးတွေကိုတောင် ပြန်လည်တုံ့ပြန်ပြီး ရေကုန်ရေခန်းကစားလာတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ရက်သတ္တပတ် စနေနေ့ညမှာတော့ အိမ်ရှင်အသင်းတွေ အများစုရလဒ်ကောင်းခဲ့ပေမဲ့ စီးရီးအေက အင်တာမီလန်အသင်းနဲ့ ပရီးမီးယားလိဂ်က ချဲလ်ဆီးအသင်းတို့ ပြိုင်ဘက်တွေကို အိမ်ကွင်းမှာ ရမှတ်ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုသိပ်မရှိပေမဲ့ တန်းဆင်းဇုန်ကအသင်းတွေ ထိပ်တိုက်တွေ့နေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာဖြစ်ပြီး အဲဒီထဲက အသင်းလိုက်ကစားအားကောင်းတဲ့အသင်းတွေကို ဦးစားပေးရွေးချယ်မှာဖြစ်ပါတယ်။ ဒါကြောင့် စနေနေ့ညကစားမဲ့ပွဲစဉ်တွေထဲက ပရီးမီးယားလိဂ်က ဘန်လေ၊ ဘွန်ဒက်လီဂါက ဝါဒါဘရီမင်နဲ့ လာလီဂါက လီဗန်တေးတို့ကို ရွေးချယ်သွားမှာပါ။

### ဘန်လေအသင်းရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ် (၃၁) မှာ အကြိုက်တွေ့တာကတော့ ဖူလ်ဟမ်အသင်းနဲ့ ဘန်လေအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ နည်းပြမားကိုစ်ဆေးဗားလက်ထက်မှာ ပုံစံကောင်းပြန်လည်ရရှိခဲ့တာကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီတိုင်းမှာ တန်းဆင်းဇုန်ဖိအားအောက်က လွတ်မြောက်ခဲ့သလို အခုရာသီမှာလဲ ပွဲစဉ် ၃၀ အပြီးမှာ ရမှတ် ၄၁ မှတ်ရခဲ့တာကြောင့် တန်းဆင်းဇုန်ဖိအားမရှိတော့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပထမရာသီဝက်ကာလမှာ ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့ပေမဲ့ ဒုတိယရာသီဝက်မှာတော့ တိုက်စစ်ပိုင်းကစားအားကျဆင်းသွားတာကြောင့် ရလဒ်ပိုင်းတည်ငြိမ်မှုမရှိတော့တာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာတော့ စပါး၊ ဆန်းဒါးလန်းအသင်းတို့ကို အနိုင်ရခဲ့ပေမဲ့ ဝက်စ်ဟမ်း၊ ဆောက်သမ်တန်၊ နော်တင်ဟမ်တို့ကို နိုင်ပွဲမရခဲ့ဘဲ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ နည်းပြမားကိုစ်ဆေးဗားရဲ့ ၄-၂-၃-၁ ကစားကွက်မှာ ကွင်းလယ်အားနည်းချက်ရှိတာကြောင့် တန်ပြန်တိုက်စစ်ကောင်းတဲ့ အသင်းတွေနဲ့ဆို အလွယ်တကူဂိုးပေးနေရတာဖြစ်လို့ ဘန်လေနဲ့ပွဲမှာလဲ တိုက်စစ်ဖွင့်ကစားမယ်ဆိုရင် ရမှတ်ခွဲပေးရဖို့များမှာပါ။

ဘန်လေအသင်းဟာ ပွဲစဉ် ၃၀ အပြီးမှာ ရမှတ် ၂၀ သာရရှိခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁၉) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုနှစ်မှ တန်းတက်လာတာကြောင့် ပရီးမီးယားလိဂ်မှာ ဆက်လက်ကစားခွင့်ရဖို့ ကစားသမားဖြည့်တင်းမှုတွေလုပ်ခဲ့ပေမဲ့ အသင်းလိုက်ကစားအားမရှိလို့ ခြေရည်တူအသင်းတွေကိုတောင် အရှုံးပေးခဲ့ရတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ ငါးပွဲဆက်မှာတော့ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ချဲလ်ဆီး၊ ဘုန်းမောက်တို့လို တိုက်စစ်ကောင်းတဲ့အသင်းတွေကို ရမှတ်ခွဲယူနိုင်တဲ့ခြေစွမ်းက အားရစရာဖြစ်တာကိုသတိပြုရမှာပါ။ အခုပွဲမှာလဲ ပြီးခဲ့တဲ့ဘုန်းမောက်နဲ့ပွဲစဉ်ကအတိုင်း တိုက်စစ်ဖွင့်မကစားဘဲ ခံစစ်အားပြုကစားလာမယ်ဆိုရင်တော့ ရမှတ်ရှာဖွေနိုင်မှာသေချာပြီး ဘန်လေအသင်းဟာ ဖူလ်ဟမ်နဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ အဝေးကွင်းသုံးပွဲဆက်မှာ ရှုံးပွဲမရှိတာကြောင့် အခုပွဲမှာ ဘန်လေအသင်းပဲရလဒ်ကောင်းမှာပါ။

### ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆန်းဒါးလန်း | ၁ | - | ၃ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၂ | - | ၁ | စပါး |
| ဖူလ်ဟမ် | ၀ | - | ၁ | ဝက်စ်ဟမ်း |
| ဖူလ်ဟမ် | ၀ | - | ၁ | ဆောက်သမ်တန် |
| နော်တင်ဟမ် | ၀ | - | ၀ | ဖူလ်ဟမ် |

### ဘန်လေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၁ | - | ၂ | မန်ဖီးလ် |
| ချဲလ်ဆီး | ၁ | - | ၁ | ဘန်လေ |
| ဘန်လေ | ၃ | - | ၄ | ဘရန့်ဖို့ဒ် |
| အဲဗာတန် | ၂ | - | ၀ | ဘန်လေ |
| ဘန်လေ | ၀ | - | ၀ | ဘုန်းမောက် |

### ဝါဒါဘရီမင်အသင်းကို ရွေးရမှာပါ

စနေနေ့ညကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ် (၂၇) မှာ အကြိုက်တွေ့တာကတော့ တန်းဆင်းဇုန်ကလွတ်ဖို့ကြိုးပမ်းနေရတဲ့ ဝုဖ်ဘတ်နဲ့ ဝါဒါဘရီမင်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဖ်ဘတ်အသင်းဟာ အမှတ်ပေးပွဲ ၁၇ ပွဲအပြီးမှာ ရမှတ် ၂၁ မှတ်သာရခဲ့လို့ အဆင့်(၁၇) တန်းဆင်းဇုန်ထဲရောက်နေတာဖြစ်ပါတယ်။ ဝုဖ်ဘတ်အသင်းဟာ အခုရာသီမှာ ကစားသမားဖြည့်တင်းမှုတွေ ဆက်တိုက်ပြုလုပ်ခဲ့ပေမဲ့ နည်းပြဆိုင်မွန်နစ်လက်ထက်မှာ ရှုံးပွဲတွေများခဲ့တာကြောင့် ပြီးခဲ့တဲ့နိုဝင်ဘာလမှာ နည်းပြဆိုင်မွန်နစ်နဲ့လမ်းခွဲခဲ့ပါတယ်။ နည်းပြသစ်လက်ထက်မှာလဲ ကစားသမားတွေရဲ့ ယုံကြည်မှုပျောက်ဆုံးနေတာကြောင့် နိုင်ပွဲရှာမတွေ့သေးဘဲ ပြီးခဲ့တဲ့ဟော်ဖန်ဟိမ်းနဲ့ပွဲမှာ သရေတစ်မှတ်သာရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ တန်းဆင်းဇုန်ကလွတ်ဖို့ဆိုရင် အခုပွဲကိုနိုင်ပွဲရမှဖြစ်မှာပါ။ ဒါပေမဲ့ ပြိုင်ဘက်ဝါဒါဘရီမင်ကလဲ တန်းဆင်းဇုန်နဲ့ ရမှတ်တစ်မှတ်သာကွာနေတာကြောင့် ရမှတ်ခွဲပေးလို့မရတာကို တွေ့ရမှာပါ။ ဒါကြောင့် နှစ်သင်းစလုံးရမှတ်လိုအပ်ချိန်မှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ ဝါဒါဘရီမင်အသင်းကို ဝုဖ်ဘတ်အသင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မဖြစ်နိုင်ပါဘူး။

ဝါဒါဘရီမင်အသင်းဟာ အရင်က ဘွန်ဒက်လီဂါပြိုင်ပွဲမှာ ခြေစွမ်းပိုင်းကောင်းတဲ့အသင်းတစ်သင်းဖြစ်ပေမဲ့ နောက်ပိုင်းမှာ ကစားသမားကောင်းတွေကို ဆက်လက်မထိန်းသိမ်းနိုင်လို့ တန်းဆင်းခဲ့ရတာကို တွေ့ရမှာပါ။ အခုနှစ်မှာတော့ ခြေစွမ်းပြကစားသမားတွေကို ဆက်လက်ထိန်းသိမ်းခဲ့ပေမဲ့ နည်းပြနဲ့ကစားသမားတွေကြား နားလည်မှုလွဲခဲ့ပြီး တိုက်စစ်ပိုင်းဂိုးရဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ ဝါဒါဘရီမင်အသင်းတိုက်စစ်ဟာ ပွဲစဉ်(၂၆) အပြီးမှာ သွင်းဂိုး ၂၉ ဂိုးသာ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ဒုတိယရာသီဝက်မှာ အသင်းအနေနဲ့ နည်းပြသစ်ပြောင်းလဲခဲ့ပြီး နည်းပြသစ်လက်ထက်မှာတော့ တိုက်စစ်ကစားအားကောင်းလာတာကိုသတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာဆိုရင် တိုက်စစ်ပိုင်းက ခုနစ်ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပေမဲ့ ခံစစ်ကတော့ပေးဂိုးရှစ်ဂိုးထိရှိနေလို့ အခုပွဲမှာ ခံစစ်ပိုင်းပြင်ဆင်လာမှာသာ ဝုဖ်ဘတ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ငါးပွဲဆက်မှာလဲ ဝါဒါဘရီမင်အသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အသာရထားတာကြောင့် အခုပွဲမှာ ဝါဒါဘရီမင်အသင်းကိုပဲရွေးရမှာပါ။

### ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၂ | - | ၂ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၂ | - | ၃ | အော့စ်ဘတ် |
| ဂလာဘတ် | ၄ | - | ၀ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၂ | ဟမ်းဘတ် |
| ဟော်ဖန်ဟိမ်း | ၁ | - | ၁ | ဝုဖ်ဘတ် |

### ဝါဒါဘရီမင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝါဒါဘရီမင် | ၀ | - | ၃ | ဘိုင်ယန်မြူးနစ် |
| စိန့်ပေါ်လီ | ၂ | - | ၁ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၂ | - | ၀ | ဟီဒန်ဟိမ်း |
| ယူနီယံဘာလင် | ၁ | - | ၄ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၀ | - | ၂ | မိန့်ဇ် |

### လီဗန်တေးအသင်း နိုင်ပွဲရမှာပါ

လာလီဂါပွဲစဉ် (၂၉) မှာ အကြိုက်တွေ့တာကတော့ လီဗန်တေးအသင်းနဲ့ အိုဗီဒိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာလဲ လီဗန်တေးအသင်းက အဝေးကွင်းကနေထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ နှစ်ဂိုးပြတ်နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ လီဗန်တေးအသင်းဟာ ၂၈ ပွဲအပြီးမှာ ရမှတ် ၂၃ မှတ်သာရခဲ့တာကြောင့် အဆင့်(၁၉) တန်းဆင်းဇုန်ထဲရောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၁၈) က အယ်ချီအသင်းနဲ့ ရမှတ်နှစ်မှတ်၊ အဆင့်(၁၇) က အလာဗက်အသင်းနဲ့ ရမှတ် ငါးမှတ်သာကွာဟနေတာကြောင့် အခုပွဲကိုနိုင်ပွဲရခဲ့ရင် တန်းဆင်းဇုန်ကလွတ်ဖို့ မျှော်လင့်ချက်ရှိလာမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ခြေစွမ်းပိုင်းထက်မြက်တဲ့ ဗီလာရီးရဲလ်၊ ဘာစီလိုနာအသင်းတို့ကလွဲရင် အလာဗက်ကို နှစ်ဂိုး၊ ဂျီရိုနာကို သရေ၊ ဗယ်လ်ကာနိုကို သရေကစားနိုင်ခဲ့ပါတယ်။ အခုပွဲမှာ အဲဒီပွဲစဉ်တွေက ခြေစွမ်းပိုင်းကစားနိုင်မယ်ဆိုရင်တော့ အိုဗီဒိုလိုခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းကို နိုင်ပွဲရဖို့မခက်ပါဘူး။ လက်ရှိမှာတော့ လီဗန်တေးအသင်းခံစစ်ပိုင်းက တိုးတက်မှုရှိနေသလို လူငယ်ကစားသမားအက်ပီကလဲ နောက်ဆုံးသုံးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အခုပွဲမှာ ခံစစ်ပိုင်းကျဆင်းနေတဲ့ အိုဗီဒိုအသင်းကိုနိုင်ပွဲယူနိုင်မှာ သေချာပါတယ်။

အိုဗီဒိုအသင်းဟာ အခုနှစ်မှ လာလီဂါကို ပထမဆုံးတန်းတက်ခွင့်ရလာတဲ့အသင်းဖြစ်ပေမဲ့ ခြေစွမ်းပြကစားသမားဖြည့်တင်းမှု မလုပ်နိုင်တာကြောင့် အမှတ်ပေးဇယားအောက်ဆုံးမှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းတိုက်စစ်ပိုင်းက လာလီဂါပြိုင်ပွဲမှာ ဂိုးသွင်းအနည်းဆုံးဖြစ်နေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ နည်းပြနှစ်ကြိမ်ပြောင်းလဲခဲ့ပြီး နောက်ဆုံးနည်းပြကတော့ ပြီးခဲ့တဲ့နှစ်ဒီဇင်ဘာလမှာ အသင်းကိုစတင်ကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ဗလင်စီယာကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းပိုင်းကအားရစရာကောင်းပါတယ်။ ဒါပေမဲ့ လီဗန်တေးနဲ့ယှဉ်ရင်တော့ စုဖွဲ့မှုအားနည်းချက်ရှိနေပြီး အဝေးကွင်းတိုက်စစ်ကလဲ ဂိုးရဖို့ခက်ခဲနေတာကြောင့် ခံစစ်ကောင်းတဲ့အိမ်ရှင်လီဗန်တေးကို ပွဲချိန်ပြည့်ယှဉ်နိုင်ဖို့မလွယ်ပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ တိုက်စစ်မြှင့်ကစားလာမဲ့ လီဗန်တေးအသင်းနဲ့ပဲ လက်တွဲရမှာပါ။

### လီဗန်တေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗန်တေး | ၀ | - | ၁ | ဗီလာရီးရဲလ် |
| ဘာစီလိုနာ | ၀ | - | ၃ | လီဗန်တေး |
| လီဗန်တေး | ၂ | - | ၀ | အလာဗက် |
| လီဗန်တေး | ၁ | - | ၁ | ဂျီရိုနာ |
| ဗယ်လ်ကာနို | ၂ | - | ၂ | လီဗန်တေး |

### အိုဗီဒိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၃ | - | ၃ | အိုဗီဒို |
| အိုဗီဒို | ၀ | - | ၁ | အေတီကို |
| ဗယ်လ်ကာနို | ၃ | - | ၀ | အိုဗီဒို |
| အက်စ်ပန်ညို | ၁ | - | ၁ | အိုဗီဒို |
| အိုဗီဒို | ၁ | - | ၀ | ဗလင်စီယာ |

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ငရုတ်ကေအားလုံး ရာနှုန်းပြည့်ခူးဆွတ်ပြီးစီး



**မုံရွာ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ငရုတ်ကေအားလုံး ရာနှုန်းပြည့် ခူးဆွတ်ပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၉၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ငရုတ်များကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ခူးဆွတ်ခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ခူးဆွတ်ပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပိဿာချိန် ၃၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ် ၁၉၉၃ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ငရုတ်ခင်းတွေ လက်ရှိအချိန်မှာ ကေအားလုံး ရာနှုန်းပြည့် ခူးဆွတ်ပြီးစီးပြီဖြစ်ပါတယ်။ ငရုတ်စိုက်ပျိုးမှုအနေနဲ့ ကတော့ အခြေအနေကောင်းမွန်ပါတယ်။ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ငရုတ်ခူးဆွတ်မှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၃၅၈ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၅၄၅ ကေနှင့် ပုလဲမြို့နယ်တွင် ကေ ၉၀ စုစုပေါင်း ၁၉၉၃ ကေတို့ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငရုတ်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက ငါးသလောက် ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ငါးသလောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဆင်ပြေပြေနဲ့ တင်ပို့ရောင်းချနေရပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးသလောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာတော့ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချပေးနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**





## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ


၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသောသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမိ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။








## နာတာရှည်ရောဂါရှင်များ(အသည်း၊ နှလုံး၊ ကင်ဆာ)အားလုံးအတွက်

အနောက်တိုင်းဆေးဝါးများဖြင့် အဆင်မပြေသူများ၊ ဆေးထိုး/ခွဲစိတ်ကြောက်သူများ၊ အသက်အရွယ် ကြီး/ငယ်လွန်းသူများ၊ ရောဂါဆိုးကြီးများ ပူးတွဲခံစားနေရသူများကို အန္တရာယ်ကင်း၊ နိုင်ငံတကာသဘာဝဆေးများ(CAM) အသုံးပြုပြီး စနစ်တကျ ကုသမှုပေးနေပါပြီ။

## မော်ကွန်း အသည်း၊ ကင်ဆာနှင့် နာတာရှည် အထူးကုဆေးခန်း

ပ-၅/၆၈၊ ၄၂ x ၄၄ လမ်းကြား၊ ၆၁ A လမ်း၊ မနော်ရမ္မကစားကွင်းအရှေ့ဘက်၊ မဟာမြိုင်(၂)၊ မန္တလေးမြို့။

ဆေးခန်းဖွင့်ချိန် ။ ။ နံနက် (၉:၀၀)နာရီမှ နေ့လယ်(၁၂:၀၀)နာရီထိ။
၀၉-၆၈၅၀၇၈၂၁၅ သို့ ကြိုတင်ဆက်သွယ် ရက်ချိန်းရယူပါ။

မှတ်ချက် ။ ။ ဆေးမှတ်တမ်းများ ယူလာရပါမည်။


## အများသိစေရန် ကြေညာခြင်း

တံတားဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ လွှစဉ်တန်းရပ်ရှိ ကွင်း/အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၄၅)၊ အိမ်အမှတ်(၆၅၆-က)၊ ဧရိယာ(၀.၂၁၀)ဧကရှိ ဦးငွေသိန်းပါ (၂)ဦး အမည်ပေါက် ဂရန်မြေကွက်အား သားဖြစ်သူ ဦးဝေဖြိုးသျှန်ငွေးမှ "မိသားစုအမွေစီမံခန့်ခွဲမှုစာချုပ်"အရ အမွေဆက်ခံရရှိခဲ့ပါသည်။

အဆိုပါဂရန်မြေကွက်အား ဦးငွေသိန်းပါ (၂)ဦး အမည်ပေါက်မှ ဦးဝေဖြိုးသျှန်ငွေး အမည်ပေါက် ရရှိရန်၊ အမည်ပြောင်းလျှောက်ထားရန်နှင့် ဂရန်သက်တမ်းတိုးလျှောက်ထားရန်အတွက် သက်ဆိုင်ရာရုံးတွင် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုရန် လျှောက်ထားမည်ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်/စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ | |
|---|---|---|
| ဦးဝေဖြိုးသျှန်ငွေး | ဦးသူရိန်ဖလ်မင်း(LL.B) | ဒေါ်ယုယုစိုး(LL.B)(D.B.L) |
| ၉/တတဥ(နိုင်)၁၀၁၁၈၅ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| လွှစဉ်တန်းရပ်၊ အမှတ်(၃)ရပ်ကွက်၊ | ကွက်သစ်ရပ်၊ အမှတ်(၁)၊ | ကွက်သစ်ရပ်၊ အမှတ်(၁)၊ |
| တံတားဦးမြို့။ | တံတားဦးမြို့။ | တံတားဦးမြို့။ |
| | 09-259190206 | 09-402597468 |

## ကျော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကံဆွယ်ကျေးရွာအုပ်စု၊ မြသုခကျေးရွာမြေအတွင်းရှိ မြေကွက်ပိုင်ရှင် ဒေါ်ချိုချိုငွေး(၉/မသန(နိုင်)၀၀၂၀၇၄)မှ မြေကွက်ဝယ်ယူသူအား ရောင်းချသွားမည်ဖြစ်ပါသည်။ မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။

ဒေါ်ချိုချိုငွေး
(မြေကွက်ပိုင်ရှင်)
မြသုခကျေးရွာ

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မလွန်ဂျင်းတန်းရပ်နေ မောင်စိုးမြင့်နိုင် (ဘ) ဦးမောင်ခင်(၉/ခအဇ(နိုင်)၀၀၀၈၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-777339221

## ပျောက်ဆုံးကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ နယ်မြေ(၁)နေ ကြည်အောင်ဝင်း (ဘ) ဦးအိုက်ဆန်(၁/ကမန(နိုင်)၀၅၈၄၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-500911)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-253895513

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ရေပူကုလားကုန်းရွာနေ မောင်အုန်းဗဟာဒူး (ဘ) ဦးဘီစနူးပါ(ရ်)ဆပ်)(၉/မကန(နိုင်)၁၂၆၇၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-675046222

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်နေ သဲစုလွင် (ဘ) ဦးမင်းလွင်(၅/ကဘလ(နိုင်)၀၇၆၃၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-196125)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-400427240

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညည(၂၄)ရပ်ကွက်နေ ဦးအောင်ကျော်သူလတ် (ဘ) ဦးမောင်မောင်လတ်(၉/ကရရ(နိုင်)၀၀၄၅၅၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-667584020

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ မန်နားကျေးရွာ၊ ဟူးမွန်အုပ်စု၊ အားဖိန် (ဘ) ဦးလောင်ပါ(၁၃/လရန(နိုင်)၂၄၂၄၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-650247682

## အဖိုးတန်ရေချိုကို ချွေတာပါ

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

❖ ယနေ့ကမ္ဘာ့ဖြစ်ရပ်များကို ကြည့်ပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအပါအဝင် နိုင်ငံများသည် အခြားသော နိုင်ငံရေးများထက် အမျိုးသားရေးကို ဦးစားပေးဖော်ထုတ်လာကြသည်ကို တွေ့နိုင်...

❖ နိုင်ငံတော်၏ ဘက်စုံအကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းစေရေး "စစ်မှန်သောအမျိုးသားရေးစိတ်ဓာတ်" နိုင်ငံသားတိုင်းတွင် မရှိမဖြစ်ရှိနေကြရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ ၇၅ ကြိမ်မြောက် စိန်ရတု ၃၈ ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဗစ်တာဟို့ဗ်လန်း ပါဝင်ယှဉ်ပြိုင်မည်

ဖလော်ရီဒါ မတ် ၁၉

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပမည့် Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နော်ဝေ ဂေါက်သီးရိုက်ကစားသမား ဗစ်တာဟို့ဗ်လန်းသည် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ဗစ်တာဟို့ဗ်လန်းနှင့်အတူ ပြီးခဲ့သည့် Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသော အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗစ်တာဟို့ဗ်လန်းနှင့် ဂျက်စတင်သောမတ်စ်တို့သည် ပြီးခဲ့သည့် Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နောက်ဆုံးနေ့၏ နောက်ဆုံးကျင်းထိ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရပြီး နှစ်ဦးစလုံးက ချန်ပီယံဆုဖြင့် ထိုက်တန်ကြောင်း ပြသနိုင်ခဲ့သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ❑





ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၉ ရက်တွင် တပ်ကုန်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

# ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၂၀၂ ဒသမ ၅ သိန်းတန်ဖိုးနှင့် လားရှိုးမြို့တွင် ငွေကျပ် ၅၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂

## မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် မတ် ၁၉

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူအသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257